ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ 30, Tuesday August 2016 (၈၆၆၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့အား အိန္ဒိယနိုင်ငံသမ္မတက အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆို

နယူးဒေလီ ဩဂုတ် ၂၉

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဘ်မူခါဂျီးက ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း Rashtrapati Bhavan ၌ ကျင်းပသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

# အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်ဆက်စပ်သည့် နားလည်မှုစာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုးနိုင်

နယူးဒေလီ ဩဂုတ် ၂၉

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ပူးတွဲကြေညာချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။ အဆိုပါထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း ထုတ်ပြန်သော ပူးတွဲကြေညာချက်

၁။ အိန္ဒိယသမ္မတနိုင်ငံ၏သမ္မတ ရှရီပရာနဘ်မူခါဂျီး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဇနီးဖြစ်သူ ဒေါ်စုစုလွင်လိုက်ပါလျက် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗုဒ္ဓဂယာနှင့် အဂရာအပါအဝင် သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအရ အရေးပါသောနေရာများသို့လည်း သွားရောက်ခဲ့ပါသည်။

၂။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အခြားအဆင့်မြင့်အရာရှိများ လိုက်ပါခဲ့ကြပါသည်။ အိန္ဒိယသမ္မတသည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဩဂုတ်လ ၂၉ ရက်နေ့တွင် အိန္ဒိယသမ္မတ၏အိမ်တော် (Rashtrapati Bhavan)၌ တရားဝင် အခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီးနောက် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

၃။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မဟတ္တမဂန္ဒီ၏ အထိမ်းအမှတ် ဂူဗိမာန်သို့ သွားရောက်ဂါရဝပြုခဲ့ပါသည်။

၄။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ရ်မှ နယူးဒေလီမြို့၌ လာရောက်တွေ့ဆုံဂါရဝပြုခဲ့ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အလုပ်သဘောခရီး လာရောက်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ အလုပ်သဘောခရီး လာရောက်မည်ဖြစ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့်အတူ ၎င်း၏ဇနီး Mrs.Ban Soon-taek လည်း အတူလိုက်ပါလာမည်ဖြစ်သည်။

**(သတင်းစဉ်)**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

# ညီညာမှ ပြည်သာ

မြန်မာတို့၏ ကံဇာတာတက်ချိန်သည် လူထုခေါင်းဆောင်၏ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံးစည်းရုံးမိချိန်ဖြစ်သည်။ မျက်မှောက်ကာလမှာ နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း လူထုက ရွေးချယ်တင်မြှောက်ခဲ့သော ပထမဆုံး လူထုအစိုးရဖြစ်သည်။ လူထုခေါင်းဆောင်တို့ တာဝန်ယူ ဆောင်ရွက်နေသော အချိန်ကာလတွင် နိုင်ငံနှင့် လူထုအကျိုးကို အလေး ထားဆောင်ရွက်နေကြသည်ကို လူထုအများစုအသိပင်ဖြစ်သည်။

လူထုအစိုးရက နိုင်ငံတော်နှင့်လူထုအကျိုးကို ရှေးရှုဆောင်ရွက်ကြရာ တွင် ရိုးသားပွင့်လင်းစွာဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် ဆောင်ရွက်ခဲ့ကြရာ အားသာချက်များရှိသလို ပိုမိုအားသာအောင်လည်း ဆောင်ရွက်လျက်ရှိသည်။ အားနည်းချက်များရှိသလို ထိုအားနည်းချက်များ ကိုလည်း ပွင့်ပွင့်လင်းလင်းဖွင့်ဟဝန်ခံ၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ပေး ခြင်းမှာ ရိုးသားခြင်း၏လက္ခဏာပင်ဖြစ်သည်။

ရိုးသားခြင်းသည် ယုံကြည်မှုတည်ဆောက်ခြင်းအတွက် အဓိက လိုအပ်ချက်ဖြစ်၍ အသွင်တူ၊ အသွင်မတူ အဖွဲ့အစည်းများကြားတွင်သာမက ပြည်သူလူထုတစ်ရပ်လုံးအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ဖြစ်စေ သည်။ လူထုအစိုးရ နိုင်ငံ့တာဝန်စတင်ယူသည့်အချိန်မှစ၍ အမြင်မတူ ကွဲပြားခြားနားမှု အမျိုးမျိုးတို့ကို ချုပ်ငြိမ်းစေလိုသောအားဖြင့် အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့ရာ အထူးအားဖြင့် တိုင်းရင်းသားအရေးကို ဦးစားပေးနေသည်ကို တွေ့ရသည်။

တစ်နိုင်ငံလုံး၏ လွတ်လပ်ရေးကိုသာ မျှော်မှန်းခဲ့သောအချိန်က အားလုံးညီညာစွာချီတက်ခဲ့ကြသည်။ မြန်မာဟု ခြုံငုံ၍ခေါ်ဆိုရသော မြန်မာအမျိုးသားအပေါင်းတို့သည် ရာဇဝင်သမိုင်းတွင် မကြုံဖူးအောင် စည်းလုံးခဲ့ကြပေသည်။ ရှမ်းတို့သည်လည်းကောင်း၊ ကရင်၊ ကချင်၊ ချင်းတို့ သည်လည်းကောင်း၊ မွန်၊ ရခိုင်၊ ကယားတို့သည် လည်းကောင်း ကျဉ်းမြောင်း သော လူမျိုးရေးကိုမေ့၍ ကျယ်ပြန့်သောမြန်မာအမျိုးသားရေးကိုသာ လျှင် အဓိကထားခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလက-

"လွတ်လပ်ရေးသည် သူတောင်းစား၏ခွက်ထဲသို့ ပစ်ချခံရသည့် အသပြာကြေးပြားကဲ့သို့ ကျရောက်လာမည့် စွန့်ကြဲခြင်းမျိုးမဟုတ်။ စွန့်စား ကြိုးပမ်း၍ ဆွတ်ယူရမည့်အောင်ပန်းဖြစ်သည်"ဟု ဗိုလ်ချုပ်အောင်ဆန်း က ဆိုခဲ့သည်။

ထိုအောင်ပန်းကို ဆွတ်ယူရန်အတွက် ဆယ်နှစ်လည်းစောင့်၍မနေ။ ငါးနှစ်လည်းစောင့်၍မနေ။ တစ်နှစ်အတွင်းအရယူရန် မလျှော့သောဇွဲဖြင့် ကြိုးပမ်းကြမည်။ စွန့်စားကြမည်။ စည်းရုံးညီညာကြမည်။ ထိုသို့ ဗိုလ်ချုပ် အောင်ဆန်းက ညာသံပေးလေရာ မြန်မာတို့က ညီညာစွာ တစ်နှစ်အတွင်း လွတ်လပ်ရေးသို့ဟု သံပြိုင်ကြွေးကြော်၍ ချီတက်ကြလေသည်။ မြန်မာတို့ သည် လူမျိုး၊ ဘာသာ၊ ကျား၊ မ မရွေး ညီညာခဲ့ကြသည်။ တစ်နှစ်အတွင်းပင် တောင့်တသော လွတ်လပ်ရေးကို ရကြသည်။

မျက်မှောက်ကာလတွင်လည်း ဤသဘောပင်ဖြစ်သည်။ အမျိုးသား ခေါင်းဆောင်၊ လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင် ကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရပင်ရငြားသော်လည်း လွတ်လပ်ရေးနှင့် အတူပေါက်ဖွားခဲ့သော ပြည်တွင်းမငြိမ်းချမ်းမှုမှာ နှစ်ပေါင်း ၆၀ ကျော်ကြာ သက်ဆိုးရှည်နေဆဲဖြစ်သည်။ တိုင်းပြည်မငြိမ်းချမ်းသရွေ့ ပြန်လည် ထူထောင်ရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးရေးကို ထိရောက်အောင်လုပ်ဆောင် နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ငြိမ်းချမ်းရေးကို အလေးအနက်ထား၍ လွတ်လပ်ရေးကြိုးပမ်းမှုကာလကကဲ့သို့ တစ်နှစ်အတွင်းရရှိရေးအတွက် မဖြစ်မနေရရှိနိုင်ရန် အားလုံးညီညွတ်ကြရမည်။

စစ်ဘေးအန္တရာယ်များကြားတွင် တို့တစ်တွေသည် လွတ်လပ်သော မြန်မာပြည်ကို ထူထောင်ခဲ့ကြသည်။ တို့အစိုးရ၊ တို့တပ်မတော်၊ တို့တရားရုံး၊ တို့အုပ်ချုပ်ရေးတို့ရှိခဲ့သည်။ စစ်ဘေးအန္တရာယ် လုံးဝကင်းစင်သော အခါဝယ် တို့မြတ်နိုးသောလွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းရင်း တို့လူထုတစ်ရပ်လုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ရန် တို့တစ်တွေအားလုံးညီညွတ်ဖို့ အချိန်တန်ပြီ။

လူထုခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် ညီညွတ်ချိန်၊ ညီညာမှ ပြည်သာချိန်သို့ရောက်ရှိမှသာ လူထုအားလုံးမျှော်လင့်နေသည့် အေးချမ်း သာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ တက်လှမ်း ရောက်ရှိမည်ဖြစ်ပါသည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (အကြို) ရခိုင်အရပ်ဘက်အဖွဲ့အစည်းများ ဆွေးနွေး

**စစ်တွေ ဩဂုတ် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(အကြို) ရခိုင်အရပ်ဘက် အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံမြို့တော်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ အရပ်ဘက်အဖွဲ့အစည်း ၇၈ ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၂၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာကြသော အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်သဘောထားများကို ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုအဆင့်နှင့် အမျိုးသား အဆင့် နိုင်ငံရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများတွင် အမျိုးသမီး များ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်သင့်သည်ဟူသော အချက်(၆)ချက် သဘောထားထုတ်ပြန်ခဲ့ကြသည်။

ထို့ပြင် (၂၁)ရာစု ပင်လုံညီလာခံနှင့် ပတ်သက်၍ မေးမြန်းဖြေကြားခြင်း၊ သဘောထားအမြင်များအား အုပ်စုလိုက်ဆွေးနွေးခြင်း၊ ညီလာခံနှင့်ပတ်သက်ပြီး ရခိုင်အရပ်ဘက်အဖွဲ့အစည်းများ၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ဆင်သေရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ဆည်ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေး

**တပ်ကုန်း ဩဂုတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အတွင်းရှိ ဆင်သေဆည်ရေလှောင်တမံသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်၊ ညွှန်ကြားရေးမှူး(နေပြည်တော်) ဦးစိုးတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး(နေပြည်တော်)၊ ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါရေလှောင်တမံ၏ ရေဝင်ရောက်မှု နှင့် ဆည်ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆင်သေဆည်ရေလှောင်တမံသည် အလျား ပေ ၁၃၅၀၊ အမြင့် ၁၀၉ ပေရှိ မြေသားရေလှောင်တမံ အမျိုးအစားဖြစ်၍ ကန်ရေပြည့်တွင် ဧကပေ ၁၄၃၀၀၀ သိုလှောင်နိုင်ပြီး ယနေ့အထိ ဧကပေ ၅၅၅၀၀ သိုလှောင်ထားရှိမှုအခြေအနေ၊ နှစ်စဉ် နွေစပါး၊ မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ နှစ်စဉ် ရေဝင်ရောက်မှုအခြေအနေတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး(နေပြည်တော်)ဦးစိုးတင့်က ရှင်းလင်းတင်ပြခဲ့ သည်။

ယင်းသို့တင်ပြမှုအပေါ် နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က ရေလှောင်တမံ ကြံ့ခိုင်ရေးနှင့် ရေဝင်ရောက်မှုအခြေအနေများအား စဉ်ဆက်မပြတ်ဂရုတစိုက် ဆောင်ရွက်သွားကြရန်နှင့် ပုံမှန်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရ သည်။

**တင်စိုးလွင်(ပြန်/ဆက်)**

■

## ငှက်ဖျားရောဂါကာကွယ်ရေး မွမ်းမံသင်တန်း မောက်မယ်မြို့နယ်၌ ဖွင့်

**မောက်မယ် ဩဂုတ် ၂၉**

လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဝေးလံခက်ခဲသောကျေးရွာရှိ တိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း အထောက်အကူပြုစေရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် လူထုကျန်းမာရေး လုပ်သား ငှက်ဖျားရောဂါကာကွယ်ရေး မွမ်းမံ သင်တန်းကို မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းသို့ တက်ရောက်ကြသော မောက်မယ်မြို့နယ်အတွင်း၌ ကျန်းမာရေး ဝန်ထမ်းများနှင့် ကျေးရွာရှိ တိုင်းရင်းသား လူထုကျန်းမာရေးလုပ်သား ၃၄ ဦး တက်ရောက် ပြီး မွမ်းမံသင်တန်းကို ဩဂုတ် ၃၀ ရက်အထိ လေးရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရ သည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**




## ရွှေပြည်တော်ကြီး မျှော်မဝေးပြီ

❖ အဖက တားတယ် မလုပ်ဖို့
သားနဲ့သမီးက တောင်းတယ် ဆန္ဒပြည့်ဖို့
အမိက ထိန်းတယ် ပြဿနာမဖြစ်ဖို့
တားတဲ့သူ မှားသလား
တောင်းတဲ့သူများ မှားသလား
ထိန်းတဲ့သူများ မှားသလား

❖ တားတဲ့သူကလည်း အတွေ့အကြုံအမြော်အမြင်ရှိတယ်
တောင်းတဲ့သူများကလည်း မျှော်လင့်ချက်အနာဂတ်ရှိတယ်
ထိန်းတဲ့သူကလည်း ပြေလည်စေချင်တယ်

❖ အားလုံးက စည်းလုံးညီညွတ်လျှင်
အောင်မြင်သာယာတဲ့ ရွှေပြည်တော်ကြီး
မျှော်မဝေးပြီမို့ . . .။

တင်မြင့်

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror - ၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲ တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် နိုင်ငံတကာမှ ဂီတပညာရှင် ၉၅ ဦး ပါဝင်သော The Thailand Philharmonic Orchestra(TPO) ဂီတဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည့်ရှုအားပေးသည်။

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် ဖိတ်ကြားထားသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဂီတပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(ယာပုံ)**

ထို့နောက် ဂီတအဖွဲ့မှ မြန်မာနိုင်ငံတော်သီချင်းဖြင့် ဂုဏ်ပြုတီးခတ်၍ အခမ်းအနား စတင်ဖွင့်လှစ်ကာ မန်းတောင်ရိပ်ခိုသီချင်းနှင့် ထိုင်းရိုးရာဂီတသံစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

အဆိုပါ TPO နယ်လှည့်ဖျော်ဖြေပွဲကြီးသည် ဗန်ကောက်မြို့ Mahidol ဂီတတက္ကသိုလ်၊ ထိုင်းသံရုံး၊ မြန်မာ၊ ဂျာမန်သံရုံးနှင့် Goethe-Institute ဂျာမန်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်းတင်ဆက်သည့်ပွဲဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ်အပြင် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူယာဒက် ထီးနန်းရခြင်းအထိမ်းအမှတ်နှင့် ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ထိုင်းဘုရင်မကြီး သီရိခေတ်မွေးနေ့ အထိမ်းအမှတ်ပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**




# လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျာမနီနိုင်ငံ Friedrich-Naumann-Foundation for Freedom (FNF) ၏ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ရာ စီမံကိန်းဒါရိုက်တာ Mrs. Katrin Bannach နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။**(သတင်းစဉ်)**



# ဆီမီးခုံကျေးရွာရဲစခန်းမှ လှည့်ကင်းဆောင်ရွက်စဉ် သွားလာရေးအခက်အခဲဖြစ်နေသူများအား ကူညီ

**မြင်းခြံ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ဆီမီးခုံတိုက်နယ်ကျေးရွာရှိ ဆီမီးခုံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မိမိတို့တာဝန်ကျရာ ကျေးရွာများရှိ ပြည်သူများစိတ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးကို အစဉ်အမြဲဆောင်ရွက်ကာ လှည့်ကင်းများလည်း အဖွဲ့လိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လှည့်ကင်းများဆောင်ရွက်ရာတွင် ဆီမီးခုံစခန်းမှူး ရဲအုပ်ခင်မောင်စိုးဦးစီးတပ်ဖွဲ့ဝင်များသည် ရွာစဉ်တစ်လျှောက်လှည့်ကင်းဆောင်ရွက်သွားလာနေစဉ် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကတောကျေးရွာနှင့် ရွာရှည်ကျေးရွာအကြား ရေကျော်နေရာတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မိုးရေများစုပေါင်းစီးဆင်းကာ များပြားလာမှုကြောင့် ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားလာရေးခက်ခဲနေသည်ကိုတွေ့ရှိရသဖြင့် ရဲအုပ်ခင်မောင်စိုးနှင့်အဖွဲ့သည် ဆိုင်ကယ်များကို ကူညီသယ်ဆောင်ပေးခြင်း၊ အသက်အရွယ်ကြီးသူများနှင့် အမျိုးသမီးများကို တွဲ၍လည်းကောင်း၊ ကျောင်းသားငယ်နှင့် ကလေးသူငယ်များကို ချီပိုး၍လည်းကောင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ထန်းတပင်မြို့နယ် ဘောလယ်ကျွန်း ရေဘေးသင့်ပြည်သူများအား ဖြူစင်မေတ္တာပရဟိတ လူမှုရေးအသင်းက သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြစ်ကမ်းပါးနှင့်နီးသော ဘောလယ်ကျွန်းမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာအုပ်စုများမှ ရေဘေးသင့်ပြည်သူများထံသို့ ယင်းမြို့နယ်ရှိ အတွင်းသဲဖြူကျေးရွာမှ စေတနာအလှူရှင်များဖြင့် ဖွဲ့စည်းထားသည့် ဖြူစင်မေတ္တာပရဟိတ လူမှုရေးအသင်းသည် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက သွားရောက်၍ လှူဒါန်းခဲ့ရာ စုရပ်ဖြစ်သော ဘောလယ်ကျွန်း၊ တော်လတဲ့ကျေးရွာရှိ ရတနာ့ဗိမာန်ကျောင်းတိုက်ကြီး ဓမ္မာရုံ၌ ဆန်တစ်တင်းခွဲအိတ် ၅၀၊ ရေသန့်ဘူးကြီးကတ် ၃၀၀ နှင့် အဝတ်အထည်မျိုးစုံ ၁၀၀၀ တို့ကို ကျေးရွာဒေသခံတာဝန်ရှိသူတို့က လက်ခံရယူကြပြီး ရေဘေးသင့်ပြည်သူများအား လိုက်လံ၍ ခွဲဝေလှူဒါန်းပေးခဲ့ကြသည်။




ဘောလယ်ကျွန်းမြစ်ကြောင်းတစ်လျှောက်ရှိ ရေဘေးသင့် ကျေးရွာများမှ မဲပလီ၊ လှည်းဆိပ်၊ တော်လတဲ့၊ ကျားမန်း၊ ကွဲကူး၊ ရေဖြူ တလိုင်မီ၊ ဘူးသန္တတ်၊ ဘောလယ်နှင့် နဲသမိန် ကျေးရွာအုပ်စုများ ဖြစ်ကြသည့် အိမ်ထောင်စု ၅၀၀ နီးပါးတို့အား အဆိုပါ ဓမ္မာရုံကြီးနှင့် အခြားဘုန်းတော်ကြီးကျောင်းများ၌လည်း ကယ်ဆယ်ရေးစခန်းများဖွင့်၍ ရေဘေးသင့်ပြည်သူများ ထားရှိကြောင်းနှင့် ယခုလိုလာရောက်လှူဒါန်းပေးသော ပရဟိတလူမှုရေးအသင်းများအား ရေဘေးသင့်ပြည်သူများကိုယ်စား ဦးအောင်ကိုဝင်းနှင့် ဦးဝင်းမြင့်တို့က ကျေးဇူးတင်ရှိကြောင်း၊ ယခင်နှစ်ကထက် တက်ရေကတစ်ပေကျော် တက်သည့်အတွက် ဒုက္ခရောက်နေကြသည့် ပြည်သူများကို လူသားချင်းစာနာသော အသိစိတ်ဖြင့် လှူဒါန်းကူညီပေးခြင်းအား အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ကြသည်။

ဖြူစင်မေတ္တာ ပရဟိတအသင်းသည် ပြီးခဲ့သည့်ဩဂုတ် ၁၄ ရက်ကလည်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အင်းမကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများထံသို့ ငွေကျပ် ၅၅ သိန်းခန့် တန်ဖိုးရှိ ဆန်နှင့် စားသောက်ကုန်၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ရေသန့်ဘူးကတ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ညဏ်ဟိန်း(အင်းစိန်)**

# သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် မာလကာကုန်းကျေးရွာအုပ်စု ခေမာဝံသကျောင်း ဆရာတော် ဦးမာနိတနှင့် ကျေးရွာတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရေကြည်တစ်ပေါက်ပရဟိတနှင့် လူမှုရေးအသင်း ဥက္ကဋ္ဌဦးမင်းခိုင်(ခ) ဦးဖိုးတုတ် ဦးဆောင်သော အသင်းသူ အသင်းသားများက ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီတွင် ငွေကျပ် ၆၈ သိန်းကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ အိုင်အိုဒင်းဆား၊ ဆေးဝါးမျိုးစုံ၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံ၊ ငါးပိကြော်နှင့် စားဖွယ်စုံတို့ကို သွားရောက်လှူဒါန်းကြသည်။

**(ဌေးကြိုင်)**

# အသက်(၁၄၅)နှစ်ရှိ အင်ဒိုနီးရှားနိုင်ငံသား ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် ဖြစ်လာနိုင်ဖွယ်ရှိ



**လန်ဒန် ဩဂုတ် ၂၉**

အင်ဒိုနီးရှားနိုင်ငံသား အမျိုးသားတစ်ဦးသည် ၎င်း၏ အသက်(၁၄၅)နှစ်ရှိပြီဟု အခိုင်အမာ ပြောကြားလိုက်ရာ ၎င်းသည် ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိသူ အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်လာဖွယ်ရှိကြောင်း ဗီဘီစီ သတင်းတွင် ဖော်ပြသည်။

အမ်ဘာဂိုသို အမည်ရှိ အင်ဒိုနီးရှားနိုင်ငံသားသည် ၁၈၇၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဂျာဗားပြည်နယ် အလယ်ပိုင်းဒေသ ဆရာဂျင်မြို့၌ မွေးဖွားခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရတာဝန်ရှိသူများက အတည်ပြုသော အထောက်အထားများအရ သိရသည်။

ယင်းအထောက်အထားများ မှန်ကန်ခဲ့ပါက ယင်းအင်ဒိုနီးရှားနိုင်ငံသားသည် ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်ဘွဲ့ကို လက်ရှိ ရယူထား သည့် အသက် ၁၂၂ ရှိ ပြင်သစ်နိုင်ငံသား ဂျနီးကလီးမင့်ထံမှ လွှဲပြောင်းရယူကာ ကမ္ဘာ့အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်လာမည်ဖြစ်သည်။

ဂိုသိုသည် ၎င်း၏ မွေးချင်း ညီအစ်ကို မောင်နှမ ၁၀ ဦး၊ ဇနီးလေးဦးနှင့် ၎င်း၏ သားသမီးအားလုံးထက် အသက်ရှင်ကျန်ရစ်နေပြီး ၎င်း၏ မြေးများ၊ မြစ်များနှင့် တီများသာ သက်ရှိထင်ရှားရှိနေကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်တွင် ထုတ်ဝေသော ဆန်းသတင်းစာက ဖော်ပြသည်။ သို့သော်လည်း အင်ဒိုနီးရှားလူမျိုး ဘိုးသက်ရှည်မှာ လတ်တလောတွင် သေခြင်းကိုသာ အလိုရှိနေသည်။ ဂူသင်္ချိုင်းမြေနေရာအတွက် ဝယ်ယူထားသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်ကပင်ဖြစ်ကြောင်း အမ်ဘာဂိုသိုက ပြောကြားသည်။

၎င်းအား ကမ္ဘာ့အသက်အကြီးဆုံး လူသားအဖြစ် စာရင်းသွင်းနိုင်ရေးမှာမူ သေချာမှု မခိုင်မာသေးကြောင်း၊ အဘယ်ကြောင့်မူ ၎င်း၏ စာရွက်စာတမ်းများ မှန်ကန်ကြောင်း အတည်မပြုနိုင်သေး၍ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဗီဘီအိုင်။**

# ရေကြောင်းလုံခြုံရေးနှင့် ဓားစာခံပြဿနာများ ဖြေရှင်းဆွေးနွေးရန် ဖိလစ်ပိုင်သမ္မတ အင်ဒိုနီးရှားသွားမည်

**ဂျကာတာ ဩဂုတ် ၂၉**

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် ရေကြောင်းလုံခြုံရေးပြဿနာနှင့် အင်ဒိုနီးရှား သင်္ဘောသားများကို အဘူဆေယက်ဖ် အကြမ်းဖက်အုပ်စုက ဓားစာခံအဖြစ် ပြန်ပေးဆွဲဖမ်းဆီးမှုများကို ဖြေရှင်းဆွေးနွေးရန်အတွက် နောက်လတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရန်နိုမာဆူဒီက ပြောကြားသည်။

ဒူတာတေးသည် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံဆွေးနွေးသွားရန် စီစဉ်ထားပြီး မည်သည့်နေ့တွင်သွားရောက်မည်ကို စီစဉ်သတ်မှတ်ရခြင်းမရှိသေးကြောင်း ရန်နိုမာဆူဒီက ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတ၏ အင်ဒိုနီးရှားခရီးစဉ်တွင် ဖိလစ်ပိုင်ရေပိုင်နက်အတွင်း ဆူးလူပင်လယ်ပြင်တွင် ဖြစ်ပွားလျက်ရှိသည့် ပြန်ပေးဆွဲဖမ်းဆီးမှုများနှင့် ရေကြောင်း လုံခြုံရေးပြဿနာများသည် အဓိကထားဖြေရှင်းသွားမည့် အစီအစဉ်များ ဖြစ်လာဖွယ်ရှိကြောင်း ရန်နိုမာဆူဒီက ထုတ်ဖော်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒူတာတေးတာဝန်ယူဆောင်ရွက်နေသည့် အဘူဆေယက်ဖ် စစ်သွေးကြွ နှိမ်နင်းမှုလုပ်ငန်းစဉ်များကို အသိအမှတ်ပြုထောက်ခံအားပေးသည်။ ဒူတာတေး၏နှိမ်နင်းတိုက်ခိုက်မှုများကြောင့် အဘူဆေယက်ဖ်အဖွဲ့သည် အင်အားနည်းလာလျက်ရှိပြီး ယင်းအဖွဲ့သည် အင်ဒိုနီးရှားရေပိုင်နက်နယ်နိမိတ်၊ ဖိလစ်ပိုင်ရေပိုင်နက်နယ်နိမိတ်နှင့် မလေးရှားရေပိုင်နက်နယ်နိမိတ်များအတွင်း သွားလာနေသည့် သင်္ဘောများကို ပြန်ပေးဆွဲဖမ်းဆီးမှုများပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် သင်္ဘောများလုံခြုံရေးအတွက် ပူးတွဲကင်းလှည့်မှုများဆောင်ရွက်ရန် သဘောတူညီထားကြသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ လိုအပ်နေဆဲဖြစ်ကြောင်း အင်ဒိုနီးရှား လုံခြုံရေးဝန်ကြီးက ပြောကြားသည်။

လွန်ခဲ့သည့်ရက်များအတွင်း အင်ဒိုနီးရှား သင်္ဘောသား ကိုးဦးသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အဘူဆေယက်ဖ်အဖွဲ့၏ ပြန်ပေးဆွဲခံခဲ့ရပြီး နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသား စုစုပေါင်း ၂၅ ဦးမှာ အဘူဆေယက်ဖ်အဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ၁၆ ဦးလွတ်မြောက်ခဲ့သည်။

**ဆင်ဟွာ။**




# စင်ကာပူ၌ ဇီကာဗိုင်းရပ်(စ်)ပိုး ပထမဆုံးကူးစက်

**စင်ကာပူ ဩဂုတ် ၂၉**

စင်ကာပူနိုင်ငံ၌ နေထိုင်ကာ အလုပ်လုပ်ကိုင်နေသူ မလေးရှားအမျိုးသမီးတစ်ဦးသည် ဇီကာဗိုင်းရပ်(စ်)ပိုး ကူးစက်ခံထားရသည်ကို တွေ့ရှိရကြောင်း၊ စင်ကာပူနိုင်ငံအတွင်းမှာပင် ဇီကာဗိုင်းရပ်(စ်)ပိုး ဆက်လက်ကူးစက်မှုရှိလာမည့်အရေးအတွက် စိုးရိမ်ပူပန်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၄၇)နှစ်အရွယ်ရှိ မလေးရှားအမျိုးသမီးသည် မကြာသေးမီကာလအတွင်း ဇီကာဗိုင်းရပ်(စ်)ပိုးကျရောက်နေသည့် ဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းသည် စင်ကာပူနိုင်ငံအတွင်းမှာပင် ဇီကာဗိုင်းရပ်(စ်)ကူးစက်ခံခဲ့ရဖွယ်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီတို့က ပူးတွဲထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယခုနှစ်မေလတွင် စင်ကာပူနိုင်ငံ၌ ပထမဆုံးအကြိမ် ဇီကာဗိုင်းရပ်(စ်)ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဗိုင်းရပ်(စ်)ပိုးမှာ ပြည်ပမှ ကူးစက်ပျံ့နှံ့လာခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံအတွင်း တစ်ဦးမှ အခြားတစ်ဦးသို့ ထပ်မံကူးစက်သည့် ဖြစ်ရပ်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။ **ကျိုဒို။**



# အာကာသဒုံးပျံယာဉ်အင်ဂျင်သစ် အိန္ဒိယ စမ်းသပ်မှုအောင်မြင်

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံသည် အာကာသဒုံးပျံအင်ဂျင်အမျိုးအစားသစ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စူပါဆိုးနစ် ပေါက်ကွဲအား ရမ်ဂျက် (စခရမ်ဂျက်)ဟု အမည်ပေးထားသော ဒုံးပျံအင်ဂျင်အမျိုးအစားသစ်ကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီကိုတာ အာကာသစခန်းတွင် စမ်းသပ်ခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာအို)က ထုတ်ပြန်ကြေညာသည်။

ဒုံးပျံယာဉ်တစ်စင်းကို အသုံးပြု၍ အင်ဂျင်အမျိုးအစားသစ်ကို စမ်းသပ်ခြင်းဖြစ်ပြီး စမ်းသပ်မှုအောင်မြင်ကြောင်း အိုင်အက်စ်အာအို အကြီးအကဲ ကီရန်ကူးမားက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သုံးတန်အလေးချိန်ရှိ စခရမ်ဂျက်ကို အဆင့်မြင့် နည်းပညာသုံး ဒုံးပျံယာဉ်ဟုလည်း ခေါ်တွင်သည်။ အဆိုပါ အာကာသဒုံးပျံယာဉ်အင်ဂျင်သည် ပေါက်ကွဲအားဖြစ်ပေါ်စေရန် ကမ္ဘာ့လေထုလွှာအတွင်းမှ အောက်ဆီဂျင်ဓာတ်ကိုရယူကြောင်း ကူးမားက ပြောကြားသည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံ၏ ပထမဆုံးသော မောင်းသူမဲ့ မြေအောက်ရထားပြေးဆွဲမှု ၂၀၁၇ ခုနှစ်တွင် စတင်မည်

**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံ၏ ပထမဆုံးသောမောင်းသူမဲ့မြေအောက်ရထားလိုင်းဖြစ်သည့် ပေကျင်းမြို့အနောက်တောင်ဘက်ရှိ ရန်ဖန်မြေအောက်ရထားလိုင်းမှာ ၂၀၁၇ ခုနှစ်အကုန်တွင် ပြေးဆွဲမှုများစတင်မည်ဟုမျှော်မှန်းရကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

ပြည်တွင်းနည်းပညာသာအသုံးပြုမည့် မောင်းသူမဲ့မြေအောက်ရထားလိုင်း၏ ရထားထွက်ခွာချိန်များ၊ တံခါးအဖွင့်အပိတ်နှင့် ရထားသန့်ရှင်းရေးမှာ အလိုအလျောက်စနစ်ဖြစ်သည်ဟု အဆိုပါသတင်းကဆိုသည်။ တရုတ်နိုင်ငံက ၂၀၁၀ ခုနှစ်တွင် မောင်းသူမဲ့မြေအောက်ရထားစနစ်တီထွင်မှုကို စတင်ခဲ့ကြောင်း သိရသည်။ ပေကျင်းမြို့ရှိမြေအောက်ရထားလိုင်းများဖြစ်သော အမှတ် ၃၊ ၁၂၊ ၁၇၊ ၁၉ နှင့် လေဆိပ်သို့ပြေးဆွဲသော မြေအောက်ရထားလိုင်းသစ်များ၌ မောင်းသူမဲ့အလိုအလျောက်စနစ်များ အသုံးပြုသွားမည်ဖြစ်သည်။

ပေကျင်းမြို့ရှိမြေအောက်ရထားလိုင်းများ၏ စုစုပေါင်းလမ်းအရှည်မှာ ၂၀၂၀ ပြည့်နှစ်မတိုင်မီ ကီလိုမီတာ ၃၀၀ ထိရောက်ရှိမည်ဖြစ်ပြီး ပြည်တွင်းနည်းပညာများတီထွင်မှုနှင့် အသုံးပြုမှုမှာ တရုတ်ရထားလုပ်ငန်းကို အဆင့်မြှင့်တင်ရန်ရည်ရွယ်သော“Made in China” ကနဦးဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ယခုလုပ်ဆောင်မှုက ကမ္ဘာ့ရထားပို့ဆောင်ရေးလုပ်ငန်း၌ တရုတ်နိုင်ငံ၏ပို့ဆောင်ရေးစနစ်ကို အားကောင်းလာစေမည်ဖြစ်ပြီး တိုင်းပြည်၏ အရေးပါသော အခြေခံအဆောက်အအုံများ၏ လုံခြုံရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် ဂွမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ၏ ဂွမြို့နှင့် မကျီးငူကျေးရွာကြားချောင်းကို တံတားထိုးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဂွမြို့နယ်နှင့် မကျီးငူကျေးရွာ ချောင်းကူးတံတားသည် ဂွမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိကာ သံကူကွန်ကရစ်တံတား တည်ဆောက်ပါက အရှည်ပေ(၁၂၀၀) တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပေ (၃၀၀) အထက် တံတားကြီးဖြစ်ပါသဖြင့် အသေးစိတ်ကွင်းဆင်း၍ Soil Test ပြုလုပ်ပြီး နည်းပညာကျွမ်းကျင်သည့် အင်ဂျင်နီယာများက Structure Design တွက်ချက်ရေးဆွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် တံတားတည်ဆောက်ရေးအတွက် တံတားအထူးအဖွဲ့နှင့် အထောက်အကူပြုပစ္စည်းများ မရှိပါသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာတွင် ချောင်းကမ်းပါးပြိုကျနေမှုများနှင့် ပတ်သက်၍ ကမ်းထိန်းနံရံပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားရာတွင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာတို့ရှိ ချောင်းကမ်းပါးပြိုကျနေမှုမှ ကာကွယ်သည့်လုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေ၌ ပါဝင်ထားခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း မေးမြန်းသည့် စစ်ကိုင်းမြို့နယ်၊ တင်းတိပ်-ပဒူလမ်း အရှည် (၈) မိုင် (၅) ဖာလုံလမ်းအား ပြုပြင်ပေးရန်နှင့် ပျက်စီးနေသော ရေကျော်နှင့် Box Culvert များအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၇ ဒသမ ၂၈၂ သန်းဖြင့် ကတ္တရာလမ်း (၇) ဖာလုံ၊ ကျောက်ချောလမ်း (၃)မိုင် (၃) ဖာလုံ၊ မြေသားလမ်း (၂) မိုင် (၅) ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်းနှင့် ရေကျော် (၁၄) စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်းတိပ်- ပဒူကျေးရွာချင်းဆက်လမ်း (၁၃) မိုင်၏ ပျက်စီးလျက်ရှိသည့် လမ်းပိုင်းများနှင့် ရေကျော်၊ ရေပြွန်၊ Box Culvert များ ပြုပြင်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း (၇) ပုဒ်မ ၂၁ (ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဝေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ၄၀၊ ပုဒ်မ ၂၁(ဂ)နှင့် ပတ်သက်ပြီး ယခုအဆိုဖြစ်လာတာဖြစ်ပါကြောင်း၊ ပုဒ်မ ၂၁(ဂ)နှင့် ပတ်သက်၍ မရှင်းလင်းခင်တွင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မ ၁၈ (က) မှ (ဍ)အထိ ပြဋ္ဌာန်းထားတာရှိပါကြောင်း၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကြည့်သည့်အခါ လုပ်ငန်းတော်တော်များပြားသည်ကို တွေ့ရပါကြောင်း၊ ရွေးကောက်ပွဲသည် ၅ နှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲရှိပါကြောင်း၊ တကယ်တမ်းလုပ်ရသည့် လုပ်ငန်းသည် ရွေးကောက်ပွဲကြီးတစ်ခု လုပ်တော့မည်ဆိုပါက ခြောက်လ၊ ကိုးလမျှသာ လုပ်ရပါကြောင်း၊ ကျန်သည့်အချိန်များတွင် မိမိတို့လုပ်ငန်းကို မိမိတို့လုပ်နေကြသည်ကိုလည်း တွေ့ရပါကြောင်း။

၎င်းတို့ကို ချီးမြှင့်ငွေများနှင့် ပေးမည်ဆိုပါက ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး လုပ်ဆောင်စေချင်ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့နိုင်ငံတော်၏ ဘဏ္ဍာငွေချီးမြှင့်မည်ဆိုပါက လုပ်အားနှင့်ညီမျှသည့် ချီးမြှင့်ငွေကိုသာ ရသင့်တာရှိပါကြောင်း၊ လိုအပ်လျှင်ပြင်ဆင်ပြီး ထိုက်သင့်သည့်၊ သင်တင့်မျှတသည့်အပေါ်တွင် မူတည်၍ ပေးသင့်ပါကြောင်းကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ယခင်ရွေးကောက်ပွဲကာလတွင် မဲစာရင်းအမှားကိစ္စများနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်တွင် အနည်းငယ်ရှုပ်ထွေးသွားပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အမြဲတမ်းထားရှိဖို့ လိုသလားဆိုသည့် မေးခွန်းတစ်ခုတော့ရှိမည်ဖြစ်ပါကြောင်း၊ မဲစာရင်း တိကျမှန်ကန်ရန်အတွက် အဓိကကျသည်မှာ ရပ်/ကျေး အသီးသီးတွင်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့တွင် တာဝန်များစွာ ရှိပါကြောင်း၊ ယင်းကဏ္ဍများက မိမိတို့မြို့နယ်တွင်းမှာရှိသည့် လူဦးရေစာရင်းကို အောက်ခြေကစကာ စနစ်တကျ အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ပြုစုထားမည်ဆိုပါက၊ စိစစ်ထားမည်ဆိုပါက ရွေးကောက်ပွဲမကျင်းပမီ လေး၊ ငါး၊ ခြောက်လအလိုတွင် အဆင်သင့်ဖြစ်ပြီးသားဖြစ်နေမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၉ ပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ဆောင်ရွက်ပေး၍ရပါကြောင်း။

မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲကို ပုံမှန်အားဖြင့် ၅ နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပါကြောင်း၊ မြို့နယ်၏ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက် ခန့်အပ်ထားသည့် ဦးရေအလိုက် တွက်ချက်ကြည့်သည့်အခါ တစ်နှစ်လျှင် ပျမ်းမျှသိန်းပေါင်း ၃၀၃၄ သိန်းကျော် ကျသင့်နေတာကို တွေ့ရပါကြောင်း၊ ယင်းငွေများသည် မြို့နယ်အတွက် လိုအပ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံး အပြောင်းအလဲတစ်ခုကို လိုချင်သည့်အတွက် ၂၀၁၅ ရွေးကောက်ပွဲကြီးတွင် အစိုးရသစ်တစ်ခု ပြောင်းလဲနိုင်ရန် စိတ်စေတနာအပြည့်ဖြင့် တစ်ခဲနက်မဲပေးခဲ့ကြတာဖြစ်ပါကြောင်း ၊ အမှန်တကယ် ဒီမိုကရေစီစနစ်ကို ထူထောင်ရန် ကြိုးပမ်းနေသည့်အချိန်တွင် ဝန်ထမ်းများကလည်း မိမိတို့ကျရာတာဝန်ကို အပြည့်အဝထမ်းဆောင်ကြမည်၊ တာဝန်ကျေပွန်ကြမည်ဆိုသည့် စိတ်စေတနာအပြည့်ရှိမည်ဆိုသည်ကိုလည်း ယုံကြည်ပါကြောင်း၊ အများကြည်ညိုလေးစားခံရသည့် မြို့ရွာကျက်သရေဆောင် ပုဂ္ဂိုလ်များသည်လည်း ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးဆောင်ရွက်သည့်နေရာတွင် စိတ်ထားမွန်မြတ်သည့်သူများ ဖြစ်သည့်အတွက် ကော်မရှင်၏လုပ်ငန်းကို စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးကြမည့် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်သူများသာ ဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် လက်ခံကြလိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုရှင်တင်သွင်းသည့် အဆိုအပေါ် လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုရှင် ဒေါက်တာလှမိုးက အဆိုကို အတည်ပြုပေးပါရန် လွှတ်တော်သို့တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်က "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ယင်းဥပဒေကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ "ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများနှင့် ရေကာတာများတွင် အရေးပေါ်ရေပိုလွှဲစနစ်များ ရှိ၊ မရှိ၊ တာတမံများ ခိုင်ခံ့မှုကို ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်းစစ်ဆေးမှု ရှိ၊ မရှိ၊ ကျပ် ၂၀ ဘီလီယံကို အရေးပေါ်ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် မည်သည့်အတိုင်းအတာအထိ အသုံးပြုမည်ကို သိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ငွေကျပ်ဘီလီယံ ၂၀ ထည့်သွင်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက် သုံးစွဲငွေကျပ်(၇၄၂ ဒသမ ၆၇)သန်း၊ ၂၀၁၆ခုနှစ် အယ်နီညိုကြောင့် ရေရှားပါးမှုနှင့် ပတ်သက်၍ ငွေကျပ်(၂၁၉ ဒသမ ၇၈၈)သန်း၊ ဘေးသင့်ပြည်သူများအတွက် သုံးစွဲငွေကျပ် (၂၀၂၄ ဒသမ ၆၅၇)သန်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲငွေကျပ်(၂၁၆ ဒသမ ၃၃၂)သန်း စုစုပေါင်းငွေကျပ် (၃၂၀၃ ဒသမ ၀၄၄)သန်းသုံးစွဲထားရှိပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပြီး ထိန်းသိမ်းထားသော ကွန်ချောင်း၊ နန်ကသူ၊ ကညင်၊ မမြရေလှောင်တမံများရှိကြောင်း၊ အဆိုပါရေလှောင်တမံများ၏ ရေဆင်းဧရိယာများအတွင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ စီးဝင်ရေများပြားစွာဝင်ရောက်ပြီး ကန်ရေပြည့်သိုလှောင်နိုင်သော ရေမှတ်ထက်ကျော်လွန်လာပါက ရေပိုလွှဲများမှ နိုင်နင်းစွာ လွှဲထုတ်နိုင်ရန် ဒီဇိုင်းပြုတည်ဆောက်ထားသည့်အပြင် ရေလှောင်တမံတစ်ခုချင်း၏ နှစ်စဉ်ပျမ်းမျှရေစီးဝင်မှု အခြေအနေအရ အရေးပေါ်အကူရေပိုလွှဲများကိုလည်း ထည့်သွင်းတည်ဆောက်ထားပါကြောင်း။

ထို့ပြင် တွေ့ကြုံခဲ့ရသည့် ရေကြီးရေလျှံမှုဖြစ်စဉ်များအပေါ် အခြေခံ၍ ရေလှောင်တမံများတွင် လက်ရှိသိုလှောင်ထားသော ရေလှောင်ပမာဏနှင့် မိုးရွာသွန်းမှုများကြောင့် နေ့စဉ်စီးဝင်ရေပမာဏ၊ ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏတို့အား ချိန်ဆတွက်ချက်ပြီး တမံ၏သိုလှောင်ရေအား ကြိုတင်လျှော့ချထားရန်လိုအပ်ပါက တမံ၏ အောက်ပိုင်းတွင်နေထိုင်သော ပြည်သူများ မထိခိုက်စေဘဲ ရေကြိုတင်လျှော့ချထားနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်းဖြေကြားသည်။

ဟင်္သာတခရိုင်အတွင်းရှိ ကွန်ချောင်း၊ နန်ကသူ၊ ကညင်နှင့် မမြရေလှောင်တမံများတည်ဆောက်ရာတွင် ဒီဇိုင်းပုံစံတွက်ချက်ရေးဆွဲမှု၊ တည်ဆောက်အကောင်အထည်ဖော်မှုတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာပညာရှင်များဖြင့်သာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်စဉ်ကာလတစ်လျှောက်လုံးတွင်လည်း ဒီဇိုင်းပြုထားသည့်အတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ မြေကြီးလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေးနှင့် တည်ဆောက်မှုအရည်အသွေးများကို အရည်အသွေး ထိန်းချုပ်စစ်ဆေးရေးအဖွဲ့များဖြင့် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းတည်ဆောက်ပြီး နောက်ပိုင်းတွင်လည်း ဌာနမှသတ်မှတ်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း တမံ၏ကြံ့ခိုင်မှုကို အပတ်စဉ်စစ်ဆေးပြီး ပုံမှန်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ရေဘေးကာကွယ်ရေးတာများ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချနိုင်မှုအခြေအနေများကိုလည်း မိုးရာသီမရောက်မီကတည်းက ကြိုတင်စစ်ဆေးပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုးရာသီ မြစ်ရေမြင့်တက်လာချိန်တွင်လည်း ၂၄ နာရီ ရေကင်းချ၍ စောင့်ကြည့်စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယ်သာလန်နိုင်ငံများမှ ပညာရှင်အဖွဲ့များ အခါအားလျော်စွာ လာရောက်၍ ရှေ့ပြေးစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ သင်တန်းပို့ချခြင်းများစသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ "ရခိုင်ပြည်နယ်မြောက်ဦးမြို့တွင် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ မြို့နေပြည်သူလူထုအတွက် ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ ကင်းလွတ်စေရန် လိုအပ်ချက်များကို စနစ်တကျလေ့လာပြီး ရေတို၊ ရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြစ်ကြောင်းပိုင်းအနေဖြင့် မြောက်ဦးမြို့ရေကြီးရေလျှံမှုမှ လျှော့ချနိုင်ရေးအတွက် သင်္ဘောချောင်းတစ်လျှောက် အလျားပေ ၁၅၀၀၀ ခန့်၊ ကံလှချောင်းတစ်လျှောက် အလျားပေ ၃၀၀၀ ခန့်နှင့် ဗန္ဓုလချောင်းတစ်လျှောက် အလျားပေ ၃၀၀၀ ခန့်ကို သောင်တူးဖော်ပေးရန် လိုအပ်ပါကြောင်းနှင့် တူးဖော်ပြီးသည့် ရေလမ်းကြောင်းအတွင်း သဲနုန်းများပြန်လည်ပို့ချမှုလျှော့နည်းစေရန် သင့်လျော်သည့် ရေလမ်းထိန်းသိမ်းအဆောက်အအုံများ ဖြည့်စွက်တည်ဆောက်ပေးသွားရန် လိုအပ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❋




# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ပူးတွဲကျင်းပရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ပူးတွဲကျင်းပရေး ကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပူးတွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာ မျှော်လင့်ချက် အပြည့်ဖြင့် ကြိုဆိုနေကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လက်တွဲဆောင်ရွက်ရသည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက (၂၁) ရာစုပင်လုံညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံးက ဆန္ဒရှိပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက စောင့်ကြည့်နေကြပါကြောင်း၊ ထို့ကြောင့် ပူးတွဲကျင်းပရေးကော်မတီတွင် အဓိက တာဝန်ရှိနေပါကြောင်း၊ ယခုညီလာခံ ပြီးမြောက်ပါက နိုင်ငံရေးဆွေးနွေးပွဲ စတင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့မျှော်လင့်နေသည့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးအတွက် အခြေခံပြဿနာကို ဆွေးနွေးအဖြေရှာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် (၂၁) ရာစုပင်လုံညီလာခံ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ယခု ပူးတွဲကော်မတီမှ နောက်ဆုံးအဆင့် အတည်ပြုပြီးပါကညီလာခံကို ကျင်းပသွားမည်ဖြစ်သည့်အတွက် ကော်မတီဝင်များက ဆွေးနွေးအဖြေရှာ၍ အောင်မြင်သည့် ညီလာခံဖြစ်ရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ ပူးတွဲကျင်းပရေးကော်မတီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ မျှော်မှန်းချက်သည် ငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးညီလာခံ ကျင်းပပြီးပါက တကယ့်ငြိမ်းချမ်းရေး ရရှိမည်ဆိုသည့် ရည်မှန်းချက်ရှိပါကြောင်း၊ ထို့ကြောင့် UPDJC အစည်းအဝေးများအတိုင်း ယနေ့ အစည်းအဝေးတွင်လည်း ဖြစ်နိုင်သည့်ကိစ္စများကို နားလည်မှု၊ ပြေလည်မှုရှိရှိဖြင့် အားလုံးကညှိနှိုင်းဆွေးနွေးခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် ပူးတွဲကျင်းပရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ ဆွေးနွေးချက်များကိုတင်ပြ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၁၆)ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်နေ့တို့တွင် ကျင်းပသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့၏ အဓိပ္ပာယ်သက်ရောက်မှုနှင့် လုပ်ငန်းရပ်များကို အလေးအနက်စဉ်းစားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ၏ စံနှင့်အညီ ခြိုးခြံချွေတာမှု (Economy)၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု (Efficiency) နှင့် လုပ်ငန်းထိရောက်အောင်မြင်မှုစစ်ဆေးခြင်း (Effectiveness) (3Es) တို့၏ သဘောသဘာဝနှင့် အဓိပ္ပာယ်သက်ရောက်မှုကို မိမိတို့၏ ဝန်ထမ်းများနှင့် စစ်ဆေးရမည့် အဖွဲ့အစည်းများအား ရှင်းပြပေးရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် စူးစမ်းလေ့လာစိတ်ဖြင့် ဆောင်ရွက်ရန်၊ ရှိသင့်သည့် Professional Scepticism အတတ်ပညာပိုင်းဆိုင်ရာ သတိသမ္ပဇဉ်ထားရှိ ဆောင်ရွက်ရန်၊ စိတ်ကိုဖွင့်ပြီး (Open Mind) ထားရှိ၍ ဆောင်ရွက်ရန်၊ စစ်ဆေးရေးလုပ်ငန်းတွင် အမှားအမှန်ဆုံးဖြတ်ရမှုရှိ၍ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆင်ခြင်တုံတရား (Judgement) ရှိဖို့လိုကြောင်း၊ သမာဓိ၊ ဂုဏ်သိက္ခာ (Integrity) ရှိရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်း Follow up အပိုင်းကို ကျနစွာ ဆောင်ရွက်ရန်နှင့် ရေဆုံးရေဖျား အပြီးသတ်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ဒေသများတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဒေသတစ်ခုချင်း မိမိတို့၏ လုပ်နည်းကိုင်နည်းများနှင့် မည်သို့ ကိုင်တွယ်ဖြေရှင်းကြသည်၊ မည်သို့ဖြေရှင်းကြမည်ကို ဤအစည်းအဝေးတွင် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးစေချင်ကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးအဆင့်မြင့်မားလာစေရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများကို စေလွှတ်ပေးဖို့လိုကြောင်းနှင့် မိမိဝန်ထမ်းများကိုလည်း အသိအတတ်ပညာ၊ အတွေ့အကြုံနှင့် ဗဟုသုတများကို လက်ဆင့်ကမ်းဖြန့်ဝေစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က ၎င်း၏ခရီးစဉ်များအတွင်း မှာကြားခဲ့သည်များကို ပြန်လည်တင်ပြရာ၌ မိမိတာဝန်ကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန်၊ Sense of Ownership ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပ သင်တန်းဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ရန်၊ ဝန်ထမ်းများကို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရှိစေရန်နှင့် တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း ပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

## (၂၁) ရာစုပင်လုံနှင့် ပြည်ထောင်စုကြီး ရှေ့ခရီး

❊ အသီးတစ်ရာ၊ အညှာတစ်ခု
ပြည်ထောင်စုပုံ၊ ပြီးပြည့်စုံအောင်
'ပင်လုံ' ဂုဏ်ဒြပ်၊ မော်ကွန်းမြတ်ဖြင့်
လွတ်လပ်မြန်မာ တည်ခဲ့သည်။

❊ သို့ပေမယ့် ချို့ပေခဲ့
နယ်ချဲ့ဝါဒီ၊ သွေးခွဲသည်ကြောင့်
ညီနောင်ချင်းချင်း၊ ပြည်ထောင်တွင်း၌
စစ်ခင်းခဲ့သည်၊ နှစ်ကြာရှည်ဝယ်
တိုင်းပြည် လူမျိုး၊ အညွန့်ကျိုး၍
ဂုဏ်ညှိုးခဲ့ရ သည်တကား။

❊ သံသယပွား၊ သားချင်းကြား၌
နားလည်မှုကင်း၊ စစ်ခင်းခဲ့ရာ
ချစ်ခြင်းဝေးကွာ၊ ပြည်မြန်မာဝယ်
နစ်နာသူက ပြည်သူများ။

❊ ဒို့မြန်မာပြည်၊ သာမောစည်ရန်
တည်ငြိမ်မှ အေးချမ်း
အေးချမ်းမှ ဖွံ့ဖြိုး
ဖွံ့ဖြိုးမှ တိုးတက်မည်
ယုံကြည်သည့်အတိုင်း၊ အချိန်မဆိုင်းဘဲ
ညှိနှိုင်းဆွေးနွေး၊ ငြိမ်းချမ်းရေးကို
မနေးရှက်ဆောင် ခဲ့သည်တကား။

❊ ယခုအခါ၊ (၂၁) ရာစု ပင်လုံမဟာ
ရွှေညီလာခံ၊ သဘင်ယံဝယ်
နိုင်ငံမှီတင်း၊ ဒို့တိုင်းရင်းတို့
ရင်းနှီးချစ်ကြည်၊ တွဲလက်ညီလျက်
ပြည်သူမျှော်မှန်း၊ ငြိမ်းချမ်းပန်းကို
ဆင်မြန်းနိုင်ရန်၊ ဆန္ဒမှန်ဖြင့်
ရည်သန်ကြိုးပမ်း တော့မည်တကား။

❊ အို... သားချင်းငဲ့
ပြည်ထောင်စုသား၊ အသိတရားဖြင့်
ပြည်ထောင်စုသွေး၊ အပြည့်မွေးလျက်
ပြည်ထောင်စုစိတ်၊ ပြည့်လျှံဖိတ်ကာ
ပုံရိပ် 'ပင်လုံ'၊ မြန်မာ့ဂုဏ်ကို
တူစုံ ထမ်းရွက် နိုင်စေသတည်း။
ပြည်ထောင်စုကြီး ရှေ့ခရီး ။ ။

မျိုးမြတ်မြတ်မြင့်မောင်

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးမှတစ်ပါး အခြားမရှိပြီ

## သန်းဖြိုးနိုင်(ကညင်ကျိုး)

(၂၁)ရာစုပင်လုံဟူသည့်စကားရပ်နှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည်မှာ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟူသော အသုံးအနှုန်းပင်ဖြစ်ပြီး ယခုနောက်ပိုင်း ပြည်သူများအကြား စိတ်ဝင်စားမှုမြင့်တက်လာနေသည်မှာလည်း ထိုဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအကြောင်းပင်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟုဆိုလျှင် ယခုကျင်းပမည့် (၂၁) ရာစုပင်လုံကိုလည်း ချန်ထား၍မဖြစ်သလို (၂၁)ရာစုပင်လုံဟုဆိုလျှင်လည်း ကျွန်ုပ်တို့နိုင်ငံ လွတ်လပ်ရေးမရမီကာလ ၁၉၄၇ ခုနှစ်တွင် တိုင်းရင်းသားများနှင့် ချုပ်ဆိုခဲ့ဖူးသည့် ပင်လုံစာချုပ်နှင့်လည်း တစ်ဖန်ဆက်စပ်နေပြန်ပါသည်။ သို့ဖြစ်၍ အများပြည်သူစိတ်ဝင်တစားဖြစ်နေကြသည့် ဖက်ဒရယ်ပြည်ထောင်စုသို့မသွားမီ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်အကြောင်းကို အကျဉ်းမျှ ပြန်လည်ကောက်ယူဆက်စပ်ကြည့်ကြမှသာ လိပ်ပတ်လည်လာကြမည်ဟုလည်း ထင်မြင်မိသည်။ သို့သော်လည်း ရှည်ရှည်ဝေးဝေးရေးသား ရှင်းလင်းခြင်းမျိုးမဟုတ်ဘဲ အတိုချုပ်မျှသာ ပြန်လည်ဆက်စပ်ကြည့်လိုရင်းဖြစ်ပါသည်။ အခြားတစ်ဖက်တွင်မူ ထိုထိုအကြောင်းများကို အခြားသူငါများလည်း အသီးသီးရေးသားဖော်ပြကြပြီး ဖြစ်ပါသည်။

**ပင်လုံစာချုပ်အစ**

ပင်လုံစာချုပ်၏ မူလရည်ရွယ်ချက်မှာ အင်္ဂလိပ်မင်းတို့ လွတ်လပ်ရေးပေးရာတွင် အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်အရ သီးခြားစီရှိနေကြသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာပြည်မ (Burma.Proper)နယ်မြေနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဦးဆောင်သည့် ရှမ်းပြည်ထောင်စု (Federated Shan States)နယ်မြေ၊ ကချင်တောင်တန်းဒေသ (Kachin Hill Tracts)နယ်မြေနှင့် ချင်းတောင်တန်းဒေသ(Chin Hill District)နယ်မြေစသည့် နယ်မြေကြီး လေးခုကို ကိုယ်စားပြုကြပြီး အမြော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေးအပေးအယူလုပ်ကြရာမှ အဓိကပေါ်ထွက်လာသည့် အချက်နှစ်ချက်မှာ (၁)သီးခြားစီတည်ရှိသော နယ်မြေများ တစ်ပြိုင်တည်း လွတ်လပ်ရေးရရန်။ (၂)လွတ်လပ်ရေးရရှိပြီးပါက အမျိုးသားများ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော် တည်ထောင်သွားရန်ဖြစ်သည်။

**ပင်လုံစာချုပ်ပါ အပြည့်အစုံ အပိုင်း(၃)ချက်**

အပိုင်း(၁)။ တစ်ပြိုင်တည်း လွတ်လပ်ရေးရယူရေးဆိုသည်မှာ ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်၊ ၇ ရက်နေ့ ပင်လုံတွင် သဘောတူထားသည့် အချက်ငါးချက်နှင့် ဖေဖော်ဝါရီလ ၁၂ ရက်တွင် လက်မှတ်ထိုးခဲ့ကြသော ပင်လုံစာချုပ်ပါအချက် ကိုးချက်တို့ဖြစ်သည်။ (ထိုအချက်များကိုမူ ပြည့်ပြည့်စုံစုံ ရှင်းလင်းခြင်းမပြုတော့ပါ)

အပိုင်း(၂)။ လွတ်လပ်ရေးရရှိပြီးပါက တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည်မှာ ရန်ကုန်မြို့ ဂျူဗလီခန်းမကြီးတွင် ၁၉၄၇ ခုနှစ် မေလ ၂၃၊ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြု ဖဆပလ ပဏာမညီလာခံသဘင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ လိုအပ်သော အခြေခံထားရှိရမည့်မူများ၊ ကျောရိုးများ ချမှတ်နိုင်ရန် ချမှတ်ထားရှိရမည့်အခြေခံမူ ၁၄ ချက်မှတ်တမ်းနှင့် ၁၉၄၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ထားရှိရမည့်အခြေခံမူ လေးချက်နှင့် လမ်းညွှန်ချက် ခုနစ်ချက် သဘောတူညီချက်မှတ်တမ်းများပင်ဖြစ်ပါသည်။

အပိုင်း(၃)။ ပင်လုံကတိကဝတ်များဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများနှင့် တိုင်းပြုပြည်ပြုလွှတ်တော်များတွင် အရေးကြီးသော တိုင်းရင်းသားများအရေး ဆွေးနွေးဖြေကြားခဲ့သည့် သမိုင်းဝင်မှတ်တမ်းများဖြစ်သည်။

ကျွန်ုပ် အထက်တွင် အကျဉ်းမျှဖော်ပြခဲ့သည့် ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းအပါ ဗမာပြည်မကိုယ်စားလှယ်များ၊ ရှမ်းကော်မတီ ၁၄ ဦး၊ ကချင်ကော်မတီ ခြောက်ဦးနှင့် ချင်းကော်မတီ သုံးဦးတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပြီး ဤမျှဆိုလျှင် ယနေ့အထိ ကျွန်ုပ်တို့နိုင်ငံအတွင်း တိုင်းရင်းသားများ ယနေ့လက်ရှိအချိန်အထိ တစိုက်မတ်မတ် စွဲကိုင်တောင်းဆိုနေလာကြသည့် ပင်လုံကတိကဝတ်တို့၊ ဖက်ဒရယ်ပြည်ထောင်စုတို့ဆိုသည်မှာ မည်သည်ကိုဆိုလိုသနည်း၊ မည်သည့်အရာက စတင်ပေါက်ဖွား အခြေခံလာသနည်း၊ မည်သည့်လမ်းကြောင်းကို ခင်းကျင်းထားခဲ့ကြသည်ဆိုသည်ကို အမြည်းသဘောမျှ မြင်နိုင်လာကြမည်ဟုလည်း ကျွန်ုပ်ထင်မြင်မိပါသည်။

**သမိုင်းဖြစ်ရပ်မှန်**

အမှန်ဆိုရလျှင် ယနေ့အချိန်တွင် ကျင်းပသည့် (၂၁) ရာစုပင်လုံနှင့်အတူ ကျွန်ုပ်တို့ တစ်ကျော့ပြန် ကြားမြင်နေကြရသည့် ဖက်ဒရယ်ပြည်ထောင်စုအရေးဆိုသည်မှာ ယခင် ၁၉၄၇ ခုနှစ်တွင် ကျွန်ုပ်တို့နိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ များပြားလှသည့် တိုင်းရင်းသားများအရေးအတွက်ပါ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးထည့်တွက်ကြပြီး မြေစမ်းခရမ်းပျိုး စတင်သန္ဓေတည်ပေးခဲ့သည့်အရာပင်ဖြစ်ခဲ့ကြောင်း အမှန်အတိုင်းပင် လေ့လာတွေ့ရှိကြရမည်သာဖြစ်သည်။ ကျွန်ုပ်တင်ပြသည့် အကြောင်းအရာများတွင် အပိုအလိုမပါရှိပါ။ သမိုင်းဖြစ်ရပ်မှန်နှင့် လွန်ခဲ့သည့် အတိတ်အခါဆီကပင် ကျွန်ုပ်တို့နိုင်ငံတော်ကြီး ပြည်မနှင့် တောင်တန်းဒေသ မခွဲခြားဘဲ အခွင့်အရေး တစ်ပြေးညီ ခံစားစံစားနိုင်ရေး၊ ရေရှည်စိတ်ဝမ်းမကွဲစေရေး၊ သယံဇာတခွဲဝေသုံးစွဲရေးနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်ရွယ်လျက် အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းကြီး တစ်ခုပင်ဖြစ်ပါသည်။

**ပကတိအခြေအနေ**

သို့သော်လည်း ကျွန်ုပ်တို့နိုင်ငံ၏ ပကတိအခြေအနေကို လေ့လာကြည့်လျှင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ပါတီအတွင်း သဘောထားကွဲလွဲမှု၊ ခွဲထွက်မှုများ၊ ရောင်စုံသူပုန်ဟု ခေါ်ဆိုခဲ့သည့် အရာများ၊ တိုင်းပြည်ကနုန၊ မုန်တိုင်းက ထန်ထန်ဖြစ်ခဲ့ရသည့် ဖြစ်ရပ်များ၊ စနစ်ဆိုး၊ ခေတ်ဆိုးများအကြားတွင် တံခါးပိတ်ဝါဒကျင့်သုံးခဲ့သည့် အခြေအနေများအကြားတွင် လူ့သက်တမ်းတစ်ခုမျှ နှစ်ပေါင်း ၇၀ နီးပါး နစ်မြုပ်သွားခဲ့ရပြီး တိုင်းပြည်သည်လည်း အရာရာ နောက်ကောက်ကျလျက် မဖွံ့ဖြိုးမတိုးတက်ခြင်း၊ လူသားအရင်းအမြစ်များ ဆုံးရှုံးရခြင်း၊ တိုင်းရင်းသားနယ်မြေဒေသများတွင် မငြိမ်းချမ်းခြင်းများဖြင့် မူလရည်မှန်းချက်ပန်းတိုင်နှင့် တဖြည်းဖြည်း ဝေးဝေးသွားနေသည်မှာ အမှန်တရားတစ်ခုပင်ဖြစ်ပါသည်။ မခြွင်းမချန်ဘဲ ပြောကြစတမ်းဟုဆိုလျှင် ဤအတိုင်းသာ ရှေ့ဆက်ပါက အနာဂတ်အရေးသည် မတွေးဝံ့သာအောင်ပင်ရှိနေချေလေပြီ။ များပြားလှသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ မငြိမ်းချမ်းနိုင်သေးသည့် ဒေသမှ စစ်ဘေးခံပြည်သူများ၊ မပပျောက်သေးသည့် အကျင့်ပျက်ခြစားမှုများ၊ လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးပြဿနာများ၊ ကူရာကယ်ရာမဲ့နေသည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် နိမ့်ပါးနေသည့် လုပ်ခလစာများအကြားတွင် တိုင်းပြည်သည်လည်း ဖွံ့ဖြိုးတိုးတက်မှု အရာရာ နောက်ကျလျက် ကမ္ဘာ့နိုင်ငံများကို မဆိုထားဘိ၊ ဒေသတွင်း အာဆီယံနိုင်ငံများကိုပင် လိုက်မမီနိုင်ဘဲ များစွာနောက်ကောက်ကျကျန်ရစ်နေသည်မှာ အထင်အရှားပင်ဖြစ်နေပါသည်။ ဤအချက်အပေါ် အငြင်းပွားချက်မရှိနိုင်ပါ။

**စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ဆိုသည်မှာ**

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အခြေခံအင်္ဂါရပ်များ(Principle.of.Federalism)နှင့် ပတ်သက်၍ ပညာရှင်များက အခိုင်အမာ ထုတ်ဖော်ညွှန်းဆိုခဲ့ကြပြီးဖြစ်ပါသည်။ ဤစနစ်အကြောင်းကိုလည်း အများသူငါများ အကျယ်တဝင့် ရေးသားတင်ပြခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း တိကျသေချာစေခြင်းငှာ ကျွန်ုပ်အကျဉ်းမျှ ထပ်မံတင်ပြလိုပါသေးသည်။ ဤဆောင်းပါးတွင် လူအများစိတ်ဝင်စားလာကြသည့် ထိုသို့ဆို ထိုဖက်ဒရယ်ပြည်ထောင်စုအကြောင်း မစတင်မီ ကျွန်ုပ်တို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)ပါ နိုင်ငံတော်အခြေခံမူများ အခန်းပါ ပုဒ်မ(၂)အရ လက်ရှိနိုင်ငံတော်၏ အမည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟူ၍ဖြစ်သည်။ ဤနေရာတွင် အမြည်းမျှရှင်းလင်းအောင် ဥပမာတင်ပြရလျှင် ပင်လုံစာချုပ်ပါ ကတိကဝတ်များအရ အမှန်ဆိုရလျှင် ဤအခန်း၊ ဤပုဒ်မပါ နိုင်ငံတော်၏ အမည်၏ အစမှာပင် ပြောင်းလဲကြရမည့်အပေါ် ယနေ့ပြောဆိုလာနေကြခြင်းပင်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ကို သွားကြမည်ဆိုလျှင် နိုင်ငံတော်ကိုပင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု သွားကြရမည်သာဖြစ်ပါသည်။ ဤအချက်ကား အများမြင်သာအောင်ပင် စတင်နိဒါန်းပျိုး စကားဦးသန်း ခြေဆင်းခန်းလေးပင်ဖြစ်ပါသည်။ သို့သော် ထိုကိစ္စမှာ အချိန်အတော်ကြာညှိနှိုင်းယူကြရဦးမည့်အရာပင်ဖြစ်ပါသည်။ ယခုမူ ကျွန်ုပ်တို့အနေဖြင့် ပြည်ထောင်စုကို စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုစနစ်ဖြင့် ထူထောင်လိုပါက အခြေခံရမည့် အင်္ဂါရပ်များအကြောင်း ဆက်လက်ဆွေးနွေးကြပါမည်။ ထိုအရာတွင်အချက်ရှစ်ချက်ပါဝင်သည်ဟု ဆိုထားပါသည်။ ထိုအချက်ရှစ်ချက်ကို အများနားလည်လွယ်အောင် အကျဉ်းမျှ ဆိုလိုရင်းကိုသာဖော်ပြရသော် -

**ဖက်ဒရယ်စနစ်အခြေခံရမည့် အင်္ဂါ(၈)ရပ်**

၁။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ကိုယ်ပိုင်ခြေဥကိုဆိုလိုသည်) အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများ အပ်နှင်းခံရသည့် ပြည်နယ်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

၂။ ထိုပြည်နယ်များကို အာဏာကြီး(၃)ရပ်ကို အပြည့်အဝ အပ်နှင်းစေရမည့်အပြင် လွတ်လပ်စွာကျင့်သုံးနိုင်စေရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရား ရုံးချုပ်များကို လွတ်လပ်စွာထူထောင်ခွင့်ရှိစေရမည်။

၃။ ပြည်နယ်များ၏ခြေဥကို ပြည်ထောင်စုခြေဥနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာရေးသားပြဋ္ဌာန်းခွင့်ရှိစေရမည်။

၄။ ဖက်ဒရယ်ပြည်ထောင်စုသည် ပြည်နယ်များကို ပေါင်းစပ်ဖွဲ့စည်းထားသည့် စနစ်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား နိုင်ငံတော်ခြေဥနှင့်အညီ အာဏာများခွဲဝေကျင့်သုံးခြင်း (Division of Powers)များ ရှိနေစေရမည်။

၅။ ပြည်နယ်များသည် တန်းတူရည်တူရှိ၍ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းသောအခါ အထက်လွှတ်တော်ဟုခေါ်သည့် အမျိုးသားလွှတ်တော်နှင့် အောက်လွှတ်တော်ဖြစ်သည့် ပြည်သူ့လွှတ်တော်များကို ထားရှိပြီး ပြည်သူ့လွှတ်တော်သည် ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသောလွှတ်တော်ဖြစ်ပြီး အမျိုးသားလွှတ်တော်သည် ပြည်နယ်များကို ကိုယ်စားပြုသော လွှတ်တော်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်များက ဦးရေတူအမတ်များ စေလွှတ်ခွင့်ရှိပြီး တူညီသောဦးရေဖြင့် ဖွဲ့စည်းခွင့်ရှိနေစေရမည်။

၆။ နိုင်ငံခြားဆက်သွယ်ရေး၊ ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး၊ ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေးမှအပ ကြွင်းကျန်အာဏာများ (Residual Powers)ကို ပြည်နယ်များကို အပ်နှင်းထားစေရမည်။

၇။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်(Self-rule)နှင့် စုပေါင်း အုပ်ချုပ်ရေးစနစ် (Sharedrule)တို့ကို ပေါင်းစပ်ထားသည့် စနစ်ဖြစ်သောကြောင့် ပြည်ထောင်စုထဲတွင် အစိုးရနှစ်ရပ် ထူထောင်ထားရမည်။ ယင်းတို့မှာ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့ဖြစ်သည်။

၈။ ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသာမက ဒေသန္တရအစိုးရများကိုလည်း ဖွဲ့စည်းထူထောင်ရမည်။ ထိုဒေသန္တရအစိုးရများကိုလည်း သင့်တော်သော လုပ်ပိုင်ခွင့်ပေးရမည်။ အထူးသဖြင့် အခွန်ကောက်ခံခွင့်ပေးကြရမည်။

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် ဖက်ဒရယ်**

ကျွန်ုပ်အထက်တွင် တင်ပြခဲ့သည့် ဖက်ဒရယ်စနစ်အခြေခံအကျဉ်းမျှကို စာဖတ်သူများလေ့လာမိကြည့်စဉ်တွင်ပင် ယနေ့ ကျွန်ုပ်တို့ကျင့်သုံးနေသည့် ခြေဥနှင့် မည်သည့်အရာများက တူညီနေသည်။ မည်သည့်အရာများကတော့ ဆန့်ကျင်နေသည်။ တိုင်းရင်းသားများလိုချင်နေသည်မှာ မည်သို့ဖြစ်သည်။ ထိုခြေဥအထဲမှ တူညီနေသောအရာများကို မည်သို့မွမ်းမံလိုက်ပါက မည်သို့သဘောတူလာနိုင်သည် စသည့်အရာများကိုတော့ဖြင့် ရေးရေးမျှမြင်လာမိကြမည်ထင်မိပါသည်။ ထိုသို့ဆိုလျှင် တိုင်းရင်းသားများ မျှော်မှန်းထားသည့် ပင်လုံစာချုပ်ပါကတိကဝတ်အတိုင်း ဖြစ်လာမည်။ တိုင်းရင်းသားများလည်း ပျော်ပိုက်လာကာ ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား ကူးလူးဆက်ဆံမှုများဖြင့် စည်ပင်ဝပြောလာမည်။ လက်နက်ကိုင်လမ်းစဉ်မှ စွန့်လွှတ်ကြပြီး ငြိမ်းချမ်းရေးလမ်းစဉ်အပေါ် လျှောက်လှမ်းလာကြမည်ဟုလည်း မျှော်မှန်းကြရမည်သာဖြစ်သည်။

**ခက်ခဲနေသည့်အရာ**

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ဥပဒေရှုထောင့်မှကြည့်လျှင် ဖက်ဒရယ်စနစ်အတွက် အခြေခံအုတ်မြစ်ကြီးဟုဆိုလျှင်လည်း မမှားပေ။ သူ့တွင် ဖက်ဒရယ်စနစ်၏အခြေခံသဘောတရားများ ထည့်သွင်းရေးဆွဲထားပြီးသားဖြစ်ပါသည်။ သို့သော် လိုနေသည့်အရာကား ပြည်နယ်များအတွက် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုစီနှင့် လုပ်ပိုင်ခွင့်အာဏာ(Power Sharing)ကိစ္စပင်ဖြစ်သည်။ ထို့ထက် ခက်ခဲနေဦးမည့်အရာမှာကား ကာကွယ်ရေးအတွက် တပ်မတော်ထားရှိရေးကိစ္စနှင့် သူတို့ပြောနေကြသည့် (၈)ပြည်နယ်မူကိစ္စများပင်ဖြစ်ပါသည်။ လွှတ်တော်ကိစ္စများ၊ ပြည်နယ်အစိုးရဖွဲ့ခွင့်များ၊ အခွန်ကောက်ခွင့်၊ ဥပဒေပြုခွင့်များမှာ အထိုက်အလျောက်ပေးအပ်ပြီးသားဖြစ်နေလေပြီ။ ယခင် ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် နှောင်းပိုင်းတွင် ပြည်ထောင်စုလွှတ်တော်အတွင်း ပြင်ဆင်ခဲ့သည့် ခြေဥပြင်ဆင်ရေးအပိုင်းတွင်လည်း ဇယား(၂)နှင့် (၅)အပေါ် အချက်ပေါင်း ၅၀ မျှ ထည့်သွင်းကာ ဥပဒေပြုခွင့်၊ အခွန်ကောက်ခံခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့နိုင်ငံကြီး တစ်ခုလုံး အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် အစားအသောက်ဆေးဝါးများ၊ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ အခွန်အကောက်တိုးတက်ရရှိရေး၊ ပြည်မတောင်တန်းဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဆိုလျှင် မဖြစ်မနေဖော်ဆောင်ရမည့်အရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနှင့် စစ်မှန်သည့် ငြိမ်းချမ်းရေးရယူပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလမ်းကြောင်းမှသည် အခြားမရှိနိုင်ပါ။ ယနေ့အချိန်အခါတွင် ဖြစ်ပေါ်နေသည့်အရာ အတော်များများသည်လည်း ထိုအရာများနှင့်ပင် ဆက်စပ်ပတ်သက်နေသည်မှာ အထင်အရှားပင်ဖြစ်နေပါသည်။ ထို့ကြောင့်ပင် အစိုးရသစ်အနေဖြင့်လည်း ထိုအချက်ကို ကောင်းစွာသဘောပေါက်နားလည် လက်ခံယုံကြည်မိသည်နှင့်အညီ ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ကတိကဝတ်ရှိခဲ့သည့် ပင်လုံကတိကဝတ်ကို ကတိတည်နိုင်စွာ ပြန်လည်ဖော်ဆောင်ရင်း (၂၁)ရာစုပင်လုံညီလာခံကြီး ဖြစ်မြောက်အောင် ကြိုးပမ်းခဲ့ကြခြင်းသာ ဖြစ်ပါသည်။

ထို (၂၁)ရာစုပင်လုံမှအစချီကာ နောက်ပိုင်းတွင် စစ်မှန်သည့်ဖက်ဒရယ်စနစ်ကို ထူထောင်ပုံဖော်နိုင်ရန် အဆင့်ဆင့် ဆွေးနွေးအဖြေရှာသွားကြရင်း နိုင်ငံရေး Road Map ချမှတ်ကာ နောင်လာနောက်သားတို့က လက်ဆင့်ကမ်းကြိုးစားသွားကြရင်းဖြင့်ပင် အနာဂတ်တွင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကာ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုကြီး စစ်စစ်ပေါ်ပေါက်လျက် နိုင်ငံသည်လည်း အရာရာ စည်ပင်ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နှစ်နိုင်ငံကုန်သွယ်ရေးအတွက် ကြန့်ကြာမှုအဟန့်အတားအမျိုးမျိုးကို ဖော်ထုတ်ဖယ်ရှားကြရန် သဘောတူညီခဲ့

❂ ရှေ့ဖုံးမှ

၅။ အိန္ဒိယနိုင်ငံတော်အကြီးအကဲက နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ၂၀၁၆ ခုနှစ် ဧပြီလတွင် အစိုးရသစ်တက်လာပြီးနောက် အိန္ဒိယနိုင်ငံသမ္မတက သမ္မတ ဦးထင်ကျော်အား မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်မြင်မှုအပေါ် ချီးကျူးဂုဏ်ပြု၍ ဒီမိုကရေစီအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မြန်မာပြည်သူအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် မြန်မာအစိုးရသစ်၏ ဆောင်ရွက်ချက်များအားလုံးကို ထောက်ခံကြောင်း ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံသမ္မတတို့သည် လွှတ်တော်စည်းမျဉ်းဥပဒေ၊ လုပ်ငန်းစဉ်နှင့် ကျင့်ထုံးများ၊ ပြည်ထောင်စုနှင့် ပြည်နယ်ဆက်ဆံရေး၊ အာဏာနှင့် အရင်းအမြစ်များ ခွဲဝေရေးဆိုင်ရာ အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်အတွေ့အကြုံများကို ဝေမျှရန် ကမ်းလှမ်းခဲ့ပါသည်။

၆။ သမ္မတဦးထင်ကျော်သည် အိန္ဒိယသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူဆိုင်ရာ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြရာ၌ နှစ်နိုင်ငံအတွင်းသာမက ဒေသတွင်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပြည့်စုံကြွယ်ဝမှုတို့အတွက် အထောက်အကူဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အလို့ငှာ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ပူးတွဲဆွေးနွေးညှိနှိုင်းမှုကော်မရှင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ၊ ပူးတွဲကုန်သွယ်ရေးကော်မတီ၊ နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်အစည်းအဝေးများ၊ ဒေသဆိုင်ရာ နယ်ခြားရေးရာကော်မတီ၊ နယ်ခြားဆက်ဆံရေးအစည်းအဝေးများ၊ မြေတိုင်းဦးစီးဌာန အကြီးအကဲများ အစည်းအဝေး အစရှိသော လက်ရှိ နှစ်နိုင်ငံအဖွဲ့အစည်းများဆိုင်ရာ ယန္တရားများ၏ မူဘောင်အတွင်း ဆွေးနွေးမှုများ ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားရေးအတွက် ထောက်ခံကြောင်း ပြောကြားခဲ့ကြပါသည်။

၇။ အိန္ဒိယ ခေါင်းဆောင်ပိုင်းက မြန်မာအစိုးရ၏ (၂၁)ရာစု ပင်လုံညီလာခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နေမှုကို ထောက်ခံကြောင်း ဖော်ပြခဲ့ကြပါသည်။

၈။ မြန်မာ-အိန္ဒိယ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက် အရေးကြီးသော နှစ်နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးအတွက်လည်း ထပ်လောင်း ကတိကဝတ်ပြုခဲ့ကြပါသည်။ အကြမ်းဖက်ဝါဒ၏အန္တရာယ်နှင့် နည်းလမ်းအမျိုးမျိုးဖြင့် လှုပ်ရှားလျက်ရှိသည့် သောင်းကျန်းမှုလုပ်ရပ်အားလုံးတို့ကို တိုက်ဖျက်ရန် ထပ်လောင်းကတိပြုခဲ့ကြပါသည်။ တစ်နိုင်ငံ၏ အချုပ်အခြာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေးကို တစ်နိုင်ငံက လေးစားကြောင်းနှင့် တစ်နိုင်ငံကို ရန်လိုတိုက်ခိုက်ရန် အခြားတစ်နိုင်ငံ၏ နယ်မြေကိုအသုံးပြုခွင့်အား မည်သည့်သောင်းကျန်းသူအုပ်စုကိုမျှ ခွင့်မပြုရေးမူကို ဆက်လက်ကျင့်သုံးရန်လည်း နှစ်ဖက်လုံးက ထပ်လောင်းပြောကြားခဲ့ကြပါသည်။

နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းလုံခြုံမှုရှိစေရေး အလုံးစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အလျောက် နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား အချင်းချင်းပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးအနက်ဆွေးနွေးခဲ့ကြပါသည်။

၉။ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်လုံး၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို ထိန်းသိမ်းရန်အတွက် ခိုင်မာသော နယ်စပ်စီမံခန့်ခွဲရေး၏အရေးပါမှုကို နှစ်ဖက်စလုံးက ဖော်ညွှန်းဆွေးနွေးခဲ့ကြပါသည်။

၁၀။ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် လက်ရှိဆောင်ရွက်နေသည့် နှစ်ဖက်ဆွေးနွေးပွဲများကို ရည်ညွှန်းလျက် ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၁။ နှစ်နိုင်ငံ ဆက်သွယ်မှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ သတင်းအချက်အလက်နည်းပညာ၊ စက်မှုဆိုင်ရာ သင်တန်းနှင့် သင်တန်းအစီအစဉ်အမျိုးမျိုး အပါအဝင် အခြားသောကဏ္ဍများတွင် အိန္ဒိယအစိုးရ၏ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်ဆဲဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို နှစ်ဖက်ပြန်လည်သုံးသပ်ခဲ့ကြပါသည်။

၁၂။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်မှု၏ တိုးတက်မှုအခြေအနေကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်မှုရှိကြောင်း ပြောကြားခဲ့ကြပါသည်။ ယင်းစီမံကိန်း၏ စစ်တွေနှင့် ပလက်ဝအကြား လုပ်ငန်းပိုင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမတိုင်မီ အပြီးဆောင်ရွက်ရန်နှင့် လုပ်ငန်းလည်ပတ်မှုနှင့် ထိန်းသိမ်းမှုစနစ်များကို အဆောလျင်ဆုံး ဆောင်ရွက်သင့်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းနှင့်ဆက်စပ်နေသည့် နားလည်မှုစာချွန်လွှာနှစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်ကြောင်းထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၃။ နယ်စပ်ဒေသနေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးစီးပွားအတွက် အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုလျက် အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်အညီ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် အသေးစားစီးပွားရေးစီမံကိန်းများ၊ ကားလမ်းအဆင့်မြှင့်တင်ရေး၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ တံတားများ၊ စိုက်ပျိုးရေးနှင့် ဆက်စပ် လေ့ကျင့်သင်တန်းပေးရေးဆိုင်ရာဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသ၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလုံးစုံဖော်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ဖက်သဘောတူခဲ့ကြပါသည်။

၁၄။ အိန္ဒိယနိုင်ငံမှ နည်းပညာနှင့် ဘဏ္ဍာငွေကြေး အထောက်အပံ့ဖြင့် ရန်ကုန်ကလေးဆေးရုံနှင့် စစ်တွေအထွေထွေဆေးရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း၏ သိသာသောအောင်မြင်မှုအတွက် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြပါသည်။ အဆင့်မြင့်ဆေးကုသမှုအထောက်အကူပြုပစ္စည်းများနှင့်အတူ အရေးကြီးသော ပူးပေါင်းဆောင်ရွက်မှုအတွက် မြန်မာဘက်က အိန္ဒိယဘက်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာသိပ္ပံ (Myanmar Institute of Information Technology-MIIT) ဆောင်ရွက်နေမှုနှင့် နေပြည်တော် ရေဆင်းတက္ကသိုလ်၌ ဆန်စပါးဇီဝဥယျာဉ် (Rice Bio-Park) တည်ထောင်ခဲ့ခြင်းကိစ္စများအတွက် ကျေနပ်အားရမှုရှိကြောင်း နှစ်ဖက်ပြောကြားခဲ့ကြပါသည်။ နေပြည်တော်၌ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဆိုင်ရာ အဆင့်မြင့်ဗဟိုဌာန (Advanced Centre for Agricultural Research and Education – CARE) တည်ထောင်ရေးဆိုင်ရာ တိုးတက်မှုအခြေအနေကိုလည်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဌာနများသည် မြန်မာ့သတင်းအချက်အလက်နှင့် စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အကောင်းဆုံးဌာနများအဖြစ် ထွက်ပေါ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမတန်းစား အိုင်စီတီ လေ့ကျင့်ရေးဌာနအဖြစ် ပေါ်ပေါက်လာမည့် ရန်ကုန်မြို့ရှိ သတင်းအချက်အလက်နည်းပညာ စွမ်းရည်များ မြှင့်တင်ရေးအတွက် အိန္ဒိယ-မြန်မာစင်တာ (India-Myanmar Centre for Enhancement of IT Skills – IMCEITS)၊ ရန်ကုန်နှင့် နေပြည်တော်ရှိ ဘာသာစကားလက်တွေ့စမ်းသပ်ခန်းများ (languages lab)၊ နေပြည်တော်ရှိ e-Resource Centre နှင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ရှိ (Central Land Records Development Training Centre – CLRDTC) အတွက် ကွန်ပျူတာစနစ် ထည့်သွင်းရေးတို့ကို အောင်မြင်စွာအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မှုအပေါ် နှစ်ဖက်အားရကျေနပ်မှုရှိကြောင်း ပြောကြားခဲ့ကြပါသည်။ မြန်မာအစိုးရက ဦးစားပေးအဖြစ် မှတ်ယူထားသည့် ကဏ္ဍများအတွက် အသေးစားဖွံ့ဖြိုးရေးစီမံကိန်းများ တာဝန်ယူဆောင်ရွက်ရေးကူညီထောက်ပံ့ရန်လည်း အိန္ဒိယဘက်က ကမ်းလှမ်းခဲ့ပါသည်။ စိုက်ပျိုးသီးနှံမျိုးစေ့ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပုဂ္ဂလိကနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား သင်တန်းပေးရေး၊ စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သရုပ်ပြသခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာစီမံကိန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံက အကူအညီပေးရန် ကမ်းလှမ်းခဲ့ပါသည်။ နှစ်နိုင်ငံစက်မှုလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၅။ ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အထူးသဖြင့် စိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများအပေါ် လိုက်လျောညီထွေ တုံ့ပြန်နိုင်စွမ်းရှိကြောင်း ပြသနိုင်ခဲ့သဖြင့် ကျေနပ်အားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် ကြန့်ကြာမှုအဟန့်အတားအမျိုးမျိုးကို ဖော်ထုတ်ဖယ်ရှားကြရန် သဘောတူညီခဲ့ကြပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် မေလက ရန်ကုန်မြို့၌ ကျင်းပခဲ့သော အိန္ဒိယ-မြန်မာ စီးပွားရေး သီးသန့်ဆွေးနွေးပွဲသို့ အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဦးဆောင်သည့် အိန္ဒိယစီးပွားရေးအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အကျိုးရှိသော သုံးသပ်ဆွေးနွေးချက်များအပေါ် နှစ်ဖက်လုံးကကျေနပ်အားရကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ အိန္ဒိယကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ ဆေးရုံ၊ မော်တော်ယာဉ်ကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် ချောမွေ့စွာဆောင်ရွက်နိုင်ရေး မြန်မာဘက်က ကူညီပေးစေလိုကြောင်း အိန္ဒိယဘက်က ပြောကြားခဲ့ပါသည်။

၁၆။ မြန်မာနိုင်ငံ၌ အိန္ဒိယနိုင်ငံတော်ဘဏ်၏ ဘဏ်ခွဲဖွင့်လှစ်ရန် လိုင်စင်ထုတ်ပေးခဲ့မှုကို အိန္ဒိယခေါင်းဆောင်ပိုင်းက ကျေးဇူးတင်ရှိကြောင်းပြောကြားလျက် ယင်းဘဏ်ခွဲရုံးဖွင့်လှစ်ရေးအတွက် အကူအညီပေးရန် ပန်ကြားခဲ့ပါသည်။ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု ချဲ့ထွင်ရေးအတွက် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သည့် ဘဏ်လုပ်ငန်း စတင်လည်ပတ်နိုင်ရေးက ကြီးစွာအထောက်အကူဖြစ်စေသည်ဟု နှစ်ဖက်လုံးက ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၇။ နယ်စပ်ဈေးများမှတစ်ဆင့် ကုန်သွယ်မှုစတင်နိုင်ရေးအတွက် နယ်စပ်ဈေးများ ဖွင့်လှစ်လည်ပတ်နိုင်မည့် နည်းလမ်းများကို မကြာမီသဘောတူညီမှုရရှိနိုင်ရေးအတွက် နှစ်ဖက်လုံးက မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၁၈။ မြန်မာနိုင်ငံမှ ပဲမျိုးစုံ ကုန်သွယ်တင်ပို့ရောင်းချရေးအတွက် ဆက်သွယ်စီမံဆောင်ရွက်မှုသည် မြန်မာပဲစိုက်တောင်သူများနှင့် အိန္ဒိယစားသုံးသူများအတွက် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။ မြန်မာ ပဲစိုက်တောင်သူများကို အရည်အသွေးကောင်းမွန်သောပဲများ စိုက်ပျိုးထုတ်လုပ်နိုင်မှုတိုးမြှင့်ရန်နှင့် အိန္ဒိယဈေးကွက်သို့ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိစေရေးအတွက် အိန္ဒိယကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုပြုရန် နှစ်ဖက်လုံးက အားပေးထောက်ခံခဲ့ကြပါသည်။

၁၉။ ၂၀၁၆ ခုနှစ် ဧပြီလ ၈ ရက်နေ့မှစတင်ပြီး မိုရေး-တမူးနယ်စပ်ကိုဖြတ်၍ အိန္ဒိယဘက်က လျှပ်စစ်စွမ်းအားဖြန့်ဖြူးပေးခဲ့မှုကို နိုင်ငံတော်သမ္မတက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။ ယင်းသို့ ဖြန့်ဖြူးမှုသည် ပမာဏအနည်းငယ်သာရှိသေးသော်လည်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ပိုမိုပေါင်းစည်းလုပ်ကိုင်နိုင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ အနာဂတ်ကာလတွင် လျှပ်စစ်စွမ်းအား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ဖြန့်ဖြူးမှုကွန်ရက် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ရေးကို နှစ်ဖက်အလေးထား စဉ်းစားကြမည်ဖြစ်ပါသည်။

၂၀။ အဓိကကျလှသော လျှပ်စစ်စွမ်းအင်ကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို ချမှတ်ဆောင်ရွက်နိုင်ရန်အလို့ငှာ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာရေးထိုးဆောင်ရွက်ရန် နှစ်ဖက်ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့ကြပါသည်။

၂၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေရန်နှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် လျှပ်စစ်စွမ်းအင် လိုအပ်ချက်ပြဿနာကိုဖြေရှင်းရန်အလို့ငှာ နေရောင်ခြည်စွမ်းအင်အရင်းအမြစ်ကြွယ်ဝသောနိုင်ငံများအတွက် ရည်ရွယ်သော အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက် စွန့်ဦးလုပ်ဆောင်မှု ( International Solar Alliance Initiative ) ၌ ပါဝင်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအား ဖိတ်ခေါ်ပါသည်။

၂၂။ အိန္ဒိယကုမ္ပဏီများသည် ရေနံရှာဖွေရေးနှင့် ဟိုက်ဒရိုကာဗွန်ပိုက်လိုင်းကဏ္ဍများ၌ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို အသိအမှတ်ပြုကြောင်းနှင့် ယင်းသို့ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် သဘောတူခဲ့ကြပါသည်။ ရေနံဓာတုနှင့် ရေနံထုတ်ကုန်ဆိုင်ရာ ဈေးကွက်အခြေခံအဆောက်အအုံနှင့် LPG terminal များ ဖွဲ့စည်းတည်ဆောက်ရေးအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် အိန္ဒိယကုမ္ပဏီများကို ဖိတ်ခေါ်ရန် မြန်မာဘက်က သဘောတူညီခဲ့ပါသည်။

၂၃။ နှစ်နိုင်ငံအကြား လက်ရှိယဉ်ကျေးမှုအပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေကို ပြန်လည်သုံးသပ်လျက် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှု ပိုမိုတိုးမြှင့်ရေးအတွက် သဘောတူညီခဲ့ကြပါသည်။ Archaeological Survey of India ၏ ပုဂံရှိ အာနန္ဒာဘုရား ပြုပြင်မွမ်းမံရေးစီမံကိန်း ဆောင်ရွက်ဆဲလုပ်ငန်းများကို အားရကျေနပ်ကြောင်း နှစ်ဖက်လုံးက ပြောကြားခဲ့ကြပါသည်။ ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းနှင့် ဘကြီးတော်မင်းတို့၏ ကျောက်စာပြုပြင်ထိန်းသိမ်းရေးစီမံကိန်းကိုလည်း အိန္ဒိယအစိုးရ၏ ဘဏ္ဍာငွေကြေးအထောက်အပံ့ဖြင့် Archaeological Survey of India ကပင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယဘက်က အတည်ပြုပြောကြားခဲ့ပါသည်။ မွမ်းမံပြင်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပူးတွဲနည်းပညာအထောက်အပံ့ပေးအပ်ရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော အိန္ဒိယပွဲတော်ကိုလည်း နှစ်ဖက်လုံးက အားရကျေနပ်ကြောင်းထုတ်ဖော်ပြောကြားခဲ့ကြပါသည်။

၂၄။ နှစ်နိုင်ငံ ကုန်းလမ်းနယ်စပ်ကိုဖြတ်သန်း၍ နှစ်ဖက်ပြည်သူများ ချောမွေ့စွာကူးသန်းသွားလာနိုင်ရေး၊ ပြည်သူအချင်းချင်း ဆက်သွယ်မှုတိုးမြှင့်ရေးတို့အတွက် အားပေးရန် နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။ တမူး-မိုရေးနှင့် ရိ-ဇိုခေါဒါ နယ်စပ်ဂိတ်များ၌ လူဝင်မှုကြီးကြပ်ရေးရုံးများ ဆောလျင်စွာ ဖွင့်လှစ်ရေးကိစ္စကိုလည်း နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။

၂၅။ နှစ်ဖက်လုံးက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအားလုံးတွင် နီးကပ်စွာ အတူတကွလုပ်ကိုင်ဆောင်ရွက်ရန် ထပ်လောင်းကတိကဝတ်ပြုခဲ့ကြပြီး၊ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၌ အရေးကြီးသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမျိုးသားရေး ရပ်တည်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပါသည်။ အကြမ်းဖက်ဝါဒသည် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြုကြောင်းနှင့် မည်သို့သော အကြမ်းဖက်ဆောင်ရွက်မှုမျိုးကိုမျှ လက်ခံနိုင်ဖွယ်မရှိကြောင်း အလေးအနက်ထားပြောကြားလျက် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေစနစ် ပိုမိုအားကောင်းလာစေရေးအတွက် နှစ်ဖက်လုံးက တိုက်တွန်းခဲ့ကြပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၌ ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် နိုင်ငံတကာအကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Comprehensive Convention on International Terrorism) ကို ဆောလျင်စွာ အပြီးသတ်နိုင်ရေးအတွက် တိုက်တွန်းခဲ့ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးကို (၂၁)ရာစု၏ လိုအပ်ချက်များနှင့်အညီ နိုင်ငံအများစုကပိုမိုကိုယ်စားပြုနိုင်ရေး၊ ပိုမိုထိရောက်ကောင်းမွန်သော အဖွဲ့အစည်းကြီးဖြစ်လာရေးအတွက် ပြုပြင်ပြောင်းလဲရေးအလုံးစုံကြိုးပမ်းမှုတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဆောလျင်စွာ ပြုပြင်ဖွဲ့စည်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့်အချက်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။

စာမျက်နှာ ၉ သို့ ✱



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို သတင်းမီဒီယာများအား ပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ အိန္ဒိယသမ္မတ မစ္စတာ ပရာနဘ် မူခါဂျီးနှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

## ❐ နိုင်ငံတော်သမ္မတမှ

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိလာရာ အိန္ဒိယနိုင်ငံသမ္မတ မစ္စတာ ပရာနဘ် မူခါဂျီးနှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အိန္ဒိယသမ္မတနှင့် ဝန်ကြီးချုပ်တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယနိုင်ငံသမ္မတ မစ္စတာ ပရာနဘ် မူခါဂျီးက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သမ္မတအိမ်တော်မှ မဟတ္တမဂန္ဒီ ဗိမာန်သို့ ရောက်ရှိပြီး ပန်းခွေချအလေးပြုကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ဂ်ျ က ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် Taj Palace ဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတအား အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီက မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် Hyderabad House ၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ နည်းပညာနှင့် သင်တန်းများအကူအညီပေးရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးရေး၊ နှစ်နိုင်ငံ တိုင်းတာရန်ကျန်ရှိနေသည့် နယ်နိမိတ်အပိုင်းများကို တိုင်းတာရေး၊ နှစ်နိုင်ငံလွှတ်တော်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည် ငလျင်ကြောင့် ပျက်စီးသွားသည့်စေတီ၊ ပုထိုးများပြုပြင်ထိန်းသိမ်းရာတွင် အိန္ဒိယနိုင်ငံအနေဖြင့် နည်းပညာအကူအညီနှင့် အခြားလိုအပ်သော အကူညီများပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အိန္ဒိယမှထောက်ခံပါကြောင်းနှင့် လိုအပ်သောအကူအညီများပေးရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သဘောတူစာချုပ် လဲလှယ်ပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီတို ရှေ့မှောက်၌ မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းရှိ တံတားများနှင့် ချဉ်းကပ်လမ်းတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာနှင့် မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ ကလေးဝ-ယာကြီးကားလမ်းပိုင်း တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းနှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂျိုင်းရှန်ကာတို့က လည်းကောင်း၊ တိုင်းရင်းဆေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ တိုင်းရင်းဆေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှရီ အာဂျစ်အမ်ရာရမ်တို့ကလည်းကောင်း၊ ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် အိန္ဒိယနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှရီ အူပန်ဒရာ ထရီပသီတို့ကလည်းကောင်း အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို သတင်းမီဒီယာများအား ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲပိုင်းတွင် နယူးဒေလီမြို့ရှိ အမျိုးသားပြတိုက်နှင့် အိမ်တွင်းလက်မှုပစ္စည်းပြခန်းတို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် အိန္ဒိယသမ္မတအိမ်တော်၌ နိုင်ငံတော်သမ္မတနှင့် အိန္ဒိယနိုင်ငံသမ္မတတို့ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အိန္ဒိယသမ္မတက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂုဏ်ပြုညစာစားပွဲတွင် နှစ်နိုင်ငံသမ္မတများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(သတင်းစဉ်)**

**✻ စာမျက်နှာ ၈ မှ**

ပြန်လည်တိုးချဲ့ဖွဲ့စည်းထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရေးအတွက် အိန္ဒိယနိုင်ငံ၏ကြိုးပမ်းမှုကို မြန်မာနိုင်ငံက ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၆။ အားလုံးပါဝင်သည့် ကျယ်ပြန့်သော အမျိုးသားပြန်လည်စည်းလုံးရေးလုပ်ငန်းစဉ် အောင်မြင်ရန် ကြိုးပမ်းနေမှုအပါအဝင် အခက်အခဲများကြားမှ ဆောင်ရွက်နေဆဲဖြစ်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၌ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အိန္ဒိယနိုင်ငံက ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ သက်ဆိုင်ရာကုလသမဂ္ဂအစည်းအဝေးများ၌ ဆွေးနွေးစဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့အကြား နီးကပ်စွာ အတူတကွ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ဖက်လုံးက သဘောတူခဲ့ကြပါသည်။

၂၇။ ခရီးစဉ်အတွင်း အောက်ပါနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပါသည်-

(၁) တိုင်းရင်းဆေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ
(၂) ပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ
(၃) မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ တမူး-ကျီကုန်း-ကလေးဝ အပိုင်းရှိ တံတားများနှင့် ချဉ်းကပ်လမ်း တည်ဆောက်ရေး/အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ
(၄) မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ ကလေးဝ-ယာကြီး ကားလမ်းအပိုင်းတည်ဆောက်ရေး အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ

၂၈။ ဘင်းမ်စတက်အဖွဲ့အစည်းအားဖြင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် နည်းလမ်းအသွယ်သွယ်ကို နှစ်ဖက်လုံးက ကြိုဆိုခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံတွင်ကျင်းပမည့် The Outreach Summit between BRICS and BIMSTEC သို့ မြန်မာနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ရန်ရှိပါကြောင်း မြန်မာဘက်က အသိပေးပြောကြားခဲ့ပါသည်။

၂၉။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၎င်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ အိန္ဒိယနိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်ခဲ့သည့်အတွက် အိန္ဒိယသမ္မတအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

၃၀။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အိန္ဒိယသမ္မတနှင့် ဝန်ကြီးချုပ်တို့အား မြန်မာနိုင်ငံသို့ နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ချစ်ကြည်ရေးခရီး လာရောက်ပါရန်လည်း ဖိတ်ကြားခဲ့ပါသည်။ အိန္ဒိယဘက်ကလည်း နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်ကို လက်ခံလျက် နှစ်ဖက်အဆင်ပြေမည့် နေ့ရက်အချိန်ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြပါသည်။

**နယူးဒေလီမြို့**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်**

**✻ စာမျက်နှာ ၅ မှ**

အဆိုပါလုပ်ငန်းများအနက် မြောက်ဦးမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောက်ဦးမြို့ ကံလှချောင်းတူးဖော်ခြင်းလုပ်ငန်း ပေ ၅၀၀၀ ကို ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၄၈ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် မြောက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်နိုင်ရေးအတွက် လိုအပ်ပါက ယခင်ဖောက်လုပ်ပြီးသော ရထားလမ်းတာပေါင်တွင် ရေထွက်ပေါက်များဖောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း ၍ ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့များဖြင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ခြင်းနှင့် အခြားလိုအပ်သော အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ ဖွံ့ဖြိုးမှု၊ တာတမံများနှင့် ဆည်မြောင်းများခိုင်ခံ့မှုအတွက် စီမံကိန်းများ စနစ်တကျချမှတ်၍ နိုင်ငံတကာအကူအညီရယူကာ ဆောင်ရွက်သွားရန် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တင်ပြဆောင်ရွက်ထားရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။ **(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲအခမ်းအနားကို ဩဂုတ်၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး မီဒီယာခန်းမ၌ ကျင်းပသည်။

ကြိုဆိုထောက်ခံပွဲကျင်းပရခြင်းမှာ တိုင်းရင်းသားလူမျိုးစုအားလုံးတို့၏ အကျိုးစီးပွားကို ဦးတည်ပြီး ပြည်သူအများ လိုလားတောင့်တလျက်ရှိသော စစ်မှန်သည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကို ဩဂုတ် ၃၁ ရက်တွင် ကျင်းပနိုင်ခြင်းကြောင့် ဖြစ်သည်။

"ငြိမ်းချမ်းရေးလို့ ဆိုတာနဲ့ ပစ်တာ၊ ခတ်တာတွေကို ရပ်တန့်ပါ။ ကျွန်တော်လည်း ငြိမ်းချမ်းချင်တယ်။ တိုင်းရင်းသားအားလုံးကိုလည်း ငြိမ်းချမ်းစေချင်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးတန်းတူညီတူ အခွင့်အရေးရရှိရေး၊ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရရှိရေး ဖော်ဆောင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်တော့မယ့် (၂၁) ရာစု ပင်လုံညီလာခံကြီး အောင်မြင်အောင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပြီးတော့ အောင်မြင်သည်အထိ လုံးပန်းပေးကြပါ။ ကြိုးပမ်းပေးကြပါလို့ တိုက်တွန်းပါတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက ယင်းအခမ်းအနားတွင် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲ ကျင်းပရခြင်းနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက ငြိမ်းချမ်းရေးအတွက် အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ ဂုဏ်ပြုကြိုဆိုထောက်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ယင်းအခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ အစည်းအရုံးမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာ့စီးပွားရေးဘဏ် ဘဏ်စရိတ်နှုန်းထားများ ပြောင်းလဲသတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်များတွင် နိုင်ငံတော်ဘဏ်များမှ ကောက်ခံလျက်ရှိသော အောက်ဖော်ပြပါ ဘဏ်စရိတ်နှုန်းထားများအား (၁-၉-၂၀၁၆) ရက်နေ့မှစ၍ ပြောင်းလဲကောက်ခံမည်ဖြစ်သည်။

**(၁-၉-၂၀၁၆) ရက်နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်းများတွင် ပြောင်းလဲကောက်ခံမည့် နှုန်းထားများ**

| စဉ် | အကြောင်းအရာ | လက်ရှိကောက်ခံနေသည့် နှုန်းထား | ပြောင်းလဲကောက်ခံမည့် နှုန်းထား |
|---|---|---|---|
| ၁။ (က) | **ပို့ကုန်လုပ်ငန်း** ဘီလ်လက်ခံဆောင်ရွက်ခြင်း (Bill Handling Commission) | ဘီလ်တန်ဖိုး၏ ¼ % (သို့) ညီမျှသော ကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | Max : ဘီလ်တန်ဖိုး၏ ¼ % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် |
| ၂။ (က) | **သွင်းကုန်လုပ်ငန်း** သွင်းကုန်ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း (L.C Opening Commission) | ငွေလွှဲစာတမ်းတန်ဖိုး၏¼ % per (3) months or part there of (သို့) ညီမျှသောကျပ် Min : USD 50 (သို့) ညီမျှသောကျပ် | ငွေလွှဲစာတမ်းတန်ဖိုး၏ ¼ % per (3) months or part there of (သို့) ညီမျှသောကျပ် Max:USD 1500 (သို့) ညီမျှသောကျပ် Min: USD 50 (သို့) ညီမျှသောကျပ် |
| (ခ) | ဘီလ်လက်ခံဆောင်ရွက်ခြင်း (Bill Handling Commission) ဤဘဏ်မှဖွင့်လှစ်သော ငွေလွှဲစာတမ်းအရ ပေးပို့သော ဘီလ် Trade Financing L/C အရပေးပို့သော ဘီလ် | ဘီလ်တန်ဖိုး၏ 1/8 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | -Max : USD 75 (သို့) ညီမျှသောကျပ် As per Financing Agreement |
| (ဂ) | ကောက်ခံရေးစနစ်အရ ပေးပို့သောဘီလ် (Bill Under Collection) | ဘီလ်တန်ဖိုး၏ 1/2 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် | Max : ဘီလ်တန်ဖိုး၏ 1/2 % (သို့) ညီမျှသောကျပ် -Min : USD 50 (သို့) ညီမျှသောကျပ် |
| ၃။ (က) | **ဘဏ်အာမခံလုပ်ငန်း** ဘဏ်အာမခံလျော်ကြေး တောင်းခံခြင်း (Claim Under Guarantee) | | USD 25 (သို့) ညီမျှသောကျပ် |
| ၄။ (က) | **စာရင်းဌာနလုပ်ငန်း** SWIFT 103 Payment များအတွက်ကောက်ခံခြင်း (နိုင်ငံခြားဘဏ်ခွဲအတွက်) | | USD 50 per transaction |

**မှတ်ချက်။ ။ အခြားဘဏ်စရိတ်နှုန်းထားများ ပြောင်းလဲမှုမရှိပါ။**

**○ အရေးပေါ်မှ**

ပထမအဆင့်အနေနဲ့ ငလျင်ကြောင့်ပျက်စီးခဲ့တဲ့ ဘုရားပုထိုးစေတီတွေထဲက ရှေးဟောင်းသုတေသနနဲ့ ယူနက်စကိုတို့ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ လုပ်ဆောင်ရမယ့်စေတီက ဘယ်လောက်ထွက်လာမလဲ။ မှတ်တမ်းမှတ်ရာအရ မလိုအပ်ဘူး။ အပျက်အစီးလည်းနည်းတယ်ဆိုရင်တော့ သီးသန့်လုပ်လို့ရမယ့် စေတီက ဘယ်လောက်ရှိမလဲဆိုတာတွေကို နှစ်ပိုင်းခွဲထားပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ၊ NGO အဖွဲ့တွေက ခေါင်းဆောင်တွေ၊ သံဃာတော်တွေလည်းပါမယ်။ သင်တန်းတွေပေးပြီးတော့မှပဲ ရှင်းလင်းရေးတွေ၊ ပြင်ဆင်ရေးတွေကို ဆက်ပြီးလုပ်ဆောင်ဖို့ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငလျင်ဒဏ်သင့်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားပုထိုးစေတီများသည် များသောအားဖြင့် အပေါ်ပိုင်းများတွင်သာ အပျက်အစီးများနေခြင်းကြောင့် ပြင်ဆင်မှုများပြုလုပ်မည့်အချိန်တွင်လည်း ပြင်ဆင်လိုက်ခြင်းကြောင့် ရှေးဟောင်းပစ္စည်းများ ထပ်မံပျက်စီးမှုမရှိစေရန် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ပြင်ဆင်မှုအပိုင်းအတွက် ဆွေးနွေးမှုများမပြုလုပ်ရသေးသော်လည်း ယူနက်စကိုနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနတို့မှ ပညာရှင်အဖွဲ့များပူးပေါင်းကာ အသေးစိတ်လေ့လာမှုများပြုလုပ်ပြီးမှသာ ပြင်ဆင်မှုအပိုင်းကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာရှိတဲ့ ဘုရားပုထိုးစေတီတွေ ပြင်ဆင်တဲ့အချိန်မှာ ပထမအချက်က မူလလက်ရာမပျက်ပြင်ဆင်နိုင်ရေး၊ ဒုတိယအချက်ကတော့ အမြင်တင့်တယ်ရုံမဟုတ်ဘဲ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်သွားနိုင်ရေးတို့ကို ဦးစားပေးအနေနဲ့ ဗိသုကာအဖွဲ့တွေ၊ အင်ဂျင်နီယာအဖွဲ့တွေ၊ ရှေးဟောင်းသုတေသနအဖွဲ့တွေ၊ ယူနက်စကိုအဖွဲ့တွေ စတဲ့အဖွဲ့အစည်း အသီးသီးနဲ့အတူ လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောသည်။

**(နိုင်လင်းကြည်)**

# အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ

**ဗန်ကောက် ဩဂုတ် ၂၉**

အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (က)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂူအမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၁၁ ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခြေအသာဖြင့် ကစားခဲ့ပြီး စန်းသော်သော်က တစ်ဦးတည်းရှစ်ဂိုးသွင်းယူခဲ့ကာ သီတာဝင်း၊ နှင်းမြတ်သဇင်နှင့် မေထက်လုတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဩဂုတ် ၂၇ ရက်က ယှဉ်ပြိုင်သည့် ပထမပွဲတွင် လာအိုအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်ရှုံးနိမ့်ထားရာ နှစ်ပွဲကစား သုံးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် စက်တင်ဘာ ၃ ရက်တွင် ဂျော်ဒန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

**✻ ချင်းတွင်းမြစ်ရေမှ**

တွေ မည်းနက်နေတာမှန်ပေမယ့် ညနေပိုင်းမှ ပုံမှန်မြစ်ရေအရောင်ကိုရောက်နေပြီဖြစ်ပြီး ဆက်စီးမှာဖြစ်လို့ အောက်ပိုင်းဟုမ္မလင်းမှာ၂၄ ရက်က မြစ်ရေမည်းတာဆိုပြီး ဖြစ်နေတာပါ"ဟု ဦးဇင်မောင်ကပြောပြသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ အနက်ရောင်သို့ ရုတ်တရက်ပြောင်းလဲသွားသည့်အပေါ် ဒေသခံအများစုက စိုးရိမ်မှုများရှိခဲ့ပြီး မြစ်ရေကို သောက်သုံးရန်မသင့်ကြောင်း သတ်မှတ်ပြောဆိုခဲ့မှုများရှိခဲ့ကြောင်း ခန္တီးဒေသခံနှင့် ဆက်သွယ်ပြောဆိုချက်အရ သိရသည်။ မြစ်ရေရုတ်တရက် အနက်ရောင်ပြောင်းလဲမှုကို ဒေသခံများအနေဖြင့် စိုးရိမ်မှုနှင့်အတူ အနံ့ရမရမြစ်ရေကို နမ်းကြည့်ခြင်းသောက်သုံးရေအဖြစ် မြစ်ရေအမြဲသုံးရာမှ အရောင်ပြောင်းလဲပြီးနောက် မသောက်သုံးကြတော့ဘဲ ကုန်းမြေပေါ်ရှိနီးစပ်ရာရေကို စုပေါင်းသုံးစွဲနေကြကြောင်း သိရသည်။

"ဩဂုတ် ၂၂ ရက် နံနက်ပိုင်းကတည်းက ခန္တီးမြို့မျက်နှာစာမြစ်ကြောင်းအတွင်း အနက်ရောင်ကို ရုတ်တရက်ပြောင်းလဲသွားတဲ့အတွက် စိုးရိမ်တာမျိုးတော့ဖြစ်ခဲ့ပါတယ်။ အရင်နေ့ကထိ မြစ်ရေအရောင်ပုံမှန်ဖြစ်ရာက ပြောင်းသွားတော့ ထိတ်လန့်ချင်စရာပေ့ါ။ ရေကိုနမ်းကြည့်တော့ အနံ့မရသလို ရေနေတိရစ္ဆာန်သေတာ ပြတာတွေတော့ မတွေ့ပါဘူး။ ခန္တီးဒေသခံတွေက မြစ်ရေကိုပဲ သောက်ကြ၊ သုံးကြတာပါ။ အခုဘယ်သူမှ မသောက်ရဲကြတော့သလို ချိုးလည်း မချိုးရဲကြတော့ နီးစပ်ရာရေကို စုပေါင်းသုံးနေကြရတာကို တွေ့ရပါတယ်"ဟု ခန္တီးဒေသခံ ကိုကျူကပြောပြသည်။

ချင်းတွင်းမြစ်ရေ ရုတ်တရက် အနက်ရောင်သို့ ပြောင်းလဲသွားခြင်းအပေါ် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်ကလည်း မြေပြိုဆင်းခဲ့မှုကြောင့် အရောင်ပြောင်းခဲ့သလို ယခုရေအရောင်ပြောင်းခြင်းသည်လည်း ကနဦးသတင်းသိထားရသည်မှာ နန့်စကားချောင်းအတွင်း မိုးများ၍ တောင်ပြိုခြင်းကြောင့်ဖြစ်သည်ဟု သိထားရကြောင်း လက်ရှိတွင် ဟုမ္မလင်းမြို့ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန တာဝန်ရှိသူများအနေဖြင့် ရန်ကုန်မြို့သို့ ဓာတ်ခွဲစမ်းသပ်ရန် အရောင်ပြောင်းသွားသော မြစ်ရေပို့၍ ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်နေရာ စမ်းသပ်ရက် ၁၀ ရက်ခန့်တွင် အဖြေရနိုင်မည်ဖြစ်ကြောင်း ယခင်တိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနဦးစီးမှူး (ယခု နေပြည်တော်)က သုံးသပ်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံတွင် ယနေ့ နံနက် ၁၁နာရီခွဲက ယှဉ်ပြိုင်ကစားကြသည်။

ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(F)မှ အီရန်ကလပ်အသင်းနှင့် အုပ်စု(E)မှ ဗီယက်နမ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီရန်ကလပ်အသင်းက (၂၅-၁၈)မှတ်၊ (၂၅-၁၆) မှတ်၊ (၂၅-၁၈) မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(F)မှ ဂျပန်ကလပ်အသင်းနှင့် အုပ်စု (E)မှ မြန်မာကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျပန်ကလပ်အသင်းက (၂၅-၁၂) မှတ်၊ (၂၅-၁၉) မှတ်၊ (၂၅-၁၇)မှတ် သုံးပွဲပြတ်လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် အုပ်စု(E)မှ တရုတ်ကလပ်အသင်းနှင့် အုပ်စု(F)မှ ကာဇက်စတန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တရုတ်ကလပ်အသင်းက (၂၉-၂၇)မှတ်၊ (၂၃-၂၅) မှတ်၊ (၃၆-၃၄)မှတ်၊ (၂၅-၂၃)မှတ် သုံးပွဲတစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး ဝဏ္ဏသိဒ္ဓိအားကစား (C)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(G)မှ ထိုင်းကလပ်အသင်းနှင့် အုပ်စု(H)မှ အီရတ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီရတ်ကလပ်အသင်းက (၂၄-၂၆) မှတ်၊ (၂၅-၂၃) မှတ်၊ (၂၉-၂၇)မှတ်၊ (၂၅-၁၅)မှတ် သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံ၌ ည ၇ နာရီတွင် စတုတ္ထပွဲစဉ်အဖြစ် အုပ်စု(E)မှ ကာတာကလပ်အသင်းနှင့် အုပ်စု(F)မှ တိုင်ပေကလပ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြပါသည်။

**(မောင်မောင်ဇော်)**

■

# ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ ဆန္ဒပြခြင်းအား တာဝန်ရှိသူတို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် တရားဝင်သွားရောက်ခဲ့ကြသော လုပ်သား ၂၇၆ ဦးအဖွဲ့မှ လုပ်သား ၁၀၉ ဦးသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ မြန်မာသံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

ထိုင်းနိုင်ငံ နယ်မြေခံရဲများက မြန်မာသံရုံးသို့အကြောင်းကြားလာသဖြင့် ထိုင်းနိုင်ငံရှိ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၏ ညွှန်ကြားမှုဖြင့် အလုပ်သမား သံအရာရှိ ဦးမိုးအောင်ခိုင်နှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာ ဌာနများသို့ အကြောင်းကြားခြင်း၊ မြန်မာနိုင်ငံမှ တာဝန်ယူပို့ဆောင်ပေးခဲ့သော Perfect Co.,Ltd. မှ MD ဦးကိုဦး၊ ထိုင်းနိုင်ငံရှိ Asian sport group Co.,Ltd. မှ တာဝန်ရှိသူများအား အကြောင်းကြားကာ ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများကို ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (ဆဝါဒီကန်)တို့နှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးခြင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ MoU စနစ်ဖြင့် တရားဝင်သွားရောက်ကြသော လုပ်သား ၂၇၅ ဦးတို့သည် ဩဂုတ် ၁၃ ရက်က ထိုင်းနိုင်ငံသို့ တရားဝင်ရောက်ရှိခဲ့ပြီး မြန်မာအေဂျင်စီ ပါဖက်ကုမ္ပဏီက နေရာထိုင်ခင်း၊ အခန်းများ၊ စားသောက်စရာများကို တာဝန်ယူစီစဉ်ပေးခဲ့သည်။ ယင်းလုပ်သား ၂၇၅ ဦးတို့မှာ ထိုင်းနိုင်ငံ၏ ဥပဒေအရ သွေးစစ်ခြင်း၊ အလုပ်ခွင့်ပြုချက်များ ပြုလုပ်ရန် စောင့်ဆိုင်းခဲ့ရပြီး လုပ်သား ၅၉ ဦးတို့ လုပ်ငန်းခွင်သို့ဝင်ရောက်ခဲ့ကာ ကျန်လုပ်သားများ စောင့်ဆိုင်းနေရသည်မှာ အချိန်ကြာလာသဖြင့် မြန်မာသံရုံးမှ သံအရာရှိ ဦးအောင်ကိုသန်းနှင့် တာဝန်ရှိသူများ ပထမတစ်ကြိမ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြရာတွင် ဩဂုတ် ၁၆ ရက် နောက်ပိုင်းမှစတင်၍ အလုပ်မဝင်ရသေးသည့် လုပ်သားများကို တစ်ရက်လျှင် ထိုင်းဥပဒေအရ ၇၅ ရာခိုင်နှုန်း၊ ထိုင်းဘတ်ငွေ ၂၂၅ ဘတ်ကို ပါဖက်ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်အထိ လုပ်ငန်းခွင်ဝင်ရောက်ခြင်းမရှိလျှင် အလုပ်ရှင်မှ တစ်နေ့လျှင် ထိုင်းဘတ်ငွေ ၃၀၀ ပေးဆောင်သွားမည်ဖြစ်ကြောင်း သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ဩဂုတ် ၂၆ ရက်က ဆန္ဒပြခဲ့ကြခြင်းအား တာဝန်ရှိသူတို့မှ ညှိနှိုင်းဆောင်ရွက်ကြရာတွင် နေရပ်သို့ပြန်မည့် အလုပ်သမားများအား နေရပ်သို့ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။ အလုပ်နေရာပြောင်းလိုသူများအတွက် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ သံအရာရှိ ဦးမိုးအောင်ခိုင်က အခြားအလုပ်ရုံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် စီစဉ်ပေးခဲ့ကာ ဩဂုတ် ၂၆ ရက် ညနေတွင် ပြောင်းရွှေ့ရန် ကိုယ်တိုင်သွားရောက်စစ်ဆေးကာ ပါဖက်ကုမ္ပဏီက နေရာထိုင်ခင်းနှင့် အစားအသောက်များ နေ့ချင်းစီစဉ်ပေးခဲ့သည်။ နေရပ်လည်းမပြန်၊ အလုပ်လည်းမပြောင်း၊ လက်ရှိအလုပ်တွင် လုပ်ကိုင်ရန်စောင့်ဆိုင်းနေသူအချို့အတွက် အလုပ်ရှင်က စက်တင်ဘာ ၁ ရက်နေ့ အထိ အလုပ်မဆင်းရပါက တစ်ရက်လျှင် ထိုင်းဘတ်ငွေ ၃၀၀ နှုန်းဖြင့် ပေးချေသွားမည်ဖြစ်ကြောင်း မြန်မာမာသံအရာရှိ ဦးမိုးအောင်ခိုင်က မြန်မာလုပ်သားများနှင့်အလုပ်ရှင်များ၏ အလုပ်ရှင်အလုပ်သမားပြဿနာကို ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေမန်း(အင်းစိန်)**

# မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှည့်လည်ဟောပြော

**မော်လမြိုင် ဩဂုတ် ၂၉**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ၊ ရွှေ့လျားစာကြည့်တိုက်အသိပညာပေး(ယာဉ်)ဖြင့် ဓာတ်ပုံ၊ ကာတွန်း၊ စာစောင်၊ သတင်းစာများ ဗဟုသုတစာစောင်များ ဖတ်ရှုရေးနှင့် အသိပညာပေးဟောပြောပွဲများကို နေ့စဉ် လူစည်ကားရာနေရာများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းရှေ့များ၊ နည်းပညာတက္ကသိုလ်ကျောင်း၊ အထက်တန်း၊ အလယ်တန်းကျောင်းများ ဈေးများတွင် ကျင်းပလျက်ရှိသည်။

အဆိုပါအစီအစဉ်အရ အသိပညာပေးဟောပြောပွဲများကို ဩဂုတ် ၂၆ ရက်က မြိုင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အထက်တန်းကျောင်းများရှေ့နှင့် ဈေးများ၊ မော်လမြိုင်-ဘားအံသွား ကားလမ်းဘေး၊ အငှားဆိုင်ကယ်ဂိတ်များ၊ လမ်းသွားလမ်းလာ ပြည်သူတို့အား လည်းကောင်း၊ ကတိုးရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကတိုးကျေးရွာရှိ ပြည်သူများအား လည်းကောင်း၊ နယ်မြေရဲစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောပွဲများကို ဩဂုတ် ၂၅ ရက်က မော်လမြိုင်မြို့နယ် နည်းပညာတက္ကသိုလ်ကျောင်းရှေ့တွင် လည်းကောင်း၊ ရွှေနတ်တောင်အထက်တန်းကျောင်းတွင် လည်းကောင်း၊ ဩဂုတ် ၂၄ ရက်က ကျိုက်ဖနဲရပ်ကွက်၊ အောင်ကျင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့များနှင့် ဈေးများ၊ မော်လမြိုင် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေး၊ မန္တလေးရပ်ကွက်၊ ဖက်တန်းရပ်ကွက်၊ မရမ်းကုန်းရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် ဘိုကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့များတွင် လည်းကောင်း ဩဂုတ် ၂၃ ရက်က ရွှေမြိုင်သီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် ဈေးတွင်လည်းကောင်း အသိပညာပေးဟောပြောပွဲများနှင့် လက်ကမ်းစာစောင်များ ဝေငှပေးကြကြောင်း သိရသည်။

**(ခရိုင်ရဲတပ်ဖွဲ့)**

# မိတ္ထီလာ ဝန်ဇင်းကန်ပေါင်အနီးတွင် စွန်လွှတ်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၂၉**

မိတ္ထီလာ ဝန်ဇင်းကန်ပေါင်အနီးတွင် မိုးရွာသွန်းမှုမရှိသည့် ညနေများ၌ စွန်လွှတ်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိပြီး စွန်ဖြတ်ကစားသူအများစုမှာ စိတ်အပန်းဖြေသည့်အနေဖြင့် လာရောက်ကစားခြင်းဖြစ်ကြောင်း သိရသည်။

"နေ့တိုင်း ဝန်ဇင်းကန်ပေါင်မှာ စွန်လာလွှတ်ဖြစ်တယ်။ စွန်ဖြတ်တမ်းကစားရတာ စိတ်ပေါ့ပါးလွတ်လပ်တယ်။ သူတစ်ပါးစွန်နဲ့ ကိုယ့်စွန်ဖြတ်ကြတဲ့အခါ သူ့စွန်ကိုဖြတ်နိုင်ရင်ပျော်တယ်။ ကိုယ့်စွန်အဖြတ်ခံရင် ဝမ်းနည်းပေမယ့် အေးဆေးပဲ။ နောက်စွန်တစ်ခုထပ်လွှတ်ပြီး သူ့စွန်ကိုဖြတ်နိုင်ဖို့ ကြိုးစားတာပေါ့။ အခုလို စွန်ဖြတ်တမ်းကစားရတာ ပျော်ရွှင်စရာကောင်းတယ်။ စိတ်အပန်းဖြေရာလည်းရောက်တာမို့ ကျွန်တော် နေ့တိုင်း စွန်လွှတ်စွန်ဖြတ်တမ်း ကစားပါတယ်"ဟု ရန်မျိုးအောင်ရပ်ကွက်မှ စွန်လွှတ်ကစားသည့်လူငယ်တစ်ဦးက ပြောသည်။

ဝန်ဇင်းကန်ပေါင်အနီး စွန်လွှတ်တမ်းကစားသူများထဲတွင် လူငယ်များသာမက လူလတ်ပိုင်း၊ လူကြီးအရွယ်များလည်းပါဝင်ပြီး ငယ်စဉ်ကပင် စွန်လွှတ်ခြင်းကစားနည်းကို ခုံမင်စွာကစားခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

"ငယ်ငယ်တုန်းကဆိုရင် စွန်ကိုဝယ်ပြီးတော့ လွှတ်တာမဟုတ်ဘူး။ ကိုယ်တိုင် စက္ကူဖြတ်၊ ကော်သုတ်၊ ဝါးဖြာပြီးတော့ စွန်ကို လုပ်တယ်။ ပြီးတော့လွှတ်တဲ့ကြိုးအတွက် အပ်ချည်လုံးတွေဝယ်ပြီး ကော်ရည်ကျိုတယ်။ လျှပ်စစ်ဖန်ချောင်းနဲ့ မီးသီးတွေကို အမှုန့်ဖြစ်အောင် ထုချေထောင်းထုပြီး ကော်ရည်နဲ့နယ်၊ အဝတ်စထဲ အဲဒီအမှုန့်တွေနဲ့ ကော်ရည်နယ်ထားတဲ့ မှန်စာမှုန့်ကို တိုင်တစ်ခုနဲ့ တစ်ခု ရစ်ပတ်ချည်ထားတဲ့ အပ်ချည်ကြိုးကို ဖြည်းဖြည်းချင်းပွတ်တိုက်ပေးမယ်။ မှန်စာတိုက်တယ်လို့ ခေါ်တယ်။ အဲဒီလို မှန်စာတိုက်ထားတဲ့ မှန်စာကြိုးနဲ့မှ စွန်ဖြတ်တမ်းကစားတဲ့အခါ မှန်စာကြိုးကောင်းရင် ကောင်းသလောက် သူတစ်ပါးထက်ကိုယ်က သာတယ်လေ။ အဲဒီလောက်အထိကို စွန်လွှတ်တမ်းကစားတာကို ခုံမင်ခဲ့ကြတာ။ အခုတော့ ကိုယ်တိုင်စွန်လုပ်၊ မှန်စကြိုးတိုက်တာ မလုပ်တော့ပေမယ့် စွန်လွှတ်မယ့်အချိန်ရောက်ရင် စွန်လွှတ်၊ စွန်ဖြတ်တမ်းကစားဖြစ်ပါတယ်"ဟု ဝန်ဇင်းရပ်ကွက်မှ အသက် ၄၅ နှစ်အရွယ် ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ယခုအခါ ဆီစိမ်စက္ကူဖြင့် ပြုလုပ်သည့် စွန်တစ်ခုကို ကျပ် ၅၀၊ မှန်စာကြိုးကိုက် ၁၀၀ ကို ကျပ် ၁၀၀ ဖြင့် ရောင်းချသည့်ဆိုင်မှ ဝယ်ယူကာ ရစ်လုံးဖြင့် စွန်လွှတ်ခြင်း၊ စွန်ဖြတ်ခြင်း ကစားကြခြင်းဖြစ်ပြီး စွန်လွှတ်၊ စွန်ဖြတ်ကစားသူ၊ ပြတ်သွားသည့် စွန်များကို လိုက်လံလုယူကစားသူများဖြင့် မိတ္ထီလာ ဝန်ဇင်းကန်ပေါင်ရိုး၌ မိုးရွာသွန်းမှုမရှိသည့် ညနေခင်းများတွင် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**သန်လျင် ဩဂုတ် ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာများဖြစ်သည့် ပေါက်တော၊ ညောင်ဝိုင်း၊ မင်္ဂလွန်း၊ ဒေးဇတ်၊ ထော်သွန်၊ ဥယျာဉ်၊ ပြည်တော်သာကျေးရွာတို့သို့ သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်ထိ သွားရောက်ပြီး မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး စာရင်းဇယားပုံစံရေးသွင်းထားမှုများ မှန်ကန်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဒေးဒရဲ၌ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်

**ဒေးဒရဲ ဩဂုတ် ၂၉**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ဒေးဒရဲမြို့နယ် အထက(၁) ကရဝိက်ခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်နှင့် NFPE ဗဟိုနည်းပြအဖွဲ့ အဖွဲ့ဝင် ဒေါ်ညွန့်ညွန့်ရီတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်တင်အုန်းက NFPE ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင် ပညာရေးမှူး ဒေါ်စိန်မာအေးက ဒေးဒရဲမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး အခြေစိုက်စခန်း ခြောက်ခုရှိ စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် ဆရာ ဆရာမများအား ဆုများချီးမြှင့်သည်။ ဆက်လက်၍ တာဝန်ရှိသူများက အခြေစိုက်စခန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများပေးအပ်ခြင်း၊ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်း၊ ထူးချွန်သင်တန်းသားများနှင့် အလယ်တန်းပညာဆက်လက်သင်ယူနေသည့် ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ပြီး တော်တနီးအခြေစိုက်စခန်းမှ ဒုတိယအဆင့်အောင်မြင်သော မောင်ကျော်ဇင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် NFPE သင်တန်းဆရာ ဆရာမများက "ဒီနေ့" သီချင်းကို သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**

# မျိုးသန့်ထုတ် စိုက်ကွင်းများနှင့် ပျိုးသက်နုကောက်ကွက်ကြဲ စိုက်စနစ် စံပြကွက်များအောင်မြင်ရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၁၆-၂၀၁၇ မိုးစပါးရာသီတွင် စိုက်ပျိုးထားသော(RS-CS) မျိုးသန့်ထုတ် စိုက်ကွင်းများနှင့် စိုက်စနစ်ယှဉ်ပြိုင်စိုက်ကွက်၊ ပျိုးယှဉ်ပြိုင်ကွက်၊ ပျိုးသက်နုကောက်ကွက်ကြဲ(SRT) စိုက်နည်းစံပြကွက်များအား ကြည့်ရှုစစ်ဆေးခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက တဲကြီးကုန်း မျိုးစေ့ထုတ်လုပ်သူများအသင်းနှင့် အောင်ဇမ္ဗူမျိုးစေ့ထုတ်လုပ်သူများအသင်းရှိ စိုက်ပျိုးဧက ၆၆ စိုက်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)စပါးသီးနှံဌာန ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငြိမ်းတို့က ကြီးကြပ်ကာ ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က မျိုးစေ့ထုတ်စိုက်ကွက်များ ပီပြင်စွာဆောင်ရွက်နိုင်ရေးနှင့် မျိုးကွဲများစနစ်တကျနုတ်ပယ်သွားကြရန် မြို့နယ်နှင့် ကွင်းဝန်ထမ်းများအား မှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀၊ မန္တလေး(ရွှေဈေး) ၈၄၉၅၀၀ - ၈၄၉၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/ ၆၂၀ ကျပ်၊ | ၆၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၃၀ ကျပ်၊ | ၅၅၀/၅၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၆၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**၂၂-၈-၂၀၁၆ ရက်နေ့မှ ၂၆-၈-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၁၂ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၂၄ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၀၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၄၇. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၀. ၄၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၇၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၄၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၉၃၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၀. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၇၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇. ၈၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀- ၈ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-MRTV Entertainment Music
၆:၂၀ ကာတွန်းအစီအစဉ်
"Ice Age; Continental Drift
(Part-1)
၇:၀၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ
(အပိုင်း-၇၃)
၇:၄၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်"
(အပိုင်း-၃၃)
၈:၂၀ MRTV Entertainment Music
၈:၃၀ စွန့်စားတတ်တဲ့ ခေါက်ပုံဆရာ
၈:၅၅ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉:၀၅ ပြည်သူ့နီတိ
"ရိုးရိုးကျင့်မြင့်မြင့်ကြံ"
၉:၂၀ MRTV Entertainment Music
၉:၃၀ ကယားပြည်နယ်
၉:၄၀ မြင်းလှည်းဆရာ
၉:၅၀ မြန်မာဗီဒီယိုဇာတ်လမ်း
"အပိုင်ကွက်"
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇:၃၅ လူမှုစီးပွားမြင်ကွင်းများ
၈:၃၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏ အဆို၊
အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲ
ဝင်များလေ့လာနိုင်ရန်
(အဆိုဘာသာရပ်)
(ခေတ်ဟောင်းတေးနှင့်ကာလ
ပေါ်တေး)[ဝါသနာရှင်
(ပထမတန်း)အဆင့်](အမျိုးသား)
၈:၄၀ ဥပဒေရေးရာအဖြာဖြာ"သစ္စာ"
၉:၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်
အစီအစဉ်
၁၀:၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး
အစီအစဉ်
၁၁:၁၅ "(၂၁)ရာစုပင်လုံနှင့် ဘဏ္ဍာရေး
သုံးစွဲမှု"
၁၁:၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
(အမျိုးသမီးရေးရာအကြောင်း
ဆွေးနွေးခန်း)
၁၂:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၇)
၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၈)
၂:၃၀ "ပျော်စရာစုံညီ ရခိုင်ပြည်က
သုံးရာသီ" (ရခိုင်ပြည်နယ်)
၃:၃၅ လူမှုစီးပွားမြင်ကွင်းများ
၄:၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏ အဆို၊
အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲ
ဝင်များလေ့လာနိုင်ရန်
(အဆိုဘာသာရပ်)
(ခေတ်ဟောင်းတေးနှင့်ကာလ
ပေါ်တေး)(အဆင့်မြင့်ပညာ
အဆင့်)(အမျိုးသမီး)
၄:၃၅ Fooball Magazine
(ရေဝတီယူနိုက်တက်အသင်း)
၅:၁၅ "(၂၁)ရာစုပင်လုံညီလာခံနှင့်
ကော်မတီများ၏အကြိုပြင်ဆင်
မှုများ"
၅:၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း(စတော့အိတ်ချိန်းတွင်
အရင်းအနှီးမြှင့်တင်ခြင်းနှင့်
ရင်းနှီးမြှုပ်နှံခြင်း)(အပိုင်း-၃)
၆:၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
(မိတ်ကပ်လင်းလင်း)
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၉)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း
-2016-Yangon Aerodrome
Asian Men's Club Volleyball
Championship
ပြိုင်ပွဲအစီအစဉ်
-Yes or No Talk Show
"Choice on Degree" (Part-1)
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၈)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၈:၄၅ ခရီးလည်းသွားစကားလည်းဆို
၉:၁၀ World Wide Web
၁၀:၁၅ Books Guide
၁၀:၃၀ Guide For You
၁၀:၄၅ သီချင်းလက်ဆောင်
၁၁:၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁:၂၅ Sportcast
၁၁:၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂:၂၅ ကျန်းမာသုတ
၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ အင်္ဂလိပ်စာသုတ
၄:၄၀ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ Sport Review
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မင်းသမီးနဲ့ကျွန်တော်
(အပိုင်း-၅၁)
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရူးဏ်ဦးရဲ့ချစ်ပန်းသခင်
(အပိုင်း-၅၁)
၆:၁၀ Let's Go To
၆:၃၅ Dream Team ရဲ့ စိန်ခေါ်မှုများ
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ချစ်သူတို့စိတ်ဝမ်း
အေးချမ်းပါစေ (အပိုင်း-၆၄)
(ဇာတ်သိမ်း)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အဏ္ဏဝါချစ်သူ (အပိုင်း-၁၈)

## MRTV-4

၅:၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၄၀ "ချစ်တတ်ပြီလား"တရားတော်
[ဆရာတော်အရှင် ဓမ္မရက္ခိတာ
လင်္ကာရ (သံဖြူဇရပ်)]
၈:၀၀ "မင်္ဂလာပါ"
The Morning Show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ သွားမယ်စားမယ်
[Fish&Co(Seafood in a Pan
Restaurant)
၁၂:၃၅ အနုပညာမိုးကောင်းကင်
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"
(အပိုင်း-၃၇)
၃:၄၀ Wedding Fashion by Yumi
Katsura
၄:၀၀ Cartoon Series (English Play
Ground)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၄၉)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"(အပိုင်း-၃၈)
၈:၁၅ ရသစုံညွှန်းတမ်းများ
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သစ္စာတည်စေသော်"
(အပိုင်း-၉၄)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိမိန်းမလှလေး"
(အပိုင်း-၂၁)
၉:၅၅ အနုပညာမိုးကောင်းကင်
၁၀:၁၅ MRTV-4 Stage



## သရုပ်ဆောင် ဝါဆိုမိုးဦး မွေးနေ့အထိမ်းအမှတ် သာသနာ့အမွေခံယူပေးကာ ရဟန်းအမ ခံယူ

ရန်ကုန် ဩဂုတ် ၂၉

မော်ဒယ်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်တစ်ဦးဖြစ်သူ ဝါဆိုမိုးဦး၏ အသက် (၂၂)ပြည့် မွေးနေ့အထိမ်းအမှတ်ကုသိုလ်ပြုပွဲအဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မြကန်သာအိမ်ရာရှိ မိုးကုတ်ကျောင်းတိုက်မှ သံဃာတော် ခုနစ်ပါးအား သာသနာ့အမွေခံယူပေးပြီး ဆရာတော် မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တအာစိဏ္ဏကို သိက္ခာထပ်ရဟန်းခံပေးကာ ရဟန်းအမအဖြစ် ခံယူခဲ့ကြောင်း ဆရာတော်၏ မိန့်ကြားချက်အရ သိရသည်။ အခြားကုသိုလ်ကောင်းမှုများပြုလုပ်ဖြစ်ခဲ့သော်လည်း ယခု (၂၂)ပြည့်တွင် ရဟန်းအမဖြစ်လိုစိတ်များ ပေါ်ပေါက်လာသဖြင့် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား သိက္ခာထပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ (ထွန်းထွန်း)

## ဗီယက်နမ်အလှမယ်(၂၀၁၆)အဖြစ် သရဖူဆောင်းနိုင်ခဲ့သည့် အသက်(၂၀)အရွယ် တက္ကသိုလ်ကျောင်းသူ Do My Linh



ဗီယက်နမ်နိုင်ငံတစ်ဝန်းမှ ပြိုင်ပွဲဝင် ၁၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည့် ဗီယက်နမ်အလှမယ် ၂၀၁၆ ပြိုင်ပွဲကို (၂၈)ကြိမ်မြောက်အဖြစ် ဩဂုတ် ၂၈ ရက် ညပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ **Phu Tho Gymnasium** ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အသက်(၂၀) အရွယ် အလှမယ် **Do My Linh** က ဗီယက်နမ်အလှမယ်(၂၀၁၆)အဖြစ် သရဖူဆောင်းနိုင်ခဲ့သည်။

အလှမယ် **Do My Linh** သည် ပုလဲ ၆၃ လုံးနှင့် နီလာ ၃၂၆၀ လုံးတို့ဖြင့် လက်မှုပညာသည် အယောက် ၄၀ က သုံးလကြာဖန်တီးပုံဖော်ထားသော သရဖူကို ပန်ဆင်ရရှိခဲ့ပြီး ဆုကြေးငွေအဖြစ် ဗီယက်နမ် ဒေါင်သန်း ၅၀၀(အမေရိကန်ဒေါ်လာ ၂၂၄၀၀)ကို ရရှိခဲ့သည်။

ဗီယက်နမ်အလှမယ်(၂၀၁၆) သရဖူပိုင်ရှင် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သူ **Do My Linh** နှင့်အတူ 1st **Runner-up** ဆုရှင်အဖြစ် အသက်(၂၂)နှစ်အရွယ် **Ngo Thanh Thanh Tu** ကလည်းကောင်း၊ 2nd **Runner-up** ဆုနှင့် **Most Talented** ဆုရှင်အဖြစ် **Huynh Thi Thuy Dung** တို့က ရရှိဆွတ်ခူးခဲ့သည်။

ဟန္နိုင်းမြို့သူတစ်ဦးဖြစ်သည့် အလှမယ် **Do My Linh** သည် ၂၀၁၅ ခုနှစ်က **Miss Universe** အလှမယ်ရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ဆန်ခါတင် ၁၅ ဦးစာရင်းတွင်ပါဝင်ခဲ့ကာ ယင်းအဆင့်ဖြင့်ပင် ကျေနပ်ခဲ့ရသူတစ်ဦးဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ အထင်ကရ အလှမယ်ရွေးချယ်ပွဲတစ်ခုလည်းဖြစ်သည့် ဗီယက်နမ်အလှမယ် ရွေးချယ်ပွဲအခမ်းအနားများကို ၁၉၈၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်အပါအဝင် (၂၈)နှစ်အတွင်း ၁၅ ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်သည်။

## VMA ဆုပေးပွဲကျင်းပ၊ တေးသံရှင် ဘီယွန်စေး Video of the Year ဆု ဆွတ်ခူး

ယခုနှစ်၏ **MTV Video Music Awards** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ **Madison Square Garden**၌ ကျင်းပခဲ့ရာ တေးသံရှင်ရီဟားနားက ယင်းဆုပေးပွဲ၏ ဂုဏ်ပြုဆုတစ်မျိုးဖြစ်သည့် **Michael Jackson Video Vanguard Award** ဆုကို လက်ခံရရှိခဲ့သည်။

ဆုပေးပွဲတွင် တေးသံရှင် ဘီယွန်စေး၏ **Formation** သီချင်းက ဆု ၁၁ ဆုဖြင့် ဆန်ခါတင် စာရင်းတွင် ပါဝင်ခဲ့ပြီး **Video of the Year** ဆု၊ အကောင်းဆုံးပေါ့ပ်သီချင်းဗီဒီယိုဆုနှင့် ယင်းသီချင်း၏ ဒါရိုက်တာ **Melina Matsoukas** က အကောင်းဆုံး ရိုက်ကူးမှုဆု၊ တည်းဖြတ်မှု အကောင်းဆုံးဆု၊ အဆိုပါသီချင်းတွင် ပါဝင်ဖျော်ဖြေခဲ့သည့် အကအဖွဲ့က အကောင်းဆုံး အကအဖွဲ့ဆု၊ အကောင်းဆုံး ရုပ်ရှင်ရိုက်ကူးမှု အတတ်ပညာဆုတို့အပြင် **Hold Up** သီချင်းဖြင့် **Best Female Video** ဆုနှင့် ဘီယွန်စေး၏ ဆဋ္ဌမမြောက် အယ်လ်ဘမ် **Lemonade** ဖြင့် **Breakthrough Long Form Video** ဆုတို့ဖြင့် ဆုအများဆုံး ရရှိခဲ့သည်။

ထို့အပြင် ကနေဒါနွယ်ဖွား ရက်ပ်အဆိုတော် **Drake** က **"Hotline Bling"** တေးသီချင်း ဗီဒီယိုဖြင့် အကောင်းဆုံးဟစ်ပ်ဟော့ ဗီဒီယိုဆုကိုလည်းကောင်း၊ အမေရိကန်ပေါ့ပ်ရော့ခ်ဂီတ အဖွဲ့တစ်ခု ဖြစ်သည့် **DNCE** က **Best New Artist** ဆုကိုလည်းကောင်း၊ တေးသံရှင် ရီဟားနားက ဖီးချားရင်း ပါဝင်ကူညီ သီဆိုပေးထားသည့် စကော့တလန် ဒီဂျေသမားတစ်ဦး လည်းဖြစ်သူ တေးရေးဆရာနှင့် တေးသံရှင်တစ်ဦးဖြစ်သူ **Calvin Harris** ၏ **This Is What You Came For** သီချင်းက **Best Male Video** ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။



၂၀၁၆ ခုနှစ် MTV Video Music Awards ဆုပေးပွဲတွင် ဖျော်ဖြေတင်ဆက်နေသည့် တေးသံရှင် ရီဟားနား။

# ဖာဂူဆန်လက်ထက်အောင်မြင်မှုမျိုး ပြန်လည်ရရှိနေပြီဟု မော်ရင်ဟို ဝင့်ကြွား



မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူအနေနဲ့ ဟားလ်စီးတီးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာက နိုင်ပွဲတစ်ပွဲဆိုတဲ့ ရလဒ်ထက် ပိုမိုတဲ့အဓိပ္ပာယ်ကိုဆောင်ပြီး ဖာဂီ( မန်ယူဂန္ထဝင်နည်းပြ ဖာဂူဆန်) လက်ထက်က အောင်မြင်ခဲ့ချိန်ကို ပြန်လည်ရောက်ရှိလာခဲ့ပြီလို့ ဝင့်ကြွားလိုက်ပါတယ်။ မန်ယူက အဲဒီပွဲစဉ်မှာ ဟားလ်စီးတီးကို ပွဲပြီးခါနီး လူစားဝင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ရဲ့ နောက်ကျဂိုးနဲ့ အနိုင်ယူပြီး ပွဲစဉ်သုံးပွဲလုံးနိုင်ပွဲဆက်ခဲ့ပါတယ်။

ဟားလ်စီးတီးအသင်းကို အခု ကိုင်တွယ်နေတဲ့ နည်းပြ မိုက်ခ်ပီလန်းဟာ ဖာဂူဆန်ရဲ့ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ပြီး နည်းပြဖာဂူဆန်ရဲ့ ဗျူဟာဖြစ်တဲ့ ခံစစ်အသေတည် နည်းဗျူဟာကို ကျင့်သုံးပြီး ဟားလ်စီးတီးအသင်းကို တည်ဆောက်နေတာဖြစ်ပါတယ်။ ဟားလ်စီးတီးအသင်းဆိုတာ ပွဲစဉ်(၁)မှာ လက်ရှိချန်ပီယံ လက်စတာကို နှစ်ဂိုး-တစ်ဂိုး၊ ပွဲစဉ်(၂)မှာ ဆွမ်ဆီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူထားတဲ့ အသင်းဖြစ်ပါတယ်။

မော်ရင်ဟိုက "ဆာအဲလက်စ်(ဖာဂူဆန်)က ကလပ်အသင်းရဲ့ ဂန္ထဝင်ဖြစ်ပြီး အခုအချိန်မှာ ဖာဂီလက်ထက်က အောင်မြင်ခဲ့ချိန်မျိုး ပြန်လည်ရရှိလာပြီလို့ ပြောနိုင်ပါပြီ။ ဒါကြောင့် ပျော်ရွှင်တယ်ဆိုတာထက် ကျေနပ်တာကပိုပါတယ်"လို့ ဆိုခဲ့ပါတယ်။

ဒါ့အပြင် ဖာဂူဆန်က ယခုပွဲအနိုင်ရလဒ်ဟာ ကံကောင်းလို့နိုင်ခဲ့တာမဟုတ်ဘဲ တစ်ပွဲလုံးခြုံပြီး သုံးသပ်ရင်လည်း မန်ယူအနိုင်နဲ့ ထိုက်တန်တယ်လို့ ဆိုခဲ့ပါတယ်။ မန်ယူအသင်းက ပရီမီယာလိဂ်ပွဲစဉ်(၄)အဖြစ် မန်စီးတီးကို စက်တင်ဘာ ၁၀ ရက် အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ နိုင်ပွဲတွေဆက်နေပြီး အမှတ်ပေးဇယားထိပ်နားမှာ ရပ်တည်နေတာကြောင့် အခုနှစ် မန်ချက်စတာ ဒါဘီဟာ အယ်လ်ဂလက်စီကို ပွဲနဲ့အဆင့်တူတဲ့ ပြိုင်ပွဲလို့လည်း သုံးသပ်မှုတွေရှိနေပါတယ်။

(မေလှဲ့သင်း)

## ဇာကာမှာ ပီတစ်လက်သစ်ဟု အာစင်ဝင်းဂါး ယုံကြည်



အာဆင်နယ်နည်းပြ ဝင်းဂါးက ယခုနှစ် နွေဈေးကွက်တွင် ခေါ်ယူခဲ့သည့် ကွင်းလယ်လူ ဇာကာမှာ ကလပ် အသင်းအတွက် အမှန်တကယ်အထောက်အကူပြုပြီး အာဆင်နယ်ကစားသမားဟောင်း ပီတစ်နှင့် ကစားဟန်ဆင်သည့် ကစားသမားဖြစ်ကြောင်း ချီးကျူးပြောကြားလိုက်သည်။ ဇာကာမှာ လက်စတာနှင့် ဝက်ဖို့ဒ်အသင်းတို့အား ရင်ဆိုင်ခဲ့သည့် ပွဲတွင် ဝင်ရောက်ကစားခဲ့ပြီး ခြေစွမ်းကောင်းတစ်ရပ် ပြသနိုင်ခဲ့သည်။ ဝင်းဂါးက ဇာကာမှာ ပီတစ်၏ ခြေရာကို နင်းနိုင်သည့် ကစားသမားဖြစ်ပြီး မိုချန်ဂလာဘတ်အသင်းတွင် အသင်းခေါင်းဆောင်တာဝန်ကို ယူခဲ့သူဖြစ်၍ ခေါင်းဆောင်မှုစွမ်းရည် အပြည့်အဝရှိသူဟုလည်း ချီးမွမ်းပြောကြားလိုက်သည်။ (မေလှဲ့သင်း)

## အသင်းပြောင်းရန် စဉ်းစားထားခြင်းမရှိဟု ဖာဘရီဂတ်စ်တုံ့ပြန်



ချယ်လ်ဆီးတွင် နေရာပျောက်ကာ အရန်ခုံတွင် အချိန်ကုန်ဆုံးနေသည့် ဖာဘရီဂတ်စ်က နည်းပြကွန်တီမှာ ၎င်းအား အသင်းပြောင်းရန် တစ်ကြိမ်တစ်ခါမျှ ပြောကြားခဲ့ခြင်းမရှိသလို ကလပ်အသင်းမှ ထွက်ခွာရန်လည်း အစီအစဉ်မရှိကြောင်း ဆိုလိုက်သည်။ ဖာဘရီဂတ်စ်သည် လက်ရှိအချိန်တွင် နည်းပြကွန်တီ၏ ပထမကစားသမား ၁၁ ဦးစာရင်းတွင် ပါဝင်ခြင်းမရှိသလို အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲတွင်သာ ပွဲထွက်ကစားခဲ့ရပြီး ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲစလုံးတွင် လူစားလဲကစားသမားအဖြစ်သာ ဝင်ရောက်ကစားခဲ့ရသည်။ ယင်းအကျိုးဆက်အဖြစ် စပိန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲလူစာရင်းတွင် ချန်လှပ်ခြင်းခံခဲ့ရသည်။ သို့သော် ဖာဘရီဂတ်စ်က ၎င်းအနေဖြင့် ရာသီကုန်အထိ ချယ်လ်ဆီးတွင်သာ ဆက်ရှိနေမည်ဖြစ်ပြီး နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ (မေလှဲ့သင်း)

## သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရသည့် အဂူရို မန်ချက်စတာဒါဘီပွဲလွဲချော်မည်

မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃)တွင် ဝက်စ်ဟမ်းကစားသမား ဝင်စတန်ရိဒ်အား တံတောင်ဖြင့်တွက်ခဲ့ခြင်းကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရပြီး မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး အဂူရိုသည် ဝက်စ်ဟမ်းဗဟိုခံစစ်မှူး ဝင်စတန်ရိဒ်အား ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို စတာလင်းက နှစ်ဂိုးနှင့် ဖာနန်ဒင်ဟိုက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

"ဘာစကားမှ ဝင်စတန်ရိဒ် မပြောနိုင်ဘူးဆိုတာ ကျွန်တော်သိတယ်။ လည်ချောင်းအတွင်းမှာ တစ်ခုခုဖြစ်နေတယ်လို့ပဲ သူပြောပါတယ်"ဟု တိုက်စစ်မှူး အဂူရို၏ တံတောင်ဖြင့် လည်ချောင်းအား အတွက်ခံခဲ့ရပြီးနောက် အဝတ်လဲခန်းတွင် ဝင်စတန်ရိဒ် စကားမပြောနိုင်ခြင်းကို ကိုးကား၍ ဝက်ဟမ်းကွင်းလယ်လူ မာ့ခ်နိုဗယ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အဂူရိုသည် အဆိုပါပွဲပယ်ပြစ်ဒဏ်ကြောင့် စက်တင်ဘာ ၁၀ ရက်တွင် နည်းပြမော်ရင်ဟို၏ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် မန်ချက်စတာဒါဘီပွဲစဉ်၊ အခြားသောပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်အပါအဝင် အီးအက်ဖ်အယ်လ်



ဖလားပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားရမည့် ဆွမ်ဆီးအသင်းနှင့် ပွဲစဉ်တို့တွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

"အဂူရိုက ဝင်စတန်ရိဒ်ကို တံတောင်နဲ့တွက်ခဲ့တာကို ကျွန်တော်မမြင်ခဲ့လို့ အဂူရို ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရတာနဲ့ပတ်သက်ပြီး မဝေဖန်နိုင်ပါဘူး"ဟု မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့သည်။ ထို့ပြင် ဝက်စ်ဟမ်းအသင်းနည်းပြ ဘီလစ်ကလည်း အဂူရိုနှင့် ဝင်စတန်ရိဒ်တို့၏ အဖြစ်အပျက်နှင့်စပ်လျဉ်း၍ မှတ်ချက်တစ်စုံတစ်ရာ ပေးခဲ့ခြင်းမရှိခဲ့ပေ။

မန်စီးတီးအသင်းသည် ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ရမှတ်ကိုးမှတ်ရရှိထားကာ ချယ်လ်ဆီးအသင်း၊ မန်ယူအသင်းတို့နှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်ထားနိုင်ခဲ့သည်။ (ငွေကြယ်)

### ဩဂုတ် ၂၈/၂၉ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **စီးရီးအေ ပွဲစဉ် - ၂** | | | | |
| အင်တာမီလန် | ၁ | - | ၁ | ပါလာမို |
| ကက်ဂလီယာရီ | ၂ | - | ၂ | ရိုးမား |
| ခရိုတုန်း | ၁ | - | ၃ | ဂျီနိုအာ |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ချီယေဗို |
| ဆမ်ဒိုးရီးယား | ၂ | - | ၁ | အတ္တလန္တာ |
| ဆာဆူအိုလို | ၂ | - | ၁ | ပက်စ်ကာရာ |
| တိုရီနို | ၂ | - | ၁ | ဘိုလော့နာ |
| အူဒီးနီးစ် | ၂ | - | ၀ | အမ်ပိုလီ |
| **လာလီဂါ ပွဲစဉ် - ၂** | | | | |
| ပါးလ်မက်စ် | ၅ | - | ၁ | ဂရန်နာဒါ |
| အလာဗက်စ် | ၀ | - | ၀ | စပို့တင်းဂီဂျွန် |
| ဘီဘာအို | ၀ | - | ၁ | ဘာစီလိုနာ |
| ဗီလာရီးယဲလ် | ၀ | - | ၀ | ဆီဗီလာ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁** | | | | |
| ဟော့ဖန်ဟိမ်း | ၂ | - | ၂ | လိုက်ပ်ဇစ် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၃** | | | | |
| မိုနာကို | ၃ | - | ၁ | ပီအက်စ်ဂျီ |

မောင်မောင်ဇော်



ကျောက်ဖြူ-ရန်ကုန်အဝေးပြေးလမ်းမကြီး၏ တံတားကြီးကိုးစင်းအနက် မအီမြို့နယ်အပိုင် လုံးတော်ပေါက်တံတားမှာ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ၅မိနစ်တွင် လျောင်လျှော့ခဲ့သည့်အတွက်ကြောင့် တံတားသံပေါင်များ ရွေ့လျားသွားခဲ့ရာ ဩဂုတ် ၂၅ ရက်မှ စတင်ကာ နေပြည်တော်မှ ဒုညွှန်ချုပ် ဦးအောင်မြတ်ဦးနှင့် အင်ဂျင်နီယာချုပ် ဦးစိုးမင်း၊ တံတားအထူးအဖွဲ့များက အမြန်ဆုံးစစ်ဆေး၍ ခရီးသွားယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးဆောင်ရွက်နေကြရာ ဩဂုတ် ၃၀ ရက်၌ ကားများကို ဖြတ်သန်းသွားလာခွင့်ပြုမည်။ သတင်းနှင့်ဓာတ်ပုံ- စောမိုးကျော်

# ချင်းပြည်နယ်အတွင်းရှိနည်းပညာနှင့်သက်မွေးပညာသင်တန်းကျောင်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဩဂုတ် ၂၉**

ချင်းပြည်နယ်အတွင်းရှိ နည်းပညာနှင့် သက်မွေးပညာ သင်တန်းကျောင်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက အစိုးရ စက်မှုလက်မှုသိပ္ပံ(ဟားခါး)၊ စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ချင်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်တို့က ချင်းပြည်နယ်အတွင်းရှိ နည်းပညာနှင့် သက်မွေးပညာ သင်တန်းကျောင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် အစိုးရနည်းပညာအထက်တန်းကျောင်း မင်းတပ်၊ တီးတိန်မှ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း မင်းတပ်၊ ဖလမ်းတို့မှ ကျောင်းအုပ်ကြီးများနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ(ဟားခါး) ကျောင်းအုပ်ကြီးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ငွေကြေးအကူအညီ ထောက်ပံ့ပေးသော အာရုဏ်ဦးလူမှုဖွံ့ဖြိုးရေးအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်ထိခိုက်သည့် စိုက်ပျိုးဧရိယာများ ပြန်လည်စိုက်ပျိုးရေး နည်းပညာပေးဆွေးနွေး

**လှိုင်းဘွဲ့ ဩဂုတ် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် ရေကြီးနစ်မြုပ် ထိခိုက်သည့် စိုက်ပျိုးဧရိယာများ ပြန်လည်စိုက်ပျိုးနိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပညာရှင်များက ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး၊ ရုံးချုပ်မှ စိုက်ပျိုးရေးပညာပေးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးအကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးမြင့်က စိုက်ပျိုးမြေအာဟာရဓာတ်များအကြောင်း၊ ဦးစီးအရာရှိ ဒေါ်တင့်တင့်မြတ်စံက မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ရေးအကြောင်း၊ ဦးစီးအရာရှိ ဒေါ်နီနီထိန်က သီးနှံကာကွယ်ရေးလုပ်ငန်းများအကြောင်း၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ရော်ဘာပင်အောင်မြင်စွာစိုက်ပျိုးရေးအကြောင်း၊ ဦးစီးအရာရှိ ဦးအောင်ဇော်က ကော်ဖီသီးနှံအထွက်နှုန်းတိုးတက်ရေးအကြောင်း၊ ဒေါက်တာဝဏ္ဏထွန်းက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများရိတ်သိမ်းချိန်လွန် နည်းပညာအကြောင်းများကို ပညာရှင်အသီးသီးက အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသော တောင်သူများက သိလိုသည်များကို မေးမြန်းတင်ပြခဲ့ကြပြီး ပညာရှင်အသီးသီးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲသို့ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂ ရွာမှ တောင်သူ ၄၁၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# အုန်းခုံကျေးရွာတွင် ကျေးရွာပိုင် ထင်းစိုက်ခင်း စိုက်ပျိုးပွဲပြုလုပ်

**အင်္ဂပူ ဩဂုတ် ၂၉**

အင်္ဂပူမြို့နယ် ကွဲ့ဇင်းကျေးရွာအုပ်စု အုန်းခုံကျေးရွာတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ပြုလုပ်သော ကျေးရွာပိုင် ထင်းစိုက်ခင်းစိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ်၂၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ် (၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နေမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအား ပေးအပ်ခဲ့သည်။

ယင်းနောက် အမှတ် (၅) တပ်မတော်တန်းမြင့်လေ့ကျင်းရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နေမျိုးအောင်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွှန့်တို့ ဦးဆောင်သော တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တော ဦးစီးအရာရှိဦးသက်ဝေနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ စုပေါင်းပြီးသစ်ပင်များအား စိုက်ပျိုးခဲ့ကြောင်းနှင့် ကျေးရွာပိုင် ထင်းစိုက်ခင်းနှစ်ဧကအတွက် ယူကလစ်ပင် ၁၀၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ရပ်ကွက်အသန့်ရှင်းဆုံး စံပြရပ်ကွက်ဖြစ်စေရေးအလုပ်ရုံဆွေးနွေးပွဲ ကမာရွတ်တွင်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက်အား အသန့်ရှင်းဆုံးနှင့် စံပြရပ်ကွက်အဖြစ် ဖော်ဆောင်နိုင်ရေးအတွက် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက အောင်ချမ်းသာဓမ္မာရုံ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေးက အသန့်ရှင်းဆုံးရပ်ကွက် ဖော်ဆောင်ရန်နှင့်လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင် ခရိုင်မှူး ဦးသန်းထိုက်အောင်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်နှင့် ရပ်ကွက်နေမိဘပြည်သူများ၏ အမှိုက်နှင့်ပတ်သက်သည့် လိုအပ်ချက်များ အမှိုက်စနစ်တကျ စွန့်ပစ်နိုင်ရန်ဆောင်ရွက်ထားမှု အစီအစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးရဲမင်းထွန်းက နေ့စဉ်မီးဖိုချောင်ထွက် စားကြွင်းစားကျန် အမှိုက်အစိုနှင့် အခြားစွန့်ပစ်အမှိုက်အခြောက်များကို စနစ်တကျခွဲခြား စွန့်ပစ်ပေးနိုင်ရန်နှင့်သိမ်းဆည်းပေးမည့်အချိန်နှင့် သတ်မှတ်နေရာများအား ဖြည့်စွက်ဆွေးနွေးခဲ့သည်။

"စံပြရပ်ကွက်ဖြစ်စေရေးအတွက် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတွေနဲ့ ရပ်ကွက်ပြည်သူတွေညီညီညွတ်ညွတ် စည်းကမ်းရှိမှ အောင်မြင်နိုင်မှာပါ။ ဒီအလုပ်ရုံဆွေးနွေးပွဲကရလာဒ်အတိုင်း ဟန်ချက်ညီညီနဲ့ အမှိုက်သိမ်းသူကလည်း နွေ၊ မိုး၊ ဆောင်း အချိန်မှန်လာသိမ်းပေးမယ် အမှိုက်ပစ်သူကလဲအချိန် မှန်သတ်မှတ်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ အိတ်တွေနဲ့ လုံခြုံစွာချည်နှောင်ပြီး လာပစ်ပေးမယ်ဆိုရင် သန့်ရှင်းကောင်းမွန်တဲ့ ရပ်ကွက်ဖြစ်လာမှာပါ" ဟု ရပ်မိရပ်ဖတစ်ဦးက သုံးသပ်ဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာသူမိဘပြည်သူများမှ မေးမြန်းဆွေးနွေးမှုများကို ဒေါက်တာခင်နှင်းအေးနှင့် ခရိုင်မှူး ဦးသန်းထိုက်အောင်တို့က ပြောကြားခဲ့သည်။ **၁၉၇**




# မိုးညှင်းမြို့တွင် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ပတ်ကင်း၊ လှည့်ကင်းများ ညစဉ်ဆောင်ရွက်

**မိုးညှင်း ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့တွင် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ညစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့မစခန်းမှူး ဒုတိယရဲမှူးသိန်းထွန်း ဒုစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ နယ်ထိန်းအဖွဲ့များ၊ နားခါအုပ်ချုပ်ရေးမှူး ဦးမြင့်အေးတို့သည် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ခိုး၊ ဆိုး၊ တိုက်ခိုက်၊ လုယက်မှုများ ကင်းစင်လျော့နည်းပပျောက်ရေး၊ နယ်မြေအေးချမ်းသာယာရေးတို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် မိုးညှင်းမြို့အတွင်း၌ ဩဂုတ် ၂၇ ရက် ည ၉ နာရီက မိုးညှင်းဘူတာရုံသို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လှည့်ကင်းလှည့်လည်ကာ ၎င်းဘူတာရုံအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့အတွင်းသို့ ပတ်ကင်းလှည့်ကာ မှုခင်းကျဆင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးညှင်းဘူတာရပ်ဝန်းနယ်ပယ်မှာ ညစဉ်မှောင်ရိပ်ခိုပြီး ခိုး၊ ဆိုး၊ တိုက်ခိုက်၊ လုယက်မှုတွေ နေ့စဉ်သွင်းကုန်ပို့ကုန်တွေ အရေးကြီးပေါက်ကွဲစေတပ်တဲ့ ဂက်(စ်)အိုးတွေ၊ ကုန်ပစ္စည်းတွေ စနစ်တကျထားရှိမှုအလစ်သုတ်သမားလက်ချက်ဖြင့် ပျောက်ဆုံးမှုတွေ မဖြစ်ရလေအောင် ရဲတပ်ဖွဲ့ဝင်တွေနဲ့ ညစဉ်လှည့်ကင်းဆောင်ရွက်နေပါတယ်" ဟု မိုးညှင်းမြို့ နားခါရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးမြင့်ကပြောသည်။ **နီတိုး**

# ရေဦးမြို့ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံသို့ ဆေးထိုးအပ်နှင့် ဆေးပုလင်းများလှူဒါန်း

**ရေဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးသို့ ဆေးထိုးအပ်နှင့် ဆေးပုလင်းများပေးအပ်လှူဒါန်းပွဲခမ်းအနားကို ဩဂုတ် ၂၆ ရက်က သံဃဆေးရုံဟောင်း၌ ပြုလုပ်ခဲ့ရာ ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က မှတ်တမ်းတင်ဂုဏ်ပြုစကားပြောကြားပြီး ဆေးထိုးအပ်နှင့် ဆေးပုလင်းအလှူရှင် ဦးမျိုးအောင် Myanmar Jicky Young ကုမ္ပဏီက ဆေးထိုးအပ်နှင့် ဆေးပုလင်းများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အလှူရှင်ဦးမျိုးအောင်က ဆေးထိုးအပ်နှင့် ဆေးပုလင်းများကို မြို့နယ်ပြည်သူ့ဆေးရုံဆေးရုံအုပ် ဒေါက်တာစန်းဌေးထံ ပေးအပ်လှူဒါန်းခဲ့ရာ အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုလှူဒါန်းခဲ့သောဆေးနှင့် ဆေးပုလင်းများမှာ ကာလတန်ဖိုးငွေကျပ် ခုနှစ်သိန်းကျော်ရှိကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

ကြေးမုံ
ဩဂုတ် ၃၀၊ ၂၀၁၆



## ရေဘေးသင့်ပြည်သူများ အား အလှူရှင်များက ကိုယ်တိုင်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၂၉**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက နန့်မေသက်ပိုင်နှင့် ဘန်ကောက်မှ အလှူရှင်များ( ISC. Bangkok) အဖွဲ့မှ ဆန် ၃၂ အိတ်၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ငါးသေတ္တာနှစ်ဖာ လာရောက်လှူဒါန်းခဲ့သည်။

ထိုလှူဒါန်းမှုအား အမှတ်(၂)ရပ်ကွက် အတွင်းရှိ ရေဝင်နစ်မြုပ် ရေဘေးသင့်ပြည်သူများအား အလှူရှင်များက ကိုယ်တိုင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယင်းနောက် နံနက် ၁၁ နာရီ၌ ရန်ကုန်မြို့ ပခုံးကြမ်း ပရဟိတမောင်နှမများ အဖွဲ့ရောက်ရှိလာပြီး အမှတ် (၁) ရပ်ကွက်၊ လျှော်ဂိုဒေါင်ရှိ ရေဘေးသင့်ပြည်သူများအား ဆန် ၁၂ အိတ်၊ ငါးသေတ္တာ ၁၀၀ ဘူး၊ ခေါက်ဆွဲခြောက် ၂၅ ဖာ၊ လိမ်းဆေး ၂၆၀ ဘူးနှင့် ဒိုင်ဂျင်းသောက်ဆေး ၂၆၀ ကဒ်တို့ လှူဒါန်းခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မျှတသော တရားစီရင်ရေး စနစ် ဖြစ်ပေါ်စေရေးအတွက် အလုပ်ရုံဆွေးနွေး

**မန္တလေး ဩဂုတ် ၂၉**
ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ တိုးတက်မှုအဖွဲ့အစည်း IDLO၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP တို့ပူးပေါင်း၍ မျှတသော တရားစီရင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနေ့ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာဥပဒေရေးရာတိုးတက်မှုအဖွဲ့ IDLO မှ Mr John Pearsom က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်းအေးနှင့် IDLO၊ UNDP တို့က တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာ ငါးနှစ်စီမံကိန်း၌ ပါရှိသည့် မဟာဗျူဟာများအနက် တရားစွဲဆိုမှုနှင့် အမှုလိုက်လုပ်ငန်းဆောင်ရွက်ရာတွင် မျှတသော တရားစီရင်ရေး စံချိန်စံညွှန်းများ လိုက်နာဆောင်ရွက်ခြင်း မဟာဗျူဟာကို IDLO၊ UNDP စသည့် အဖွဲ့အစည်းများဖြင့် လေ့ကျင့်ဆွေးနွေးခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ)**

## အိမ်မဲ၌ မြို့နယ်အဆင့်ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) လုပ်ငန်းဖွင့်ပွဲကျင်းပ

**အိမ်မဲ ဩဂုတ် ၂၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး NFPE လုပ်ငန်းဖွင့်ပွဲကို အိမ်မဲမြို့ အ-ထ-က(အိမ်မဲ) ရွှေညီလာခန်းမ၌ ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေး NFPE တာဝန်ခံ တိုင်းပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးစိုးမြင့်နှင့် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမန်းသိန်းဇော်တို့က ကျောင်းပြင်ပ မူလတန်းပညာရေးအား အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ သင်ကြားရမည့် ဘာသာရပ်များ ကလေးသူငယ်များ ကျောင်းပညာရေးတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်သင့်သည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အိမ်မဲမြို့နယ် ကျောင်းပြင်ပမူလတန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်မေလွင်လွင်က သင်တန်းကိစ္စဆောင်ရွက်ထားမှုများအား ရှင်းလင်း၍ ကျောင်းပြင်ပမူလတန်းပညာရေး သင်ကြားသည့် အခြေစိုက်စခန်း ခြောက်ခုတွင် ကျောင်းသား၊ ကျောင်းသူ ၆၉ ဦးသင်ပြပေးသည့် ဆရာ၊ ဆရာမ ၁၂ ဦးဖြင့် ဆောင်ရွက်ထားမှုများအားရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အခြေစိုက်စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အလှူငွေနှင့် လှူဒါန်းပစ္စည်းများ ၁၃ သိန်းကျော်ကို အိမ်မဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါကျောင်းပြင်ပမူလတန်းပညာရေး NFPE လုပ်ငန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းပညာရေးမှူး ခရိုင်ပညာရေးမှူး အိမ်မဲမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ အသင်းအဖွဲ့များနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန် /ဆက်**

## မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာအရောက် ကွင်းဆင်း အခမဲ့ဆေးကုသ၊ စားသောက်ကုန်ပစ္စည်းများ ကူညီထောက်ပံ့

**တိုက်ကြီး ဩဂုတ် ၂၉**
မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) မှ ရေကြီးနစ်မြုပ်ခဲ့သော ဥက္ကံမြို့ ထဘူးဝကျေးရွာသို့ အရောက်ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခြင်း စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက် ၁၁ နာရီက ထဘူးဝ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အထွေထွေအတွင်းရေးမှူး ဒေါက်တာ သာညဏ်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသော အရိုးအကြောသမားတော် ဒေါက်တာခင်မောင်ထူး၊ အထွေထွေရောဂါကုသမားတော် ဒေါက်တာတင်လှနှင့် သူနာပြုဆရာမကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဒုဥက္ကဋ္ဌ ဦးတင်မောင်အေး၊ အတွင်းရေးမှူး ဦးမျိုးညွန့်၊ မြောက်ပိုင်းခရိုင် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့ပါဝင်သောအဖွဲ့သည် ထဘူးဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်း ဆန် ခေါက်ဆွဲ၊ ဆေးဝါး၊ ဆပ်ပြာနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်ကြသည်။

ယင်းနေ့က ဆေးကုသရာတွင် ဒေသခံပြည်သူ ၁၅၀ ဦးအား အထွေထွေရောဂါများ ကုသပေးခဲ့သည်။ အဆိုပါအဖွဲ့အား ဥက္ကံရဲစခန်းမှူး ဥက္ကံဘာသာပေါင်းစုံဥက္ကဋ္ဌ ဦးကိုကိုနိုင်၊ မှုခင်းသတင်းမီဒီယာဥက္ကဋ္ဌ ဦးမောင်မောင်၊ လူမှုရေးအဖွဲ့မှ ဦးချစ်နိုင်တို့က ဆေးကုသရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## မှုခင်းကျဆင်းရေးပညာပေးယာဉ် ကျောက်တံခါးသို့ လာရောက်ပညာပေး

**ကျောက်တံခါး ဩဂုတ် ၂၉**
ပဲခူးတိုင်း ပြည်သူများ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်သော အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ အသိပညာပေး ရွေ့လျားယာဉ်သည် ဩဂုတ် ၂၇ ရက်က ကျောက်တံခါးမြို့နယ်သို့ရောက်ရှိ၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး ကြီးကြပ်မှုဖြင့် အမှတ်(၃) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူးရုံး ရဲမှူးထိန်ဝင်း၊ အမှတ်(၁၆)မူးယစ်တပ်ဖွဲ့စု(ပဲခူး)မှ ရဲအုပ်ထွန်းအောင်သိန်း ဦးဆောင်သော မှုခင်းကျဆင်းရေးပညာပေး ရွေ့လျားယာဉ်သည် ကျောက်တံခါးမြို့နယ်သို့ရောက်ရှိလာပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များမှ ကျောက်တံခါးမြို့ အ-ထ-က ကျောင်းရှေ့တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ပဲခူးယ်ကုန်းမြို့ တရုတ်ဘုံကျောင်းရှေ့ မြေကွက်လပ်တွင် ရဲအုပ်ဝင်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူ အင်အား ၄၀၀ ကျော်တို့အားလည်းကောင်း မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးတို့အား အသိပညာပေး ဟောပြောခြင်း ပြခန်းငယ်များပြသကာ ရုပ်ပုံပိုစတာများကပ်၍ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး အဆိုပါ ပညာပေးယာဉ်သည် ယင်းနေ့တွင် ပဲခူးခရိုင်ပညာပေးခရီးစဉ်၌ပြီးဆုံး၍ ၂၈ ရက်မှ စတင်ကာတောင်ငူခရိုင် ပညာပေးခရီးစဉ် စတင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**





## မြို့မဈေးအတွင်း အိုင်အိုဒင်းဆားနှင့် ကျန်းမာရေးအရ တားမြစ်ထားသည်များလိုက်လံစစ်ဆေး

**ဖယ်ခုံ ဩဂုတ် ၂၉**
ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးဌာန မြို့မဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသော စားသုံးရန်၊ အသုံးပြုရန်မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များကို ဩဂုတ် ၂၆ ရက် (ဒေသငါးရက်ဈေး) နံနက် ၉ နာရီက မြို့နယ်တာဝန်ရှိ ဌာနဆိုင်ရာ စုပေါင်းအဖွဲ့မှ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်ကျော်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးထိန်လင်းနှင့် ဈေးတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုလတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များမှ အဖွဲ့ဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၅၀ ကျော်ပါဝင်ပြီး အဖွဲ့များခွဲ၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

ဈေးအတွင်း စစ်ဆေးရာတွင် တရားဝင်ထုတ်ပြန်ထားသော မုန့်အချို့တွေ့ရှိသိမ်းဆည်းခဲ့ပြီး အိုင်အိုဒင်းဆားရောင်းချရေးနှင့် ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်၊ အသုံးအဆောင်များနှင့် ဆေးဝါးများရောင်းချခြင်းမပြုရန် ပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး**

## မကွေးတိုင်းဒေသကြီးလူငယ်ကွန်ရက်မှ Women's Ledership In Political Processသင်တန်းဖွင့်လှစ်

**မကွေး ဩဂုတ် ၂၉**
မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဦးစီးပြီး ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက မကွေးခရိုင် ပြန်/ဆက်တွင် Women's Ledership In Political Process သင်တန်းကို ဖွင့်လှစ်ခဲ့သည် အဆိုပါသင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာက မကွေးခရိုင် ပြန်/ ဆက်ရုံးတွင် ဖွင့်လှစ်ထားသည့် Community Center နှင့် ပတ်သက်ပြီး အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် Community Center တွင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများကို အခမဲ့လာရောက်ပြုလုပ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းကို အမျိုးသမီးများ မိမိကိုယ်ကို ယုံကြည်မှုမြင့်မားလာပြီး နယ်ပယ်အသီးသီးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် စိတ်ဝင်စားမှု မြင့်တက်လာကာ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးများ၏ ကဏ္ဍကို မြှင့်တင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ်လျှင် သင်တန်းသူနှစ်ဦးနှုန်းဖြင့် သင်တန်းသူ ၂၅ ဦးကို ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



## အင်းဝခေတ်နှောင်းနံရံဆေးရေးပန်းချီများကို ယနေ့တိုင်လေ့လာနိုင်



**နွားထိုးကြီး ဩဂုတ် ၂၉**
အင်းဝခေတ်နှောင်းနံရံဆေးရေး ပန်းချီများကို စကြာတောင်အနောက်ဘက်ရှိ ကျောက်လိုဏ်ဂူဘုရားအတွင်းရှိ လှိုဏ်မုခ်များအပေါ်ပိုင်း၌ နံရံဆေးရေးပန်းချီများကို ယနေ့တိုင် လေ့လာနိုင်သည်။

နံရံဆေးရေးပန်းချီများသည် ခေတ်ကာလနေထိုင်မှု ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် တကွအနုပညာ လက်ရာအဆင့်အတန်းနှင့် အခြားအရာများစွာကို လေ့လာသိရှိနိုင်သည့် အဖိုးမဖြတ်နိုင်သောအမွေအနှစ်များပင်ဖြစ်သည်။

နံရံဆေးရေးပန်းချီများနှင့် ပက်သက်၍ ရှေးခေတ်လူသားများက ကျောက်တုံးမျက်နှာပြင်များ၊ ကျောက်ဂူအမိုးများပေါ်တွင် ချွန်ထက်သော ကျောက်လက်နက်များဖြင့် ရေးဆွဲခဲ့သည်ဟုဆိုသည်။ ကျောက်ခေတ်လူသားများ၏ နံရံဆေးရေးပန်းချီများတွင် ထိုခေတ်အခါက သတ်ဖြတ်စားသောက်ခဲ့သော သားကောင်တို့၏ ပုံသဏ္ဌာန်များကို အများစုရေးဆွဲခဲ့ကြသည်။ တစ်ဆင့်တစ်ဆင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်လာခြင်းနှင့်အတူ နံရံဆေးရေးပန်းချီများကို ဆေးခြယ်လာတတ်သည်။ ရှေးခေတ်လူသားတို့၏ဆေးရောင်များမှာ သဘာဝကပေးသော သစ်ပင်မှ သစ်ရွက်၊ မြေကြီးတို့ဖြင့် ခြယ်သခဲ့ရာမှ နောက်ပိုင်းတွင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်လာခြင်းနှင့်အတူ ပန်းချီလက်ရာများ ကောင်းမွန်လာကြောင်း လေ့လာသိရှိရသည်။

ဒေသအသီးသီးတွင် အဖိုးတန်သမိုင်းအမွေအနှစ် နံရံဆေးရေးပန်းချီများရှိသည်။ နှောင်းလူတို့မှာ ထိုနံရံဆေးရေးပန်းချီများကို သမိုင်းအသိသမိုင်းအမြင် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ်သိရှိ ထိန်းသိမ်းရမည်ဖြစ်သည်။ နွားထိုးကြီးမြို့နယ် စကြာတောင် အနောက်ဘက် မြင်းခြံခရိုင် မြင်းခြံမြို့နယ် ပျားရွာအရှေ့ဘက်ရှိကျောက်လိုဏ်ဂူဘုရားတွင် ယနေ့တိုင်လေ့လာနိုင်သည်။

ကျောက်လိုဏ်ဂူဘုရားမှာ သဘာဝကျောက်တုံးကြီးကို လိုဏ်ဂူထွင်းထုကာ ရုပ်ပွားတော်များ ထုလုပ်ပူဇော်ထားသည်။ နံရံများတွင်မူ နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်။ ရုပ်ပွားတော်များမှ သဘာဝသဲကျောက်များကို ထွင်းထုထားသည်။ ပညာရှင်များကမူ ရုပ်ပွားတော်များနှင့် နံရံဆေးရေးပန်းချီများမှာ အင်းဝခေတ်နှောင်းပိုင်းလက်ရာများဖြစ်သည်ဟု ခန့်မှန်းထားသည်။

**တိမ်တမန်**

# ကျေးလက်နေတောင်သူများဝင်ငွေတိုးတက်ရေးကိုဦးတည်သည့်မျိုးသန့်မျိုးစေ့ထုတ်စိုက်ပျိုးခြင်း၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်သူများအသင်းဖွဲ့စည်းနိုင်ရေးကွင်းဆင်းဆောင်ရွက်

**မြိတ် ဩဂုတ် ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မဇော်ကျေးရွာအုပ်စု မဇော်ပြင်ကြီးကျေးရွာတွင် ဆောင်ရွက်ထားသည့် မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၂၀၊ မျိုးယှဉ်ပြိုင်ကွက်၊ စိုက်စနစ်ယှဉ်ပြိုင်ကွက်၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် သရုပ်ပြစိုက်ကွက် ၁၀ ဧကစိုက်ခင်းများသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းဆွေ၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်၊ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးဦးကျော်မျိုးသူနှင့် မြိတ်မြို့နယ်အဆင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီအဖွဲ့ဝင်များက ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး အဆိုပါစိုက်ကွင်းတွင် မျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဒေသခံတောင်သူ ၅၀ ကျော်ခန့် တွေ့ဆုံကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဆိုပါ မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းတွင် မဇော်ကျေးရွာနေ အကျိုးဆောင်တောင်သူတစ်ဦးဖြစ်သည့် ဦးအေးသန်းက "ကျွန်တော့်အနေနဲ့ မျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများအသင်းဖွဲ့စည်းရေးကို ကြိုဆိုပါတယ်။ တောင်သူတွေအနေနဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် မျိုးကို ကြိုကြိုတင်တင် ပြင်ဆင်ထားတာမျိုး အားနည်းတယ်။ စိုက်တဲ့အချိန် မျိုးလိုမှပဲ ဟိုနေရာသွား၊ ဒီနေရာသွား မျိုးရှာကြတယ်။ အဆင်ပြေရင်လည်းရတယ်။ အဆင်မပြေရင်လည်း မျိုးပေါက်မကောင်းတာမျိုးနှင့် ကြုံရတယ်။ မျိုးသန့်ရဖို့ဆိုတာကလည်း တစ်ခါတစ်ရံ သယ်ယူပို့ဆောင်ရေးစရိတ်တွေနဲ့ ဈေးကြီးတယ်။ သေချာပေါက်ရဖို့ဆိုတာကလည်း ကျိန်းသေမပြောနိုင်ဘူး၊ အခုလို ကိုယ့်ရပ်ကိုယ့်ဒေသမှာပဲ မျိုးသန့်မျိုးစေ့ထုတ်အသင်းတွေဖွဲ့စည်းကာ စိုက်ပျိုးရေးဦးစီးဌာနမှပေးတဲ့ နည်းစနစ်တွေနှင့် မျိုးသန့်မျိုးစေ့ ထုတ်စိုက်ကွင်းတွေ စိုက်ပျိုးပြီး မျိုးစေ့ထုတ်မယ်ဆိုရင် လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့မျိုးပမာဏကို အဆင်ပြေပြေနဲ့ရနိုင်မယ်။ အခြားနေရာလည်း သွားသယ်စရာမလိုတော့ဘူး။ ဈေးနှုန်းလည်း အသက်သာဆုံးဖြစ်မယ်၊ အခုလို ဌာနဆိုင်ရာ တာဝန်ရှိသူတွေ တကူးတကလာပြီး တောင်သူတွေကို မျိုးနဲ့ပတ်သက်ပြီး အဆင်ပြေအောင်လာရောက်ပြောပြပေးတဲ့အတွက် ကျေးဇူး လည်းတင်ပါတယ်" ဟု ပြောသည်။

တောင်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းဆွေက မိမိတို့အနေနဲ့ ဒေသခံတောင်သူများနှင့် လာရောက်တွေ့ဆုံခြင်း၏ အဓိကရည်ရွယ်ချက်မှာ တောင်သူအစုအဖွဲ့များကို အခြေခံပြီး ကျေးလက်နေတောင်သူများ ဝင်ငွေတိုးတက်မြင့်မားစေရန် ဦးတည်သည့်အသင်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေးအတွက် ဌာနဘက်မှ ဆောင်ရွက်ပေးနိုင်သည့် အကူအညီများကို ဆောင်ရွက်ပေးနိုင်ရန် တောင်သူများသိလိုသည့်အရာများကို ရှင်းလင်းဆွေးနွေးပေးရန်အတွက်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုမြင့်မား၍ တောင်သူများ ဝင်ငွေတိုးတက်လာရန် ဆောင်ရွက်ရာတွင် အရည်အသွေးအာမခံချက်ရှိသည့် မျိုးစစ်မျိုးမှန်များရရှိပြီး စိုက်ပျိုးသွားနိုင်ရန် အဓိကကျကြောင်း တောင်သူများလိုအပ်သည့် မျိုးသန့်မျိုးစေ့များကို လွယ်ကူအဆင်ပြေစွာဖြင့် အချိန်မရွေးရရှိနိုင်ရန် မျိုးသန့်မျိုးစေ့ထုတ်အသင်းများ ဖွဲ့စည်းရန် လိုအပ်ကြောင်း ၎င်းဖွဲ့စည်းပြီး အသင်းများမှလည်းကောင်း၊ အသင်းဝင်၊ အသင်းသား များမှလည်း ကောင်း၊ မိမိတို့နေထိုင်သည့်ကျေးရွာများတွင် မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းများ စိုက်ပျိုးခြင်း၊ ထွက်ရှိလာသည့် မျိုးသန့်မျိုးစေ့များကို မိမိပတ်ဝန်းကျင်ရှိ တောင်သူများသို့ တစ်ဆင့်ပြန်လည်ဖြန့်ဖြူးစိုက်ပျိုးစေခြင်းဖြင့် ကျေးရွာအတွင်းရှိ တောင်သူများအားလုံး မျိုးသန့်မျိုးများကို အခြေခံ၍ စိုက်ပျိုးထုတ်လုပ်လာနိုင်မှာဖြစ်ကြောင်း မျိုးသန့်သည်နှင့်အမျှ စိုက်ပျိုးထုတ်လုပ်မှုမှာလည်း အရည်အသွေးရော၊ အရေအတွက်ပါ တိုးတက်မြင့်မားလာပြီး ၎င်းနှင့်ဆက်စပ်နေသည့် တောင်သူဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသ၏ ရေမြေရာသီဥတုနှင့် သင့်တော်မည့် မျိုးများ ရရှိရေး၊ အထွက်နှုန်းကောင်းမွန်သည့် စိုက်စနစ်များ ကျင့်သုံးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီမှစတင်၍ မိုးကောင်းသောက်လယ်တွေနှင့် သင့်တော်တဲ့ စပါးမျိုးယှဉ်ပြိုင်ကွက်တွေ၊ စိုက်စနစ်ယှဉ်ပြိုင်ကွက်တွေ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ၎င်းယှဉ်ပြိုင်ကွက်များကို တောင်သူများက မျက်မြင်လာရောက်ကြည့်ရှု၍ မိမိတို့စိုက်ပျိုးလိုသည့် မျိုးများကျင့်သုံးလိုသည့် စိုက်စနစ်များကို ရွေးချယ်စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်သူ အသင်းများကို ကျေးရွာအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်ရေးအတွက် တောင်သူများဘက်မှ လိုအပ်သည့် နည်းပညာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုငွေကြေးကိစ္စရပ်များကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် အလေးအနက်ထား ကြိုးစားဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့သည်။

မြိတ်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးသူက ဒေသအတွင်း တောင်သူအများစုမှာ တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်သဖြင့် ထုတ်လုပ်မှုနည်းပါး၍ ဝင်ငွေလည်းနည်းပါးသည်ဟု မိမိတို့သိရှိပါကြောင်း တစ်နှစ်တစ်သီးမက ထုတ်လုပ်နိုင်ရန်အတွက် ဌာနအနေဖြင့် သီးနှံပုံစံများချမှတ်၍ သရုပ်ပြစိုက်ကွင်းများ ယခုမိုးစပါးရာသီအပြီးတွင် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း၊ သီးထပ်စွမ်းအားတိုးတက်ရန်မှာ မျိုးကောင်းမျိုးသန့်များ အချိန်မရွေးပမာဏအနည်းများမဆို ရရှိနိုင်ရန် လိုအပ်ကြောင်း၊ ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် မိမိတို့ဌာနမှ တောင်သူအစုအဖွဲ့များကိုအခြေခံ၍ မျိုးသန့်မျိုးစေ့ထုတ်လုပ်သူအသင်းများ ဖွဲ့စည်းဆောင်ရွက်သွားရန် မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ခရိုင်အတွင်း ၎င်းအသင်းများ ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည့် လိုအပ်ချက်များ ကြုံတွေ့ရမည့် အခက်အခဲများကို တောင်သူများနှင့်အတူ ဖြည့်ဆည်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊ နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟု ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။



တက်ရောက်လာသူ တောင်သူများမှလည်း မျိုးသန့်မျိုးစေ့ထုတ်အသင်းများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သိလိုသည့်အရာများကို ပွင့်ပွင့်လင်းလင်းပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများမှလည်း သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

ကြေးမုံ

ဩဂုတ် ၃၀၊ ၂၀၁၆

# လေထုညစ်ညမ်းမှုကို ကာကွယ်ရန် နှင့် စက်သုံးဆီ ခြိုးခြံချွေတာနိုင်ရန် ရည်ရွယ်၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ



**ထားဝယ် ဩဂုတ် ၂၉**

လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ အားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများပေါ်ထွန်းလာစေရန်၊ လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီ ခြိုးခြံချွေတာနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးနှင့်အားကစားဦးစီးဌာနမှ ပူးပေါင်း၍ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခွဲက တိုင်းဒေသကြီး အားကစားကွင်းရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ စက်ဘီးစီးနင်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်း စက်ဘီးစီးအင်အား ၉၅၀ ဦးဖြင့် ထားဝယ်မြို့ တိုင်းအားကစားကွင်းအရှေ့မှ တစ်ဆင့် လေယာဉ်ကွင်းလမ်းအတိုင်း စီးနင်းကြပြီး ဝဲကျွန်းရပ်၊ ရေးလမ်းမှ ဥတ္တံတားကြီးလမ်းဆုံ၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်း၊ ညောင်ပင်ကြီးလမ်းဆုံမှတစ်ဆင့် ဘုမ္မော်ရပ် တိုက်သစ်ဘုန်းကြီးကျောင်းလမ်း၊ ကရပ်ပြင်လမ်းဆုံ၊ထိုမှတစ်ဆင့် ရွှေတောင်စားစေတီဘုရားကြီးလမ်းမှ ရွှေဝယ်သီရိအားကစားကွင်းအတွင်း၌ ပန်းဝင်ခဲ့ကြကြောင်းသိရသည်။

**(တနင်္သာရီတိုင်းဒေသကြီးပြန်/ဆက်)**

## အင်ပူမြို့နယ်တွင် ရေဘေးသင့် ဒေသများပြန်လည်ထူထောင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အင်ပူ ဩဂုတ် ၂၉**

ဟင်္သာတခရိုင် အင်ပူမြို့နယ်တွင် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ထန်းပင်ကန် အ-မ-က ကျောင်းနှင့် ဘုရားသုံးဆူ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းလုပ်ငန်းများအား အင်ပူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မရဲစခန်းမှူးရဲအုပ်ဟန်ဇော်ထွန်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီ ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက အမှတ် (၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်နေမျိုးအောင် ဦးဆောင်သော တပ်မတော်သားများနှင့် ပူးပေါင်းပြီး ထန်းပင်ကန် အ-မ-က ကျောင်းနှင့် ဘုရားသုံးဆူဘုန်းကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများပြုလုပ်ခဲ့ပြီး ထန်းပင်ကန် အ-မ-က ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## တန်ဖိုးနည်း နာမည်ပါ သော့ချိတ်ကလေးများကို ကျောင်းသူ၊ ကျောင်းသားများ ဝယ်ယူမှုများလာ

**မန္တလေး ဩဂုတ် ၂၉**

အမည်ပါသော့ချိတ်များမှာ ပွဲများနှင့်ကြုံ သည့်အခါတွင်သာ လက်တွေ့ရေးသားမှုများဖြင့်စိတ်တိုင်းကျ ရွေးယူနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ နှစ်သက်စွာ ဝယ်ယူအားပေးမှုများ ပြားလျက်ရှိကြောင်း သိရသည်။

ဇာတ်ပွဲများတွင် ညပိုင်းရောင်းချသော လက်မှုပစ္စည်း တန်ဖိုးနည်းသော့ချိတ်ရောင်းချသူများမှာ နေ့လယ်ပိုင်းတွင် အထက်တန်းကျောင်းများ အနီးတွင် ရောင်းချလေ့ရှိသည်။ ကျောင်းဆင်းချိန်များတွင်ကျောင်းသားများမှာ နာမည်ရေးထိုးထားသော သော့ချိတ်ကလေးများကို စိတ်ဝင်တစားရွေးချယ်ဝယ်ယူကြသည်။ အများစုသော ကျောင်းသား၊ ကျောင်းသူများမှာ မိမိတို့အမည်ပါ သော့ချိတ်ကလေးများကို ဝယ်ယူခြင်း သူငယ်ချင်းအမည်ပါ သော့ချိတ်ကလေးများ ကို လက်ဆောင်ပေးရန်အတွက် ဝယ်ယူလေ့ရှိသည်။

အချို့သော ကျောင်းသား၊ ကျောင်းသူများမှာ စာမေးပွဲအောင်ရန် ရည်ရွယ်ချက်များဖြင့် အောင်ရမည်ဆို သော စာတန်းကလေးများကို ရေးသားခိုင်းသည်များလည်းရှိသည်။ အသဲပုံပါ သော့ချိတ်တစ်ခုလျှင် ငွေကျပ်၂၀၀ နှုန်းဖြင့်ရောင်းချပြီး သုံးခုယူပါက ငွေကျပ် ၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

အထက်အညာဒေသတွင် ရိုးရာနတ်ပွဲများ၊ ဘုရားပွဲများကျင်းပချိန်တွင် ၁၂ ပွဲဈေးသည်များမှာ ဇာတ်ပွဲများနှင့်အတူ လက်မှုပစ္စည်းကလေးများကို လိုက်လံရောင်းချလေ့ရှိသည်။ နတ်ပွဲများတွင် ရွှေကျွန်းပင် နတ်ပွဲမှစကာ တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲ၊ တောင်သမန် ဘိုးဘိုးကြီးနတ်ပွဲ၊ မြစ်တူးချောင်းပွဲနှင့်အတူ အခြားဘုရားပွဲများပါ ကျင်းပကြသည်။

**တိမ်တမန်**

## မိုင်းဖြတ်၌ စပါးမျိုးသန့်ပွားစံပြစိုက်ခင်း မျိုးကွဲ နုတ်ပယ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရန်အတွက် မျိုးသန့်ပွားများရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးရာသီ၌ နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာရှိ အကျိုးဆောင်တောင်သူလေးဦး၏ လယ်မြေတွင် ဆင်းကေရီ (၃) (RS to CS) စပါးမျိုးသန့်ပွား ၁၀ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ယင်း စပါးမျိုးသန့်ပွားစံပြစိုက်ခင်းများအား ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို တာချီလိတ်ခရိုင် မျိုးစေ့ဌာနခွဲ တာဝန်ခံ ဦးအေးကို၊ ခရိုင်မြေအသုံးချရေးဌာနခွဲတာဝန်ခံ ဒေါ်မြဥမ္မာ၊ မိုင်းဖြတ်မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်နှင့်ဝန်ထမ်းများက ဩဂုတ် ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆင်းကေရီ(၃) စပါးမျိုးသည် မိုင်းဖြတ်မြို့နယ်တွင် တောင်သူများအများဆုံး စိုက်ပျိုးသည့် စပါးမျိုးဖြစ်သည်။

မိုးစပါးစိုက်ဧက စုစုပေါင်း၏ ၆၅ ဒသမ ဝ၆ ရာခိုင်နှုန်းခန့် စိုက်ပျိုးထားရာ တစ်ဧက စပါးတင်း ၁၀၀ အထက် ထွက်ရှိကာ ဝင်ငွေတိုးတက်ရရှိသည့်အတွက် တောင်သူအများစုက ကြိုက်နှစ်သက်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှဝန်ဆောင်မှုကိုရှေးရှုသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၉**

ကော့သောင်းခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုကိုရှေးရှုသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခြင်းနှင့် အသိပညာပေးခြင်းအစီအစဉ် တစ်ရပ်အား ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ အစီအစဉ်တွင် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြတ်အောင် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ခရိုင်နှင့်မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်အင်အား ၄၀ ကျော်ဖြင့် ကျောင်းသား၊ ကျောင်းသူများ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ရည်ရွယ်လျက် ကျောင်းဝင်းအတွင်း၊ အပြင် ခြင်မခိုအောင်းနိုင်ရေး ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းပေးခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်ကြသည်။

မြို့နေလူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှု ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါဖြစ်စဉ်များ ကျောင်းသားလူငယ်ထုအတွင်း ဝင်ရောက်ကူးစက်ဖြစ်ပေါ်မှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်မှုလုပ်ငန်းများအဖြစ် မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များ ဖော်ပြထားသည့် ပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**





## သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**တောင်ငူ ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာ အုပ်စုအတွင်းရှိ မိုးစပါးစိုက်ခင်းဧက(၁၀၀)အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးသားပေါက်လွှတ်ပွဲအား ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀ ကိုငါးမျိုးစိုက်ထည့်ခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့ ခရိုင်ငါးလုပ်ဦးစီးဌာနအနေနဲ့ ဆည်၊ချောင်း၊အင်း၊အိုင်တွေထဲမှာလည်း အခြားငါးမျိုးစိတ်တွေအများကြီးလွှတ်ပေးခဲ့ပြီးပါပြီ။ အဓိကကတော့ သားငါးသယံဇာတပေါများဖို့ဖြစ်ပါတယ်။ ဒါမှလည်းစားသုံးတဲ့ပြည်သူတွေအနေနဲ့ ဈေးနှုန်းချိုသာစွာဝယ်ယူစားသုံးနိုင်သလို ဟင်းစားအတွက်လည်း အလွယ်တကူဖမ်းယူရရှိနိုင်မှာဖြစ်တယ်"ဟု တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်အေးကပြောသည်။

**ကိုလွင်(ဆွာ)**

# သံယောဇဉ်ပြတ်ဇာတ်လမ်းမှတ်တမ်းတစ်ခုရဲ့မျက်ရည်

**à သရက်တန်းစိုးရွှေစိတ်ပညာ**

အတ္တဆိုသော စကားဟာ မကြားချင်ဆုံးသော စကားလို့ပြောနိုင်ပါတယ်လေ။ ဘဝတူ. . . ဘဝတူ. . . ဆိုသော စကားလုံးလေးတွေနဲ့ လက်လုပ်လက်စား အထမ်းသမား လေးတွေကို သံယောဇဉ်ဖြစ်သွားတာ အောက်ခြေဘဝမှ လာသူတို့ရဲ့ မူလဗီဇစိတ်ဆိုတာ လူတိုင်းကတော့သိနေတာပါပဲလေ. . .။ တာဝန် . . . တာဝန်ဆိုတဲ့စကားအကြား အချိန်များဘဝများ ကိုပေးဆပ်ရင်း အနစ်နာခံခြင်းဆိုတဲ့အရာကို ခေါင်းပေါ်ရွက်ခဲ့တာ ၁၅ နှစ်ပါလားနော်။

ဖြတ်သန်းသွားတဲ့ နေ့စွဲတွေထဲမှာ အပြောင်းအလဲတွေကတော့ များနေတာပါပဲလေ။ ထွက်ခွာသွားသူတွေ ဝင်လာသူတွေ အကြား သံသောဇဉ်ဆိုတာများက အနည်းရင်း ခေါင်းဆောင်ကောင်းဖြစ်ခြင်းကို ဂုဏ်ယူလိုက်ရတာ။ ကျေနပ်လိုက်ရတာ။ကိုယ့်အလုပ်သမား ပိုက်ဆံရလျှင် ပျော်ရွှင်ရင်း သူတို့ထံမှ လက်ဖက်ရည် တစ်ခွက်တောင် မသောက်ခြင်းဆိုတဲ့ သစ္စာတရားနဲ့ မေတ္တာများရင်းခဲ့ပြီပဲလေ။

ပျော်ပါတယ်လေ။ ဝန်ထမ်းညီအစ်ကို မောင်နှမအချင်းချင်း ရင်းနှီးခြင်းနဲ့ နေလာခဲ့ကြ။ စကြနောက်ကြနဲ့ ပျော်စရာအတိပါပဲလေ။ သူတို့လေးတွေ အရေးဆိုလျှင် ရှေ့ဆုံးမှ ပါဝင်ရင်း အကြီးဖြစ်သူ ခေါင်းဆောင်သူကို သူတို့လေးတွေက ချစ်စနိုးခေါ်နေကြတဲ့ စကားက ကိုကြီးစိုးတဲ့။ ကိုကြီးစိုးဆိုတဲ့ စကားလေးတစ်ခွန်းနဲ့တင် ကျေနပ်ပြီး ပေးဆပ်လိုက်ရတာ။ တစ်ခုခုဖြစ်လျှင် တက်ကာလိုက်ရတာ။ တစ်ယောက်တည်း ပေးဆပ်ပြီး အပြောခံလိုက်ရတာ။ စိတ်ထဲမှာတော့ စာနာခြင်း၊ အနစ်နာခံခြင်း၊ ခေါင်းဆောင်

> မှတ်တိုင်တစ်ခုစိုက်ထူခြင်းအတွက်ခေါင်းစဉ် တပ်လိုက်သည်က စာရိတ္တအတွက် အထိမခံ ဘူးဆိုတဲ့ စာတမ်းလေးနဲ့စလိုက်တာ. . .

နှင့်အများ ငြိတွယ်နေတာ သဘာဝပါပဲလေ။ အခုတော့ လူဟောင်းဆိုတဲ့နာမည်နဲ့အတူ တပည့်တွေ အရေးအတွက် ရှေ့တန်းမှ တက်ကာ အနစ်နာခံကာ ဖြေရှင်းရှင်း ဝန်ပိခြင်းဆိုတာတွေကို အဖော်ပြုတတ်နေပြီပဲ။ အလုပ်နှင့်အိမ်အကြား ရိုးရိုးအင်္ကျီကလေးများ ဝတ်ဆင်မှုနည်းသွားပြီး အလုပ်ယူနီဖောင်းနှင့်သာ ကျင်လည်လာတာ ၁၅ နှစ်ကာလအထိ ရောက်ရှိလာခဲ့ပါရောလား။

သိုလှောင်ရုံတာဝန်ခံတဲ့။ လာသမျှ ကားတွေကို ပြေလည်အောင်စွမ်းဆောင်ပေးနေရတယ်။ စက်မှုအလွှဲကို လက်ခံပေးနေရတယ်။ ကုန်တင်ကုန်ချ လုပ်ငန်းများကို ပြေလည်အောင် ဆောင်ရွက်ရင်း ပိုလျှင် အသိမ်းခံ၊ လိုလျှင်လျော်စေဆိုသောမူ အကြား စိုးရိမ်စိတ် ကလေးများနှင့်နေသား ကျနေတာပဲလေ။ အရောင်းကားတွေကို အမြန်တင်ပေးဖို့အရေး ဘဝတူအလုပ်သမားလေးတွေကို ချော့ကာ ခိုင်းလာခဲ့တာ နှစ်တွေကြာခဲ့ပြီပဲ။ အလုပ်သမားတွေရဲ့ ကျန်းမာရေး၊ လူမှုရေးတွေကို ရှေ့တန်းက ဦးဆောင်ကောင်း ပီသစွာဖြင့် ခေါင်းဆောင်နိုင်ခဲ့လေခြင်းဆိုပြီးလုပ်လိုက်ရတာ။ အချိန်ဆိုတာ မသိ။အလုပ်တွေ ပိရင်းပျော်လာခဲ့တာပေါ့။

ဩော်. . . ကာလတွေ ကြာခဲ့ပါပြီလေ . . . အတ္တတွေအကြား ရန်ဖြစ်လိုက် ပြန်ချစ်လိုက်မှုဝါဒအတွင်း အတ္တတွေ ပိုမိုကြီးပြင်းလာခဲ့ပြီပဲ. . .။ အတ္တများစွာအကြား အထက်ဖားကာ အောက်ဖိသည့်ဝါဒကို ဆန့်ကျင်ရင်း ကိုယ်တိုင်က လူကြမ်းကြီးဖြစ်နေခဲ့ရင်းက ဖိအားပေးခြင်းများစွာနဲ့ ရှင်နေရပြီပဲလေ။ စစ်ဆေးခြင်းဆိုသောစကား တာဝန်အရဆိုသော စကားလုံးလေးများအလွန်တွင် သူခိုးကြည့် ကြည့်ခြင်း၊ မသင်္ကာသော အကြည့်ဖြင့်ကြည့်ခြင်းတို့က ရင်ထဲကို ခါးသီးစွာခံစားလာရပြီပဲလေ။ ဩော် . . . သေငယ်သောအမှားတစ်ခု အကြောင်းပြုရင်း သူခိုးပြော ပြောဆိုခြင်းတို့က နှုတ်ဆက်ခြင်းမှတ်တမ်းတစ်ခုကိုရေးထိုးသွားရပြီပဲလေ။

မှတ်တိုင်တစ်ခု စိုက်ထူခြင်းအတွက် ခေါင်းစဉ် တပ်လိုက်သည်က စာရိတ္တအတွက် အထိမခံဘူးဆိုတဲ့ စာတမ်းလေးနဲ့စလိုက်တာပေါ့။ အလုပ်ကကောင်းမွန်စွာ ထွက်ခွာ သွားပေမယ့်လည်း စိတ်ထဲမှာတော့ လွမ်းလိုက်တာ။ အလုပ်ထဲ အားရပါးရ လုပ်ကိုင်ရင်း နှုတ်ဆက်အကြည့်ကလေးနဲ့ကြည့်လိုက်မိတာပေါ့။ လုပ်ဖော်ကိုင်ဖက်တွေကို ပြုံးပြုံးပြီး နှုတ်ဆက်လိုက်ရတာပေါ့။ လုပ်ငန်းခွင်ရဲ့ပြင်ပမှာ ခေါ်ဖို့ပြောဖို့ နှုတ်ဆက်ကြဖို့ တတွတ်တွတ် မှာနေရတာပေါ့လေ။ ဩော်. . . ရာထူးဆိုတာ ဘာမှမဟုတ်ဘူးဆိုတာ လူတိုင်းသိလျှင် လူတိုင်းစာနာခြင်းများနှင့် ဆက်ဆံနိုင်မှာပါလား. . .။

ကဲ. . . တစ်ဌာနထဲက တပည့်တွေ လူစုကြကွာဆိုတော့ မှိုင်နေတဲ့ မျက်လုံးလေးတွေနဲ့ လူစုလာကြတာပေါ့။ အားလုံး စုပြီး နှုတ်ဆက်စကားပြောဖို့ အားယူလိုက်ပြီး လည်ချောင်းရှင်း လိုက်တယ်လေ။ ကဲ . . . ညီငယ်၊ ညီမငယ်ဆိုသော စကားနဲ့တင် စကားလုံးတို့ တစ်သွားခဲ့ပြီလေ။ စကားလုံးတွေထွက်ကျမလာဘဲ မျက်ရည်တွေသာ ထွက်ကျလာခဲ့ပြီလေ။ အားတင်းလိုက်တယ်။ အလုပ်ထဲ. . . အလုပ်ထဲမှာ ငါမှားတာရှိလျှင်. . ခွင့်. . ခွင့်. . . ခွင့်ဆိုတဲ့ စကားလုံးတွေအကြား မျက်ရည်တွေသာ ထွက်ကျလာခဲ့တာပေါ့။ တပည့်တွေကလည်း ရှိုက်ကနဲ့ငိုချကြပြီလေ။ ထပ်မံအားယူပြီး ပြောကြည့်တယ်။ အလုပ်ထဲမှာ ငါမှားတာရှိလျှင် ခွင့်လွှတ်ပါ။ မင်းတို့မှားတာရှိလျှင်လည်း ခွင့်လွှတ်တယ်ကွာ. . . . ဒါပဲ. . . ဆိုပြီး ခပ်ပြတ်ပြတ်ပြောရင်း ငိုသံတို့ လွှမ်းသွားကြပြီလေ. . . ကဲကွာ. . . ဘဝအတွက် အမှတ်တရ နှလုံးသားအတွက် သင်္ကေတ အဖြစ် စုပေါင်းဓာတ်ပုံရိုက်ကြမယ်ကွာဆိုပြီး ဓာတ်ပုံရိုက်လိုက်ကြတာ အားလုံးက ငိုထားတဲ့ မျက်နှာတွေနဲ့ပေါ့။

ဒီသံယောဇဉ်တွေကို ဖြတ်ရပေအုံးတော့မည်ပဲ။ အလုပ်ခွင်အတွင်းဝတ်သည့် ယူနီဖောင်းကလေးများကို ခေါက်ပြီး အလုပ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းကလေးများကို သော့ခတ်ရပေအုံးတော့မည်။ ဂျူတီဆင်းသည့် အချိန်ဇယားလေးတွေကို သိမ်းထားရပေအုံးတော့မည်။ သုံးလအတွင်း စက်ရုံဘက်မလာမိအောင် ကြိုးစားရပေအုံးတော့မည်။အော်. . အသက်ကြီးပြီးအလုပ်ခွင် ပြင်ပမှာ တွေ့ကြလျှင်ဖြင့်ဆိုတဲ့ အတွေးလေးတွေနဲ့လွမ်းနေလိုက် မိပြန်ပါသေးသည်။ မခိုင်တဲ့မျက်ရည်အကြား. ခံစားမှုများက လွမ်းခြင်း၊ ဆွေးခြင်းများဆီ ဦးတည်နေပါရောလား။

ဩော်. . . သံယောဇဉ်. . သံယောဇဉ် အားတင်းဖြတ်လိုက်ရပေမယ့် သံယောဇဉ်ဖြတ် ဇာတ်လမ်း မှတ်တမ်းတစ်ခုရဲ့ မျက်ရည်ဖြစ်သွားပါရောလား။

## ရွှေချထားသောမဟာမုနိရုပ်ပွားတော်(ပလတ်စတစ်)ပုံတော်များနှင့် ဗုဒ္ဓရုပ်ပွားတော်အမျိုးမျိုးကို အနယ်နယ်အရပ်ရပ်သို့တင်ပို့ရောင်းချ

**မန္တလေး ဩဂုတ် ၂၉**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ခေတ်တွင် နည်းပညာတို့ မြင့်မားလာခဲ့သည်။ ယခင်က ဘုရားဆင်းတုတော်များကို သစ်သားကျောက်၊ ကြေးများဖြင့် ခက်ခဲစွာထုဆစ်ပူဇော်ကြရသည်။ ယခုအခါ မန္တလေးမဟာမုနိ မြောက်ဘက်မုခ်ရှိ မှန်စီရွှေချလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦး ရွှေချနေသည့် မဟာမုနိရုပ်ပွားတော် ပလတ်စတစ်ပုံတော်ကို ဖူးတွေ့ရ၍ မေးမြန်းကြည့်ခဲ့ရာ “ဒီမဟာမုနိရုပ်ပွားတော်ပုံတော်က ပလတ်စတစ်နဲ့လုပ်ထားတာပါ။ ဒီလို ရွှေမချရသေးတဲ့ ပလတ်စတစ်ပုံတော်တွေကို ရန်ကုန်ဘက်က ထုတ်လုပ်တယ်။ ပြည်တွင်းဖြစ်ပေါ့။ ရန်ကုန်ကနေ ပလတ်စတစ်ပုံတော်အတိုင်းယူလာပြီး မန္တလေးကျမှ ရွှေချ၊ ရွှေကပ်တယ်။ ပုံတော်တွေကို ရွှေချလိုက်တော့ သပ္ပာယ်သွားတယ်။ ပလတ်စတစ်နဲ့ လုပ်ထားတာလို့တောင် မထင်ရတော့ဘူး။မဟာမုနိပလတ်စတစ် ရုပ်ပွားတော်တွေကို ရွှေချရွှေကပ်တဲ့နေရာမှာ ကိုရီးယားရွှေကိုအသုံးပြုတယ်။ တချို့ကလည်း ထိုင်းရွှေကိုအသုံးပြုတယ်။ ရွှေချရွှေကပ်တာကို နေ့စားနဲ့ လုပ်တယ်။ တစ်နေ့ကို နေ့စားခငွေကျပ် ၅၀၀၀ နဲ့လုပ်တယ်။ တစ်နေ့ကို ပျမ်းမျှ အဆူ ၂၀ လောက်ပြီးတယ်။ ပုံမှန်တော့ မရှိဘူးပေါ့။

‘လက်ရှိဈေးကွက်မှာတော့ ရွှေချထားတဲ့ ဗုဒ္ဓရုပ်ပွားတော် ပလတ်စတစ်ရုပ်ပွားတော်တွေကို ပူဇော်သူများတယ်။ ကြေးဆင်းတု သစ်သားပန်းပုထုထားတဲ့ ဆင်းတုတော်တွေထက် ဈေးနှုန်းက အများကြီးသက်သာတယ်။တစ်လက်မကို ငွေကျပ် ၃၅၀၊ ၄၀၀ နှုန်းနဲ့တွက်ပြီး ပလတ်စတစ် ဗုဒ္ဓရုပ်ပွားတော်တန်ဖိုးယူတယ်။ ရှစ်လက်မခန့်ရှိတဲ့ ရုပ်ပွားတော်ဆိုရင် ဖောက်သည်ဈေး ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိရရှိတယ်။ လက်ရှိကာလမှာတော့ မန္တလေးကနေ ရွှေချပြီး အနယ်နယ်အရပ်ရပ်သို့ တင်ပို့ပေးနေရတယ်” ဟု မန္တလေးမဟာမုနိဘုရားကြီး မြောက်ဘက်မုခ်မှ မှန်စီရွှေချလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ရှင်းပြ၍ သိရသည်။ **တိမ်တမန်**



## မြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၉**

ဝန်ဆောင်မှုကိုရှေ့ရှုသော အသိပညာပေး လုပ်ငန်းများအဖြစ် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များပူးပေါင်းကာ ကော့သောင်းမြို့ အင်္ဂာဝါရပ်ကွက် မြို့မဈေးကြီးတစ်ဝိုက်တွင် ဆောင်ရွက်ကြကြောင်းသိရသည်။

ဆောင်ရွက်မှုတွင် ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြတ်အောင်ဦးဆောင်မှုဖြင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များ ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် နိုင်ငံနှင့်အဝှမ်း ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြဿနာများ လျော့နည်းကျဆင်းရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တေးသီချင်းများဖွင့်လှစ်ပညာပေးခြင်း၊ မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များအား အသိပေးဖော်ပြထားသည့် ပညာပေးမိုဘိုင်းဓာတ်ပုံပြဘုတ်များကို လမ်းသွားလမ်းလာ ပြည်သူများအား ခင်းကျင်းပြသပညာပေးခြင်း၊ လက်ကမ်းစာစောင်များအား မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ မော်တော်ယာဉ်မောင်းနှင်သူများ၊ မြို့နေပြည်သူများနှင့် ဈေးသူဈေးသားများ၊ ဈေးဝယ်ပြည်သူများအား ဖြန့်ဝေခြင်းစသည့် ပြည်သူ့ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**

## ဗိုလ်မှူးကြီးဗထူးရာပြည့်အထိမ်းအမှတ်စာစီစာကုံး၊ပန်းချီ၊ပိုစတာနှင့်ကာတွန်းပြိုင်ပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၂၉**

မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးစွန့်စားသော သူရသတ္တိရှိသော၊ ရိုးသားဖြောင့်မတ်သော၊ မျိုးချစ်စိတ်ဓာတ်ရှိသော၊ ထူးခြားစွာ ခေါင်းဆောင်နိုင်သော ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြုသောအားဖြင့် စာစီစာကုံး၊ ပန်းချီ၊ပိုစတာနှင့် ကာတွန်းပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဗိုလ်မှူးကြီးဗထူး ရာပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းပြိုင်ပွဲကို နံနက် ၉ နာရီ ထားဝယ်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသား၊ ကျောင်းသူ ၁၆၅ ဦး အနက် စာစီစာကုံးဖြေဆိုသူ အထက်တန်း ၂၈ ဦး၊ အလယ်တန်း ၂၇ ဦး၊ ပန်းချီ၊ ပိုစတာနှင့် ကာတွန်းဖြေဆိုသူ ၁၁၀ တို့ ယှဉ်ပြိုင်ခဲ့သည်။

**(တနင်္သာရီတိုင်းဒေသကြီးပြန်/ဆက်)**



## ဝါးခယ်မတွင် ဆိုင်ကယ်စီးလိုင်စင်များ ပြုလုပ်ပေး

**ဝါးခယ်မ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ ဌာနဆိုင်ရာဝန်ထမ်းများပါမကျန် ဒေသခံပြည်သူများ ဆိုင်ကယ်မောင်းနှင်ရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်နိုင်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆိုင်ကယ်စီးလိုင်စင်များ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်ဆေးရေးမှူး (၂) ဦးလှတိုး ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်က ရွှေခယ်သီရိအားကစားခန်းမ၌ ဆိုင်ကယ်စီးလိုင်စင် လာရောက်ပြုလုပ်ကြသော ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေများအကြောင်း သင်တန်းပို့ချပြီး လိုင်စင်စုစုပေါင်း ၁၀၀၀ ကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# ဘကကျောင်းတွေကို မေ့မထားပါနဲ့

**ခ** ဆုဆက်ရည်ပိုး



'ဒီကျောင်းမှာက နေ့တစ်ပိုင်းတက်လို့ရတယ်။ စာအုပ်တွေ၊ ခဲတံတွေလည်း ဦးဇင်းတို့က ထုတ်ပေးတယ်။ ဘာမှ ထပ်ဝယ်စရာမလိုဘူး။ သမီးက နံနက်ပိုင်းအစ်မကို ကလေးထိန်းပေးရတယ်။ ညနေပိုင်း ကျောင်းတက်တာပေါ့'

'သားတို့က အဖေနဲ့ အမေမရှိတော့ဘူး။ အဘွားကမော်လမြိုင်မှာနေတယ်။ သားတို့ကို စာမသင်ပေးနိုင်တော့ ဒီဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနေရင်း စာသင်လို့ရအောင် ပို့ထားတာ'

'တခြားကျောင်းတွေက အိမ်နဲ့ဝေးတော့ နီးနီးမှာရှိတဲ့ ဒီဘကကျောင်းကိုပဲထားတာ'

ရန်ကုန်မြို့တွင်းနဲ့ အလှမ်းမဝေးလှသော သာကေတမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တက်ရောက်နေကြသောကလေးငယ်များ၏ စကားသံများဖြစ်သည်။

**အစိုးရနှင့်ချိတ်ဆက်မှု**

ကိုလိုနီခေတ်ဦးကပင်ပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် မဆလအစိုးရ၊ တပ်မတော်အစိုးရ၊ လက်ရှိအရပ်သားအစိုးရ နှစ်ဆက်မြောက်အထိပင် မြန်မာ့ပညာရေးကဏ္ဍတွင် တစ်ပိုင်တစ်နိုင် ဝင်ရောက်ထမ်းပိုးထားလျက်ပင်ရှိနေသေးသည်။ ကိုလိုနီခေတ်က မြန်မာစာ၊ မြန်မာစကား ပျောက်ကွယ်တိမ်ကောမသွားစေရန် မြန်မာဘုန်းတော်ကြီးများ ဦးစီးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ရည်ရွယ်ဖွင့်လှစ်ခဲ့သော်လည်း ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အညီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည်မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်သင်ရိုးများကို အစိုးရနှင့်ချိတ်ဆက်၍ ဖွင့်လှစ်သင်ကြားပေးနိုင်လာပြီဖြစ်သည်။

အထက်တန်းပြ တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထောက်ပံ့ပေးနေပြီး အချို့ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အနေဖြင့် ယင်းထောက်ပံ့ငွေနှင့် ကျောင်း၏ သီးသန့်ချီးမြှင့်ငွေ နှစ်ခုပေါင်းကာ ဆရာ၊ ဆရာမများကို လစာငွေအဖြစ် ချီးမြှင့်ပေးလျက်ရှိသည်။

"ဘုန်းကြီးတို့ကတော့ ကိုယ့်ကျောင်း ဆရာ၊ ဆရာမ မြဲဖို့ အတတ်နိုင်ဆုံးကြိုးစားရတာပဲ။ သူတို့မှာ တခြားဝင်ငွေကောင်း အလုပ်တစ်ခုရနိုင်သားနဲ့ ကိုယ့်ကျောင်းမှာ လုပ်အားပေးလာတဲ့အတွက် ထိုက်ထိုက်တန်တန်ချီးမြှင့်ချင်တယ်။ ဒါပေမယ့် အလှူရှင်တွေလှူတာနဲ့ အစိုးရက ထောက်ပံ့ပေးတာပေါင်းရင်တောင် အပြင်ကလုပ်ခငွေကိုမမီပါဘူး။ အစိုးရကျောင်းကဆရာတွေရဲ့ အစွန်းထွက်လောက်ပဲပေးနိုင်တယ်။ ဆရာမြဲဖို့က ထိုက်တန်တဲ့ ချီးမြှင့်ငွေ ပေးနိုင်ဖို့လိုတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဘကကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော်ဘဒ္ဒန္တကုသလက မိန့်ကြားသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင်ဘွဲ့ရ နေ့စားလပေး ဆရာ၊ ဆရာမများ ခေါ်ယူခဲ့ရာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် သင်ကြားနေသော ဆရာ၊ ဆရာမများသည် ယင်းတို့၏ ဘဝတက်လမ်းအတွက် နေ့စားလပေးဝင်ရောက်လျှောက်ထားခဲ့ခြင်းကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ဆရာ၊ ဆရာမအင်အား မူလထက်လျော့နည်းသွားခဲ့ခြင်းမျိုးလည်းရှိကြောင်း သိရသည်။

"ဘကကျောင်းတွေကလည်း မြန်မာ့ပညာရေးမှာ တစ်တပ်တစ်အား အရေးပါတယ်။ ဆရာ၊ ဆရာမတွေကို မွမ်းမံသင်တန်းတွေပေး၊ အစိုးရဝန်ထမ်းအဖြစ် အသိအမှတ်ပြုထိုက်တန်တဲ့လစာငွေပေးပြီး ကျောင်းတွေမှာ မြဲအောင် ဆောင်ရွက်ပေးသင့်တယ်" ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ်က ပြောသည်။

ပညာရေးလိုအပ်ချက်ကြောင့် ကျေးလက်တောရွာများတွင်သာမက မြို့ပေါ်ရပ်ကွက်များရှိ အခြေခံလူတန်းစားများသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အမှီသဟဲပြုနေကြဆဲပင်ဖြစ်သည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စာရင်းများအရတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မူလတန်းကျောင်း ၉၆၁ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၀၀၊ အလယ်တန်းကျောင်း ၁၀၅ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း နှစ်ကျောင်းရှိနေပြီး တစ်နိုင်ငံလုံးတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၆၁ ကျောင်းရှိနေသည်။

ယင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူ ၃၀၁၀၀၀ ကျော် ပညာသင်ယူလျက်ရှိကြကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ အစိုးရအခြေခံပညာကျောင်း ၄၅၄၆၁ ကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၉ ဒသမ ၂ သန်းခန့် တက်ရောက်နေကြကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇူလိုင်လအတွင်းက ပြုလုပ်သော အခြေခံပညာကဏ္ဍနှီးနှောဖလှယ်ပွဲတွင် ပြောကြားခဲ့သည်။

ယင်း ၉ ဒသမ ၂ သန်းတွင် မပါဝင်နိုင်သော ကျောင်းနေအရွယ် ကလေး ၃၀၁၀၀၀ ကျော်သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို မှီခိုနေရဆဲဖြစ်သည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် အစိုးရ၏ အခြေခံပညာရေးကို လက်လှမ်းမမီသည့် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါး ကလေးငယ်များအတွက် ပညာရေး အခွင့်အလမ်းဖန်တီးပေးနေသော ဌာနများဖြစ်သည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အများစုသည် ဘုန်းတော်ကြီးများနှင့် အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ကိုယ်ထူကိုယ်ထဖွင့်လှစ်ကာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအိပ်ကျောင်းစားအဖြစ် လက်ခံသင်ကြားပေးနေခြင်းဖြစ်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် သင်ကြားပေးမည့် လုပ်အားပေး ဆရာ၊ ဆရာမများကိုရှာဖွေရခြင်း၊ ဆရာ၊ ဆရာမများကို လစာငွေချီးမြှင့်ခြင်း၊ ကျောင်းအဆောက်အအုံနှင့် သင်ကြားရေးပစ္စည်းများ၊ သင်ထောက်ကူများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာနှင့် ကျောင်းအိပ်ကျောင်းစား ကလေးငယ်များအတွက် ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များကိုပါ တာဝန်ယူထားရသည်။

မြန်မာ့ပညာရေးကိုတစ်တပ်တစ်အား ပံ့ပိုးပေးနေသည်မှာ ခေတ်အဆက်ဆက်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် လက်ရှိအချိန်အထိ အစိုးရ၏ ထောက်ပံ့မှုအပြည့်အဝ မရရှိသေးဘဲ ကိုယ်ထူကိုယ်ထစာသင်ကျောင်းများအဖြစ် ရပ်တည်နေရသောကြောင့် လိုအပ်ချက်များ ရှိနေဆဲပင်ဖြစ်သည်။

**ဆရာ၊ ဆရာမများအား ပံ့ပိုးမှု**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ၊ ဆရာမ အများစုသည် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများဖြစ်ပြီး လုပ်အားပေးအနေဖြင့် အားလပ်ချိန်များတွင် အချိန်ပိုင်း ဆရာ၊ ဆရာမများအဖြစ် ဝင်ရောက်သင်ကြားပေးနေခြင်းဖြစ်သည်။

ယင်းတို့ကို ခေတ်အဆက်ဆက်က လစာငွေ သီးသန့်ချီးမြှင့်နိုင်ခဲ့ခြင်းမရှိဘဲ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ရောက်မှ သာသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေဖြင့် လစဉ်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာ၊ ဆရာမများအား မူလတန်းပြတစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ အလယ်တန်းပြတစ်ဦးလျှင် ငွေကျပ် ၄၁၀၀ နှုန်းဖြင့်သာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထောက်ပံ့ပေးထားသည်။

**ကျောင်းအဆောက်အအုံ**

ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ရင်ဆိုင်နေရသော တတိယအချက်မှာ ကျောင်းအဆောက်အအုံ မလုံလောက်ခြင်းဖြစ်သည်။

"ဘကကျောင်းမှာ တစ်နှစ်ထက်တစ်နှစ် ကျောင်းသားက အတိုးပဲရှိတယ်။ အလျော့မရှိတော့ အဓိကလိုအပ်လာတာက ကျောင်းအဆောက်အအုံနေရာပဲ။ ဒါတွေကို ဘုန်းကြီးတို့က အစိုးရဆီတင်ပြလို့မရဘူး။ ကိုယ်ထူကိုယ်ထပဲအလှူရှင်ရှာပြီး အဆောက်အအုံဆောက်ရတယ်" ဟု ရန်ကုန်မြို့ရှိ နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းမှ တာဝန်ခံဆရာတော် ဦးပဏ္ဍိတက မိန့်ကြားသည်။

**ကျန်းမာရေးစောင့်ရှောက်မှု**

ယင်းအပြင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကျောင်းအိပ်ကျောင်းစား ကလေးငယ်များအတွက် ကျန်းမာရေး ထောက်ပံ့မှုများ လုံလောက်စွာရရှိရန်လည်း အရေးကြီးကြောင်း သိရသည်။

"ဘုန်းကြီးတို့က ကလေးငယ်တွေ၊ မိဘမဲ့တွေကို လက်ခံထားရတဲ့အတွက် သူတို့ကျန်းမာရေးတစ်ခုခုချို့ယွင်းရင် ဘုန်းကြီးတို့ပဲ တာဝန်ယူရတယ်။ အလှူရှင်တွေကို အားကိုးရတယ်။ စနစ်တကျကျန်းမာရေး စောင့်ရှောက်မှုမျိုး ဆောင်ရွက်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့" ဟု ဆရာတော်ဘဒ္ဒန္တကုသလက မိန့်ကြားသည်။

ပညာရေးဝန်ကြီးဌာနမှ ပံ့ပိုးမှုပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများအား ကျောင်းသားအရေအတွက်ပေါ် မူတည်၍ ကျောင်းထောက်ပံ့ကြေးများပံ့ပိုးပေးခဲ့ရာ ယင်းအစီအစဉ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုပါ ထည့်သွင်းကာ ကျောင်းထောက်ပံ့ကြေးအဖြစ် ပံ့ပိုးပေးလျက်ရှိသည်။

ယင်းအပြင် ယခု ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် စတင်သော သူငယ်တန်းသင်ရိုးသစ်ကို ပို့ချနိုင်ရန်အတွက် ဆရာ၊ ဆရာမ မွမ်းမံသင်တန်းများတွင်လည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများကို တက်ရောက်စေခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အစိုးရ၏ထောက်ပံ့မှုသည် ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှစ၍တိုးတက်မှုရှိလာသည်ကိုတွေ့ရသည်။

သို့သော် လိုအပ်ချက်အရဖွင့်လှစ်ထားရသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် လိုအပ်ချက်များကား ရှိနေဆဲပင်ဖြစ်သည်။

ကုလသမဂ္ဂ၏ ကလေးတိုင်းမူလတန်းပညာအခမဲ့သင်ယူပြီးမြောက်ရေး သဘောတူညီချက်ကို ပါဝင်လက်မှတ်ရေးထိုးထားသော မြန်မာအစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသော မြန်မာဘုန်းတော်ကြီးများ၏ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ လိုအပ်ချက်များကို လေ့လာကာဖြည့်ဆည်းပေးနိုင်ရန် ဘကကျောင်းများကိုမေ့မထားရန် တိုက်တွန်းရေးသားလိုက်ပါသည်။

> "ဘုန်းကြီးတို့က ကလေးငယ်တွေ၊ မိဘမဲ့တွေကိုလက်ခံထားရတဲ့အတွက် သူတို့ကျန်းမာရေးတစ်ခုခုချို့ယွင်းရင် ဘုန်းကြီးတို့ပဲတာဝန်ယူရတယ်။ အလှူရှင်တွေကိုအားကိုးရတယ်။ စနစ်တကျကျန်းမာရေး စောင့်ရှောက်မှုမျိုး ဆောင်ရွက်ပေးနိုင်ရင်တော့ . . ."

# ပြည်ထောင်စုမြန်မာစာ

**ခဲ** စောလူ

ပြည်သူပြည်သားကောင်းတစ်ဦးရဲ့ တာဝန်ကို စဉ်းစားမိတိုင်း လွန်ခဲ့တဲ့နှစ်ငါးဆယ်က အတွေ့အကြုံတစ်ခုကို သွားသွားသတိရမိတတ်ပါတယ်။ တက္ကသိုလ်များဆရာဆောင်မှာ နေတုန်းကပါ။ မိတ်ဆွေလည်းဟုတ်၊ ဆရာဆိုလည်း မမှားတဲ့ မြန်မာစာဆရာ ဂျွန်အိုကယ်က အဲဒီအဆောင်မှာပဲလာတည်းနေတဲ့အချိန်ပေါ့။ တစ်ရက် သူ့အခန်းကိုသွားတော့ သူစာတစ်စောင်ရေးနေတယ်။ ရေးတာက လန်ဒန်က စာပို့ဌာနကို။ ရေးရတဲ့အကြောင်းက နောက်ဆုံးထုတ်လိုက်တဲ့ လေယာဉ်စာပို့လွှာနဲ့ ပတ်သက်တဲ့ သူ့ထင်မြင်ယူဆချက်။ ဘာတွေကောင်းတယ်။ ဘာတွေ မကောင်းဘူးပေါ့။ ဝေဖန်အကြံပြုစာရေးနေတာ။ နောက်မကြာခင်မှာ လန်ဒန်စာပို့ဌာနက ကျေးဇူးတင်စကားပြန်လာတာလည်း ဆရာအိုကယ်ပြောပြလို့ သိရပါတယ်။

တိုင်းကြီးပြည်ကြီးသား၊ ပြည်သူပြည်သားကောင်းဆိုတာ တိုင်းရေးပြည်ရာမှာ ဆိတ်ဆိတ်မနေကောင်းပါလား၊ လိုအပ်လာတဲ့အခါ ဝေဖန်အကြံပြုရင်း ကောင်းကျိုးဆောင်သင့်ပါလားဆိုတာ သင်ယူလိုက်ရပါတယ်။ ဒါကြောင့် မြန်မာဘာသာစကားနှင့် စာပေအဖွဲ့က မြန်မာစာလုံးပေါင်းနဲ့ပတ်သက်လို့ ပြည်သူတွေရဲ့ အသံကြားချင်ကြောင်း ဖိတ်ခေါ်သံကြားလိုက်ရတဲ့အခါ မြန်မာစာရေးနေ၊ သုံးနေသူတစ်ဦးအနေနဲ့ တာဝန်ကျေသင့်ပါတကားလို့ အောက်မေ့မိပါတယ်။

တာဝန်ကျေချင်စိတ်နဲ့အတူ ဝမ်းသာစိတ်လည်းဖြစ်ရပါတယ်။ ဘာကြောင့်ဝမ်းသာရသလဲဆိုတော့ ပထမအချက်က ကိုယ်ကြည်ညိုလေးစားတဲ့ပညာရှင်ကြီးတွေ ဦးစီးလုပ်ဆောင်နေတဲ့ မြန်မာစာအဖွဲ့ကြီး(ဒီကစပြီးနောက်မှာ မြန်မာစာအဖွဲ့လို့ပဲ သုံးခွင့်ပြုပါ) ပြည်သူဘက်ရွေ့လာပြီလို့ ယူဆမိလို့ပါပဲ။ အဲဒါက မြန်မာစာအဖွဲ့ကြီးအတွက်။ နောက်ပြည်သူတွေဘက်က ကြည့်ပြန်တော့ စာလုံးပေါင်းအရေးမှာ သူလိုကိုယ်လို ပြည်သူတွေပါဝင်ခွင့်ရလာလို့ပါပဲ။ ရှေးဒုလ္လဘတွေက အခုအခါ ဒုလ္လဘ မဟုတ်တော့ပါလားဆိုတဲ့ အတွေးနဲ့ဝမ်းသာမိတာ ဆိုကြပါစို့။

စာလုံးပေါင်းတွေပြဋ္ဌာန်းတဲ့ အဖွဲ့အစည်းနဲ့ ပြည်သူနဲ့နီးစပ်ဖို့၊ စာလုံးပေါင်းအရေးပြည်သူတွေ ပါဝင်ခွင့်ရဖို့ဆိုတာ သမိုင်းတစ်လျှောက်လုံး ဒုလ္လဘမှ ဒုလ္လဘ။ သိရသမျှထဲ ရှေးအကျဆုံးဆိုတဲ့ "သဗ္ဗဉာဏ်"ချီသတ်ပုံကျမ်း ဆိုတာကို ရှေးရှေးပုဂံကောင်းစားစဉ်ကာလ ပြဋ္ဌာန်းခဲ့သတဲ့။ ဘယ်သူရေးမှန်းမသိပေမယ့် ပြဋ္ဌာန်းပေးခဲ့တာက ဘုရင်က လွဲလို့ ဘယ်သူရှိဦးမှာလဲ။ နောက် "စိန္တကျော်သူ ဦးဩ" ရဲ့ ကဝိလက္ခဏာသတ်ပုံတဲ့။ ဒါလည်း နန်းတော်ကြီးကပြဋ္ဌာန်းတော့ အများလိုက်နာရတာပေါ့။ ထား။ အဆက်ဆက်က "ရာဇာပခာန်"။ ပညာရှိ ပညာရှင်ပုဂ္ဂိုလ်တွေ ဆွေးနွေးကြ တိုင်ပင်ကြ။ ဘုရင်ကို တင်ပြ၊ ပြဋ္ဌာန်း။ ဘုရင်မရှိတော့တဲ့နောက်မှာလည်း သိပ်မထူးပါဘူး။ ကိုလိုနီခေတ်မှာရော၊ လွတ်လပ်ရေးရပြီးမှာရော စာလုံးပေါင်းကိစ္စက ပညာရှင်တွေကြားက ကိစ္စပါပဲ။ ဘယ်ရေးထုံးကျမ်းကို ပြဋ္ဌာန်းတယ်ရယ်လို့ မရှိပေမယ့် ပညာရှင်တွေ ပညာပြစား ငြင်းကြခုံကြ။ ငြင်းကြခုံကြရမှာလည်း ရှေးရှေးစာအုပ်ကြီးတွေ ကိုင်ပြီး ငြင်းကြခုံကြတာပါ။ နောက်တော့ စာလုံးပေါင်းစာအုပ်တွေ မျိုးစုံထွက်ကြ။ ပြည်သူကတော့ ဘာကို ဘယ်လိုရေးရမှန်းမသိဘဲ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေခဲ့ရတဲ့အဖြစ်။ ဘယ်လိုရေးမှန်းမသိတော့လည်း ကိုယ်ရေးချင်သလို ရေးလိုက်ကြတဲ့ အဖြစ်။ အဲဒီလို ဖြစ်နေရာက အာဏာရှင်ခေတ်ထဲ ရောက်လာတော့ မြန်မာစာအဖွဲ့ဖွဲ့ပြီး အစိုးရက ပြဋ္ဌာန်းရာ နာခံခိုင်းလိုက်တာပါပဲ။ အခြားဒီထက်အရေးကြီးတဲ့ စားဝတ်နေရေးကိစ္စတွေမှာတောင် ကိုယ့်စိတ်နဲ့ကိုယ် မလှုပ်ရှားနိုင်မှတော့ စာလုံးပေါင်းကိစ္စလောက်ကို ပြည်သူတွေ လှည့်မကြည့်အားပါဘူး။ ပြဋ္ဌာန်းထားတဲ့အတိုင်း မရေးရင် တစ်လုံးမှား ဘယ်ရွေ့ဘယ်မျှဆိုပြီး ငွေဒဏ်အပေးခံရတာ ပုံနှိပ်လောကမှာ ရှိခဲ့သေးမဟုတ်လား။ ဒါနဲ့ ဒီလိုရေးဆို ဒီလိုရေးဟိုလိုရေးဆို ဟိုလိုရေး။ စကားနည်း ရန်စဲ။ ပြီးရောပေါ့။ ငြိမ်လို့ဝပ်လို့၊ ငြိမ်သွား ဝပ်သွားတာ မှန်ပါရဲ့။ တစ်ဖက်မှာ ဆုံးရှုံးလိုက်ရတာက မြန်မာစာအရာမှာ တော်ပေ့တတ်ပေ့ဆိုတဲ့ ပညာရှင်ကြီးများနဲ့ ဖွဲ့ထားတဲ့ မြန်မာစာအဖွဲ့ကြီး ပြည်သူနဲ့ဝေးသွားတာ။

အခု ပြည်သူတွေနဲ့ နီးလာတဲ့ မြန်မာစာအဖွဲ့ရဲ့အသံကို ကြားရတဲ့အခါ ပြောချင်တာတွေအများကြီး။ ဒါပေမယ့် မြန်မာစာအဖွဲ့ကို တိုက်ရိုက်ဦးတည်မပြောလိုပါဘူး။ မြန်မာစာရေးဖော်ရေးဖက် မိတ်ဆွေပြည်သူတွေကိုပဲ အစီရင်ခံတိုင်ပင်ဖို့ ရည်ရွယ်ပါတယ်။ နောက်ပြီး ပြဿနာထောင်သောင်း အစီရင်မခံပါဘူး။ ပြဿနာတစ်ခုတည်းကိုပဲ စူးစိုက်အစီရင်ခံလိုက်ပါမယ်။ အဲဒါက အနက်စွဲ၊ အသံစွဲ စာလုံးပေါင်းသဘောထား။

အနက်စွဲ အသံစွဲ အရေးအသားဆိုတာကို မိတ်ဆွေပြည်သူတချို့ နားလည်ချင်မှနားလည်ပါမယ်။ အနက်စွဲ ဆိုတာက မူလအနက်အဓိပ္ပာယ်နဲ့ညီအောင် စာလုံးပေါင်းထားတာ။ အနက်စွဲ၊ အသံစွဲဆိုတာက အနက်အဓိပ္ပာယ်နဲ့ဝေးချင်ဝေးပေမယ့် အသံထွက်တဲ့အတိုင်း ရေးတဲ့ စာလုံးပေါင်းကို အသံစွဲခေါ်တာပါပဲ။ နမူနာအနေနဲ့ ပြောရရင် "အသားမည်း"နဲ့ "အသားမဲ"။ "အသားမည်း"ဆိုတာက အစဉ်အလာလည်းရေးခဲ့တယ်။ ပညာရှင်တွေ စိစစ်တော့လည်း အဓိပ္ပာယ်နဲ့ စာလုံးပေါင်း တစ်သားတည်းဖြစ်နေတယ်။ ရိုးရိုးပြောရင် စာလုံးပေါင်းအမှန်ပေါ့လေ။ ဒါပေမယ့် ပြည်သူတွေကကျ အသားမည်းလို့လုံးကြီးတင်ဆန်ခတ်သံနဲ့ ဘယ်သူမှ မပြောတော့ဘူး။ အသားမည်း (အသားမီး)လို့သွားပြောရင် ကြားတဲ့သူ ပြုံးစေ့စေ့လုပ်တာ ခံရဦးမယ်။ အသားမဲလို့ပဲ တညီတည်းပြောနေကြတာ မဟုတ်လား။ ဒီတော့ "အသားမည်း"က အနက်အဓိပ္ပာယ်နဲ့အညီ စာလုံးပေါင်းတာမို့ အနက်စွဲ စာလုံးပေါင်း၊ "အသားမဲ"က အသံစွဲ စာလုံးပေါင်းပေါ့။ အနက်စွဲစာလုံးပေါင်းတွေနဲ့ပဲ ပေကပ်နေမလား။ အများပြည်သူအသံနဲ့ညီအောင် အသံစွဲစာလုံးပေါင်းကို ပြောင်းရေးမလား။ ဒါမှမဟုတ် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာအောင် နှစ်မျိုးလုံးကို လက်ခံမလား။ အဲဒီအချက်ကို မြန်မာစာအဖွဲ့ ပညာရှင်ကြီးများ အပါအဝင် ပြည်သူအများ စဉ်းစားကြဖို့ပါ။

ဒီအချက်ကို စဉ်းစားဖို့ပြောတာကလည်း ကိုယ့်ဉာဏ်နဲ့ကိုယ် ထွင်းဖောက်စဉ်းစားပြီး ပြောတာမဟုတ်ပါဘူး။ ဒီပြဿနာကို အဘိဓာန်ပညာရေးထုံးပညာမှာ အထူးလေးစားရတဲ့ ဆရာကြီး မင်းသုဝဏ် တင်ပြပြီးသားပါ။ ဟိုးလွတ်လပ်ရေးရပြီးစ ကာလကတည်းက တင်ပြခဲ့တာပါ။ ဆရာ့ဆောင်းပါးနာမည်က "ရပ်သံရွာသံ စည်းချရန်" တဲ့။

ဆရာ့ဆောင်းပါးလိုရင်းက ဒီလိုပါ။ "ဖြည်းဖြည်း"တို့၊ "ခေါင်းငုံ့"တို့၊ "ကွေ့"တို့က ရေးထုံးမှန်။ ဒါပေမယ့် ပြည်သူက "ဖြေးဖြေး"၊ "ဂေါင်းငုံ့"၊ "ငွေ့"လို့ စာလုံးပေါင်းရင်း အလုပ်တွင်ကျယ်နေခဲ့ကြပြီ။ အလုပ်တွင်ကျယ် နေခဲ့ကြပြီးဆိုတာက အသံစွဲအတိုင်းစာလုံးပေါင်းလို့ ဘယ်ပြည်သူကမှ အဓိပ္ပာယ် တလွဲတချော် မကောက်ခဲ့ဘူးလို့ ဆိုလိုတာပါ။ သာမန်ပြည်သူတွေသာမဟုတ်၊ မြန်မာစာပေလောကအထွတ်အထိပ်ပညာရှင် ရှင်မဟာသီလဝံသနဲ့ လယ်တီဆရာတော်ဘုရားကြီးတို့လည်း ပြည်သူနားလည်ဖို့လိုအပ်တဲ့အခါ အသံစွဲ စာလုံးပေါင်းကို ဦးစားပေးခဲ့ကြတယ်လို့ ဆရာက ဆိုပါတယ်။ "ရှည်"ကို"ရှေ" အသံထွက်နဲ့ ရှင်မဟာသီလဝံသက ရေးပါသတဲ့။ "လပြည့်"က "ပြည့်"ကို "နေ့"နဲ့ ကာရန်တူ ထားပြီး လယ်တီဆရာတော်ဘုရား ဖွဲ့ခဲ့ဖူးပါသတဲ့။ "အမှားသာကဲ အမှန်နဲ" ဆိုပြီး "နည်း" အစား"နဲ"လို့ ရေးခဲ့ဖူးပါသတဲ့။ ရေးရုံမဟုတ်။ ဆရာတော်ဘုရားကြီးက စကားကြီးခန့်ဖို့ထက် ပြောနေကျ မြန်မာစကားပြောပြီး ဖတ်သူနာသူရဲ့ အသိဉာဏ်ထဲ တန်းခနဲ၊ စိုက်ခနဲ ဝင်သွားတာကို လိုလားပါသတဲ့။ ရပ်သံရွာသံနဲ့ စာသံပေသံကြား ပြဿနာကို ဆရာက လင်းခနဲနေအောင် မီးမောင်းထိုးပြသွားခဲ့တာပါ။ ပြီးတော့ ရေးထုံးစာလုံးပေါင်းတွေ ပြောင်းနေတာ မလွဲမရှောင်သာ ဓမ္မတာ ဖြစ်တဲ့အကြောင်း။ ရေးထုံးဆရာတွေ စည်းကမ်းထားတားမြစ်ပေမယ့် မရခဲ့တဲ့အကြောင်း ရှင်းပြပါတယ်။ ဒါဖြင့် ဘာလုပ်မလဲ။ ဆရာက "ဘာလုပ်"လို့ အမိန့်မပေးပါဘူး။ စဉ်းစားဖို့ပဲ ဟောဒီလိုဆိုခဲ့ပါတယ်။

"ထိုနည်းတူစွာ ယခုတွင်ကျယ်နေသော ရပ်သံရွာသံရေးထုံးတို့ကိုလည်း စည်းကြီးကမ်းကြီးတင်းကျပ်စွာထား၍ တားမြစ်နိုင်မည်မဟုတ်။ နှာခေါင်းရှုံ့ကာ ကျောခိုင်းနေ၍လည်းမဖြစ်။ ရေလိုက်ငါးလိုက်ကြည့်ကာ သင့်လျော်သောစည်းကမ်းကလနားချ၍ အပျက်နေးအောင်၊ ပျက်လျှင်လည်း စည်းကမ်းနှင့်ပျက်အောင်လုပ်ဆောင်ကြရပေလိမ့်မည်'တဲ့။

ပြဿနာကို ဆရာမီးမောင်းထိုးပြခဲ့၊ အဖြေကို အဆိုပြုခဲ့ပေမယ့် ကိုယ်အပါအဝင် မြန်မာစာအသုံးပြုနေခဲ့သူတွေ လေးလေးနက်နက်ဆင်ခြင်ဖို့ ပျက်ကွက်ခဲ့ကြတယ် ထင်ပါတယ်။ အနက်စွဲနဲ့ အသံစွဲ တစ်နည်းအားဖြင့် စာသံပေသံနဲ့ ရပ်သံရွာသံမှာ အနက်စွဲ စာသံပေသံကိုပဲ ဖက်တွယ်နေမိခဲ့ကြတယ်လို့ မြင်ပါတယ်။ အဲဒီလို ဖက်တွယ်နေမိခဲ့ကြတာကြောင့် ပြည်သူတွေကြား တီးတိုးတီးတိုး သဖန်းပိုးဖြစ်ခဲ့တာရှိပါတယ်။ အထူးသဖြင့် "တစ်၊တ" ပြဿနာနဲ့"လည်း၊ လဲ" ပြဿနာပါ။ "တစ်၊ တ" ပြဿနာဆိုတာက တစ်ဦးတစ်ယောက် တစ်ခု စတဲ့အရေအတွက်တွေမှာ "တစ်" လို့ စာလုံးပေါင်းမလား၊ အသံထွက်တဲ့အတိုင်း "တ"လို့ စာလုံးပေါင်းမလားဆိုတဲ့ ပြဿနာပါ။ "လည်း၊ လဲ" ပြဿနာဆိုတာက လည်းဆိုတာ "သူလည်း ငါလည်း" ဆိုတဲ့ စာပုဒ်တွေမှာ "ညသတ်" နဲ့စာလုံးပေါင်းမလား၊ "နောက်ပစ်" နဲ့ စာလုံးပေါင်းမလားဆိုတဲ့ ပြဿနာပါ။

"တစ်၊ တ"ပြဿနာမှာ စဉ်းစားစရာ အများအပြားရှိပါတယ်။ "တစ်"လို့ စာလုံးပေါင်းချင်သူ အတွက်ရော၊ "တ" လို့စာလုံးပေါင်းချင်သူအတွက်ရော အထောက်အထား သာကေသက်သေတွေ ရှိပါတယ်။ ရှေးရှေးအတီတေကျောက်စာအရေးအသားတွေကြည့်ရင်လည်း "တစ်" ရေးတဲ့သူက ရေး၊ "တ" ရေးတဲ့သူကရေး တွေ့ရမှာပါ။ မျက်မှောက်ကာလ ပြောတာဆိုတာတွေ ကြည့်ပြန်ရင်လည်း ဂဏန်းတစ်ခုချင်း တစ်၊ နှစ်၊ သုံး၊ လေးလို့ ရေတွက်ရင် "တစ်" လို့ပဲ ပြောနေကျပဲဟာ။ တစ်ဦးတစ်ယောက် ရေးဖို့ဝန်လေးစရာ မရှိပါဘူး။ ဒီလိုပဲ တစ်ဖက်ကကျ ပြောစရာရှိပြန်ပါတယ်။ ပြောတဲ့အခါ "တဦး တယောက်" လို့ပြောနေကြပြီပဲ 'စ'သတ်ဖြုတ်လိုက်တော့ ဘာဖြစ်လဲ ပြန်ချေနိုင်တာပါပဲ။ ဒီထက် ဆန့်ချင်သေးရင် အိမ်နီးချင်း မလေးဘာသာစကားကို ကိုးကားနိုင်ပါသေးတယ်။ မလေးဘာသာစကားမှာက "တစ်"ကို satu(ဆာတူး) လို့စာလုံးပေါင်းပါ၊ ပြောပါတယ်။ ဒါပေမယ့် "တစ်ဦးတစ်ယောက်" လို့ပြောချင်ပြီဆိုရင် seorang (ဆအောရင်) လို့ "ဆာတူး" က "ဆ" ကို ပြောင်းသွားရော။ "ဆာတူးအောရင်" လို့ ဘယ်သူမှ ခေတ်နောက်ပြန်ဆွဲပြီး မပြောဘူး။ မရေးဘူး။ ဒါက နှစ်ဖက်လုံးမှာ ပြောစရာတွေရှိတာကို ပြောတာပါ။

အဲဒီလို နှစ်ဖက်ပြောကွက်ရှိနေတာကို အာဏာနဲ့ ပြဋ္ဌာန်းလိုက်တော့ အကျိုးဆက်မကောင်းပါဘူး။ ဒီလို ရေးကြဆိုလို့သာ ရေးရတယ်။ ကိုယ့်ဆန္ဒမပါတော့ စာရေးနေသူတွေ စိတ်လက်မအီမသာဖြစ်ရတာပါပဲ။ ပြန်မပြောနားမထောင်တွေလည်းရှိတာပေါ့။ မလွှဲသာမရှောင်သာမှ "တစ်" လို့ရေးပြီး လွှဲလို့ရှောင်လို့ရတဲ့ ကိုယ်ရေးကိုယ်တာ စာတွေမှာ "တ" ပဲ ရေးတာမျိုး အများအပြား ကြုံရဖူးပါတယ်။ "တစ်" လို့ရေးတာ ဘာမှမမှားပေမယ့် အာဏာနဲ့ ပြဋ္ဌာန်းလို့ကို လိုက်နာချင်စိတ် လျော့ပါးတဲ့ အဖြစ်မျိုးပါ။ "တစ်" စာလုံးပေါင်းအစ ဘယ်သူက ဆိုတဲ့ နောက်ခံဇာတ်လမ်းကလည်း ရှိနေတာကိုး။

နောက်တစ်ခါ "လည်း၊ လဲ" ပြဿနာမှာလည်း နောက်ကလိုက်လာတဲ့ အကျိုးဆက်က မသေးပါဘူး။ "သူလည်း ငါးလည်း"ဆိုရင် ညသတ်နဲ့ရေးပါလို့ အမှာထားလိုက်တာ၊ ပြဋ္ဌာန်းလိုက်တာ ဟုတ်ပါရဲ့။ ဒါပေမယ့် စာရိုက်စာစီသမားတွေက "လဲ" လို့ အသံထွက်ရင် "လည" သတ်" ချည်း အောက်မေ့ကုန်ကြရော။ "သူဘယ်သူလည်း" "ဘယ်သွားသလည်း"ဆိုပြီး မတော်တလျော် စာလုံးပေါင်းတွေ တွေ့ရတာ မကြာခဏပါ။ မိတ်ဆွေပြည်သူအများ သတိထားမိကြမှာပါ။

ကဲ ပြဿနာတော့ သိကြပြီ။ ပြဿနာအတွက် ဘယ်လို အဖြေရှာကြမလဲ။ ဆရာကြီးမင်းသုဝဏ်ကတော့ "သင့်လျော်သော စည်းကမ်းကလနားချ၍ အပျက်နှေးအောင်၊ ပျက်လျှင်လည်း စည်းကမ်းနှင့်ပျက်အောင် လုပ်ဆောင်ကြရပေလိမ့်မည်" လို့အမှာအထားပြုခဲ့ပါပြီ။ မြန်မာစာအဖွဲ့ ပညာရှင်တွေမှာ အဖြေရှိပြီးသား ဖြစ်ချင်ဖြစ်မှာပါ။ အခုဟာက မြန်မာစာအသုံးပြုသူတစ်ယောက်က ကိုယ့်ပြည်သူတွေနဲ့ကိုယ် အသုံးပြုသူအချင်းချင်း တိုင်ပင်ကြည့်တာပါ။

ဒီမှာ စဉ်းစားမိတာက ကျေးဇူးရှင် ဆရာကြီးဦးဆန်းထွန်းဆီက မကြာမကြာ ကြားရဖူးတဲ့ ဝါဒပါ။ ဆရာကြီးက မြန်မာစာအဖွဲ့မှာ အရေးပါတဲ့အခန်းက ပါခဲ့ဖူးတော့ မြန်မာစာအဖွဲ့ ပညာရှင်ကြီးများလည်း ကြားဖူးပြီးနေမှာပါ။ စာလုံးပေါင်းနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ အဓိပ္ပာယ်ဖွင့်ဆိုတာနဲ့ပတ်သက်လို့ဖြစ်ဖြစ် ဟိုလိုလည်း ဖြစ်နိုင်၊ ဒီလိုလည်းဖြစ်နိုင် ကြုံရတဲ့အခါ တစ်ခုတည်းကို ငှက်ရိုက်တုတ်စိုက် အသေလက်ခံတာ ဆရာအားမပေးပါဘူး။ နှစ်ခုလုံးမှာဖြစ်နိုင်ခြေရှိရင် နှစ်ချက်သင့်လို့ ဆရာကြီးမိန့်ပါတယ်။ နှစ်မျိုးလုံးဟာ သင့်လျော်မှန်ကန်နေတာပဲလို့ ဆရာဆိုချင်တာပါ။ ဆရာ့ဆီမှာ ပညာသင်ယူတဲ့ ကာလတစ်လျှောက်မှာ စိတ်မကျဉ်းမကျပ်မဖြစ်ရဖူးဘဲ လွတ်လပ်ပေါ့ပါးခဲ့ပါတယ်။

> "စာလုံးပေါင်းနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ အဓိပ္ပာယ်ဖွင့်ဆိုတာနဲ့ပတ်သက်လို့ဖြစ်ဖြစ် ဟိုလိုလည်းဖြစ်နိုင်၊ ဒီလိုလည်းဖြစ်နိုင် ကြုံရတဲ့အခါ တစ်ခုတည်းကို ငှက်ရိုက်တုတ်စိုက် အသေလက်ခံတာ ဆရာအားမပေး . . ."

ဒီနှစ်ချက်သင့်မှုဟာ မြန်မာစာအဖွဲ့အတွက် အသစ်အဆန်းလို့ မဆိုနိုင်ပါဘူး။ အခုထုတ်ဝေပြီးတဲ့ စာလုံးပေါင်းသတ်ပုံကျမ်းမှာ နှစ်ချက်သင့်ပြထားတဲ့ စာလုံးပေါင်း အနည်းအကျဉ်းပါပါတယ်။ အဲဒီထဲကတချို့ကိုကြည့်ပါ။ ပြထားတဲ့နှစ်မျိုးလုံး ရေးနိုင်သုံးနိုင်တယ်လို့ ဆိုပါတယ်။

**ကတောကမျောနဲ့ ကသောကမျော**

**တသွတ်သွတ်နဲ့ တစွတ်စွတ်**

**ထောက်ကြံ့ပင်နဲ့ ဖောက်ကြံ့ပင်**

**နာမည်နဲ့ နံမည်**

**ပိုးမြည်မြူးနဲ့ ပိုးရည်မြူး**

**ပိန်ညင်းငှက်နဲ့ တိန်ညင်းငှက်**

**ရာဇဝှာနီနဲ့ ရာဇဝေနီ**

ဒီလိုမူရှိတဲ့နောက်တော့ အများပြည်သူသုံးစကားသံတချို့ကို နှစ်ချက်သင့်ပြဖို့ ဝန်မလေးသင့်ဘူးလို့ သဘောရပါတယ်။ "တစ်" နဲ့ "တ" ကို နှစ်ချက်သင့်လုပ်လိုက်ရင် မဖြစ်ပေဘူးလား။ လုပ်လိုက်ရင် အများပြည်သူအတွက် လွယ်မသွားပေဘူးလား။ အသံသုံးမျိုးဖြာထွက်နိုင်တဲ့ ညသတ်စာလုံးပေါင်းတွေကိုရော။ တည်တည်ကြည်ကြည်မှာ မူရင်းသံအတိုင်းရှိပေမယ့် နည်းနည်းကျ နဲနဲ၊ ဖြည်းဖြည်းကျ ဖြေးဖြေး သုံးသံစာလုံးပေါင်းတစ်မျိုးတည်းကို သုံးသံခွဲဖတ်တတ်တယ် မဟုတ်လား။ ဒီလောက်တောင် ထွေပြားတော့ အသုံးပြုတဲ့သူတွေမှာ အခက်ကြုံရတတ်တာပေါ့။ အနက်စွဲနဲ့ရေးရေး၊ အသံစွဲနဲ့ရေးရေး နှစ်ချက်သင့်ရေးခွင့်ပြုလိုက်ရင် ပြည်သူတွေအတွက် ပိုလွယ်မသွားပေဘူးလား။

ဒီမှာ အထူးသဖြင့်ဗမာမဟုတ်တဲ့ တိုင်းရင်းသားပြည်သူတွေရဲ့အရေးကိုလည်း လေးလေးနက်နက် တွေးရပါမယ်။ အခုခေတ်က သက်ဦးဆံပိုင်ခေတ် မဟုတ်တော့။ ပြည်သူ့အစိုးရခေတ်။ပြည်ထောင်စုခေတ်။ ပြည်သူဆိုတာက ဗမာတွေသက်သက်မဟုတ်တော့။ တိုင်းရင်းသားမျိုးစုံပါတဲ့ ပြည်သူ။ ဗမာစာဆိုတာတောင် ဗမာစာမဟုတ်တော့။ မြန်မာစာလို့ ခေါ်နေကြပြီ။ ပြည်သူအားလုံး မြန်မာပညာရှင်တွေလို စာလုံးပေါင်းတစ်ဖက်ကမ်းခတ် တတ်ကျွမ်းရမယ်လို့ မျှော်လင့်ထားလို့ မရ။ မမျှော်လင့်စကောင်း။ မြန်မာလို ပြောဆိုဆက်သွယ်ဖို့တောင် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေ အနိုင်နိုင်အားထုတ်နေရရှာတာ။ စာလုံးပေါင်းမှန်မှန်နဲ့ ရေးသားဆက်သွယ်ဖို့ဆိုတာ ခမျာများတွက် ခက်လိုက်မယ့်ဖြစ်ခြင်း။ ကိုယ့်ညီနောင်တိုင်းရင်းသားတွေ စိတ်ဖိစီးမှုကင်းကင်းနဲ့ ရေးသားဆက်သွယ်နိုင်ခွင့်ရအောင် စာလုံးပေါင်းအရေးမှာ ဖြေလျှော့ပေးတန်တာပေးရင် တိုင်းရင်းသားပြည်သူအများ သာစုအကြိမ်ကြိမ်မခေါ်ပေဘူးလား။

ထပ်ပြီး အစီရင်ခံပါရစေ။ အခု မိတ်ဆွေပြည်သူများနဲ့ ဆွေးနွေးလိုက်တာဟာ ပြဿနာအစုံ မဟုတ်ပါဘူး။ တစ်စွန်းတစ်စ ပြဿနာအသေးအမွှားပဲရှိပါသေးတယ်။ ပင့်ရစ်ပြဿနာ၊ အသတ်ပြဿနာစသည်ဖြင့် ပြဿနာတွေက တစ်ပုံတစ်ခေါင်းရှိမှာပါ။ စာရေးတဲ့အခါ စာလုံးပေါင်း အခက်အခဲကို ကိုယ်တွေ့ကြုံနေရတဲ့ ပြည်သူအများက တာဝန်သိသိဝိုင်းဝန်းဖြည့်စွက်ပေးမှ ပိုပြည့်စုံပါလိမ့်မယ်။ ပြဿနာကိုသိရမှ မြန်မာစာအဖွဲ့ကြီးက အဖြေရှာပေးနိုင်ပါလိမ့်မယ်။ ပြည်သူအချင်းချင်းရဲ့အသံကို ကြားချင်ပါတယ်။

အဆိုပြုလိုက်တဲ့ နှစ်ချက်သင့်ဖြေရှင်းနည်းကိုလည်း တစ်ခုတည်းသော ဖြေရှင်းနည်းလို့ မယူဆပါဘူး။ ဒီထက်ကောင်းတဲ့နည်းတွေ မြန်မာစာအဖွဲ့ကြီးမှာလည်း ရှိနေနိုင်ပါတယ်။ မြန်မာစာအသုံးပြုနေတဲ့ ပြည်သူအများမှာလည်း ရှိနေနိုင်ပါတယ်။ ပြည်သူအများရဲ့ အကြံအား၊ ဉာဏ်အားဟာ ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအတွက်အထောက်အပံ့ဖြစ်မှာ သံသယပွားစရာမလိုပါဘူး။ ပြည်သူအချင်းချင်းရဲ့ အသံကို ကြားချင်ပါတယ်။

မြန်မာစာကို ပြည်ထောင်စုသားတိုင်း တပျော်တပါး အသုံးချနိုင်ဖို့ . . . .

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၆-၂၀၁၇ ဗုဒ္ဓဂယာခရီးစဉ်များ)

၈ ရက် / ၁၂ ရက် / ၁၄ ရက် / ၁၄ ရက် (ကိုယ်ကတ္တားပါ) — စရိ(၂)သိန်း + ဒေါ်လာ ၆၅၀ / ဒေါ်လာ ၇၅၀ / ဒေါ်လာ ၈၀၀ / ဒေါ်လာ ၈၅၀ — အမှန်အကန် စရိတ်ငြိမ်း

- ဒီဇင်ဘာ ၂၈ ။ ဖေဖော်ဝါရီ ၁ ၊ ၁၅ ။ မတ် ၁ ။ ဧပြီ ၁၂ ။
- အောက်တိုဘာ ၁၇ ၊ ၂၆ ၊ ၃၁ ။ နိုဝင်ဘာ ၅ ၊ ၁၄ ၊ ၂၃ ၊ ၂၈ ။ ဒီဇင်ဘာ ၁၂ ၊ ၂၄ ။ ဇန်နဝါရီ ၉ ၊ ၂၅။ ဖေဖော်ဝါရီ ၄ ၊ ၆ ၊ ၁၁ ၊ ၂၀ ၊ ၂၅ ။ မတ် ၆ ၊ ၁၅ ၊ ၁၈ ၊ ၂၂ ။
- အောက်တိုဘာ ၁၂ ။ နိုဝင်ဘာ ၃၀ (တရားစခန်း(၅)ရက် + ၁၂ ရက်ဈေးနှုန်း) ။ ဇန်နဝါရီ ၁၈ ။ ဖေဖော်ဝါရီ ၁၅ ။ မတ်၁ ။ ဧပြီ ၁၂။
- အောက်တိုဘာ ၁၇ ၊ ၃၁ ။ နိုဝင်ဘာ ၅ ၊ ၁၄ ၊ ၁၉ ၊ ၂၆ ၊ ၂၈ ။ ဒီဇင်ဘာ ၃ ၊ ၁၂ ၊ ၁၇ ၊ ၂၆ ။ ဇန်နဝါရီ ၉ ၊ ၁၄ ၊ ၂၃ ၊ ၂၈။ ဖေဖော်ဝါရီ ၆ ၊ ၁၁ ၊ ၂၀ ၊ ၂၅ ။ မတ် ၄ ၊ ၆ ၊ ၁၁ ၊ ၂၀ ၊ ၂၅ ။ ဧပြီ ၃ ၊ ၈ ။

စရိငွေချေ / ဦးရာလူစနစ်

Air Bus လေယာဉ်ကြီးများဖြင့်သာ | လိုင်စင်အမှတ် ၁၈-၀၂၈၂ | သိရှိသို့လိုက်ရန်မလို | Website : www.khinnandartravel.com | Email: khinnandartravels@gmail.com

ကွန်ဒို (E)၊ မြေညီထပ် ၊ ကမ္ဘာအေးဗိလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃ ၊ ၀၉-၅၆၀၀၄၄၄

(၁၀) တန်း (ဂုဏ်ထူးအဆင့်) မေးခွန်းဟောင်းများ နှင့် စံပြုအဖြေများ၊ ၂၀၀၂ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ





ပညာစိမ်းရောင်
ပညာချွန်
စာအုပ်တိုက်
Ph: 01 253 143, 01 9190 402
09 513 6746

**CALIFORNIA UNITEC**
Institute of Engineering

Edinburgh Napier
UNIVERSITY

edexcel
Approved Centre No. 93845



**BTEC HND Higher National Diploma in Civil Engineering and B.E (Hons) Civil Engineering**

- ကမ္ဘာ့အဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်ကာပူ၊ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့ လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်းအောင်၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma → B.E (Hons) Civil Engineering (Edinburgh Napier University – UK )



Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

M.E.S Affiliated Centre

**CHINDWIN COLLEGE**
*helping you engineer your future*

PEARSON
BTEC



## တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bachelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
ဩဂုတ်လ မကုန်မီ စာရင်းပေးသွင်းလျှင် ၂၀ % လျှော့ပါမယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါလ်တိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥဂ္ဂာအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

## ကြော်ငြာ


### "စိုင်းခွန်နောင်" ကုမ္ပဏီ

အိမ်ခြံမြေနှင့် ဥပဒေအကြံပေးလုပ်ငန်း (သုဝဏ္ဏရုံး)

ဝယ်/ငှား သင့်သောနေရာကောင်းများ (ပွဲစားမလို)

| | | | |
|---|---|---|---|
| •အလုံ၊ River View Point Condo | (1980sqft) | Lift | 3200L |
| •ကမာရွတ်၊ Diamond Condo | (1800sqft) | Lift | 3100L |
| •Grand ဆရာစံကွန်ဒို | (1560sqft) | Lift | 2800L |
| •တ/ဥ၊သုမင်္ဂလာလမ်းမ၊H-17 | (18×54) | မြေညီ | 2500L |
| •သုဝဏ္ဏ၊သံသုမာလမ်းမ | (18×50) | မြေညီ | 2300L |
| •East Point Condo၊ပြင်ပြီး | (1575sqft) | Lift | 2300L |
| •သဃင်္ကန်း၊မလိခကွန်ဒို၊ပြင်ပြီး | (900sqft) | Lift | 1750L |
| •ရကသ၊သစ္စာရိပ်သာကွန်ဒို | (1350sqft) | Lift | 1700L |
| •ကမာကြည်လမ်းမ၊ပြင်ပြီး | (18×55) | 2F | 750L |
| •ရကသ၊ကျောက်ကုန်း၊ပြင်ပြီး | (1980sqft) | Lift | US2000 |
| •တက္ကသိုလ်ရိပ်သာလမ်း၊ပြင်ပြီး | (1300sqft) | - | US700 |
| •ကမ္ဘာအေးComplex၊ပြင်ပြီး | (1600sqft) | Lift | 20L |
| •ဓမ္မစေတီလမ်း၊ပြင်ပြီး | (1420sqft) | Lift | 12L |
| •သဃင်္ကန်း၊မလိခကွန်ဒို၊ပြင်ပြီး | (900sqft) | Lift | 12L |
| •ဒဂုံ၊နဝဒေးလမ်း၊ပြင်ပြီး၊F.F | (1200sqft) | 1F | 11.5L |


Ph:01-233 1172, 01-233 1173, 01-233 1174
:09 730 29696, 09 3160 8880, 09 3333 9945



### မိသားစု အိမ်ခြံမြေ မှ ရောင်းမည်

| | | | |
|---|---|---|---|
| 1.သဃင်္ကန်းရတနာလမ်းမအနီး | (0.587ဧက) | မြေ | 1Sqft-1L |
| 2.Market Placeနံ(မွှေတောင်ကြား) | (60×95) | RC2 | 16000L |
| 3.ဘောက်ထော်(နေရာကောင်း) | (8000Sqft) | မြေ | 15000L |
| 4.အင်းယားလမ်း(သင်္ဃဇီကန်အနီး) | (38×76) | မြေ | 13500L |
| 5.အင်းယားလမ်း၊ကမရ | (45×60) | BN2 | 10500L |
| 6.ကုန်းမြင့်ရိပ်သာ၊မရက | (4500Sqft) | မြေ | 10500L |
| 7.ပြည်လမ်းအနီး(၇မိုင်) | (40×80) | RC1 | 9800L |
| 8.သီရိဂုဏ်အိမ်ရာ၊သဃက | (60×60) | RC2 | 7800L |
| 9.ဝေဇယန္တာလမ်းမကျောက်ကုန်း | (40×60) | မြေ | 4300L |
| 10.အင်းစိန်(ကြို့ကုန်း) | (70×50) | RC1 | 3290L |
| 11.အောက်ပြည်သာယာလမ်းမအနီး | (60×50) | RC2 | 3200L |
| 12.ဖြူဟ္မဘိုရိလမ်းမ၊တ/ဥ | (20×60) | မြေ | 2500L |
| 13.(၃၄)ရပ်ကွက်မ/ဒဂုံ | (40×60) | မြေ | 1700L |
| 14.ဦးဘဝင်းလမ်းမ/ဒဂုံ | (40×60) | မြေ | 850L |

☎ - 0973054542, 0973494343, 0973161672


FAME
**Honokiol**
For Chronic Hepatitis
အသည်းရောဂါပြည့်ဆေး
TMR 013025 (01 16)
၂/၂၀၁၅ တာဆ၁ (တို) ဝင်၂၂
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Luteolin**
For Chronic Hepatitis
ဓမ္မဖြူဆေး
TMR 013020 (01 16)
၂/၂၀၁၅ တာဆ၁ (တို) ဝင်၂၂
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



မင်္ဂလာပါ
Box ကားမျိုးစုံဖြင့်
09-450042704
09-250095116
09-420086296








MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


နာချင်ရာ နာစမ်း . . .
TIGER BALM®
WORKS WHEREVER IT HURTS.
TIGER BALM®
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
Myanmar Reg No. 1809AA6235
Myanmar Reg No. 1809AA6236
Myanmar Reg No. R1808AA643
Tiger Balm (Red) သည်
Tiger Balm (White) သည်
Tiger Balm (Liniment) သည်
DKSH
N0.013, Thitsar Road, Yankin Township, Yangon, Myanmar.
Tel : (951)565 253, 565 269, 565 270

# အရေးပေါ်အမိုးမိုးရမည့် စေတီ ၄၀ ကျော်အနက် ၁၁ ဆူ အမိုးမိုးပြီး

**ညောင်ဦး ဩဂုတ် ၂၉**

ဩဂုတ် ၂၄ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှားခဲ့ခြင်းကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုးစေတီပေါင်း ၃၈၇ ဆူအထိ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါဘုရား ပုထိုးစေတီများ မူလလက်ရာမပျက် ပြင်ဆင်နိုင်ရေးအတွက် စက်တင်ဘာလ ပထမပတ်တွင် သင်တန်းပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် ငလျင်ဒဏ်သင့်ခဲ့သည့် စေတီပုထိုး ၃၈၇ ဆူရှိသည့်အနက် အရေးပေါ်အမိုးမိုးရမည့် ဘုရား ပုထိုးစေတီပေါင်း ၄၀ ကျော်ရှိပြီး ယနေ့တွင် စူဠာမဏိဘုရား၊ ပြဿဒ်ကြီးဘုရားအပါအဝင် ဘုရားပုထိုးစေတီ ၁၁ ဆူခန့်ကို မိုးဒဏ်ခံနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့်စေတီများမှာ ငြမ်းဆင်နေဆဲ ဖြစ်ကြောင်းနှင့် လမ်းဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့က ဦးစီးဆောင်ရွက်နေခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

"သင်တန်းပို့ချမှုတွေကိုတော့ စက်တင်ဘာလပထမပတ်ထဲမှာ ယူနက်စကိုနဲ့ ရှေးဟောင်းသုတေသနအဖွဲ့တွေ ပူးပေါင်းပြီး သင်တန်းပေးသွားမှာပါ။ အဲဒီသင်တန်းပြီးရင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍**



# ချင်းတွင်းမြစ်ရေ ရုတ်တရက်အရောင်ပြောင်းခြင်းသည် နန့်စကားချောင်းအတွင်း မိုးများ၍ တောင်ပြိုခြင်းကြောင့်ဟု သိရ



**မုံရွာ ဩဂုတ် ၂၉**

ဩဂုတ် ၂၂ ရက်က ခန္တီးမြို့တွင် ချင်းတွင်းမြစ်ရေ အနက်ရောင်ပြောင်းလဲသွားမှုကို ဒေသခံများ စိုးရိမ်နေသလို ၂၄ ရက်တွင် ဟုမ္မလင်းဒေသခံများ မြင်တွေ့၍ စိုးရိမ်နေမှုများမှာ ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသွန်းမှု ယခင်ကထက် များခဲ့သောကြောင့် ခန္တီးမြို့အထက်ပိုင်း လဟယ်အစပ်တွင်ရှိသော နန့်စကားချောင်း တစ်လျှောက် တောင်များပြို၍ မြေအနက်ရောင်များ ရေနှင့်အတူ ချင်းတွင်းမြစ်ထဲ စီးဆင်းလာသည့်အတွက် မြစ်ရေ မည်းနက်နေခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးဇင်မောင်ထံမှ သိရသည်။

"ခန္တီးအထက်ပိုင်းက နန့်စကားချောင်းဘေးက တောင်ပြိုပြီး မြစ်ရေမည်းတာပါ။ မိုးကလည်း အခါတိုင်းထက်ပိုများတော့ တောင်ပြိုပြီး မြေမည်းတွေ မြစ်ထဲစီးလာတာ ဖြစ်ပါတယ်။ နန့်စကားချောင်းဆိုတာ လဟယ်အစပ်မှာရှိတဲ့ ချောင်းဖြစ်ပြီး တောင်စဉ်တောင်တန်းတွေကြားက ချောင်းပါ။ ခန္တီးမှာ ၂၂ ရက် မနက်ပိုင်းက မြစ်ရေ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

# ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ဩဂုတ် ၃၁ ရက်နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား (News Channel)နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့နံနက် ၉ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အာရှ U-16 အမျိုးသမီး ခြေစစ်ပွဲတွင် မြန်မာအသင်း နိုင်ပွဲစတင်ရရှိ

စာမျက်နှာ - ၁၀



# အထူးသတင်းကောင်းပါးအပ်ပါသည်



Blue Skies ကုမ္ပဏီလီမိတက် နှင့် သစ်ရွှေစင် ကုမ္ပဏီလီမိတက်တို့ မှ ပူးပေါင်း၍
(ရန်ကုန် – ဂယာ – ရန်ကုန်) တိုက်ရိုက် ခရီးစဉ်ကြီးအား
လာမည့်အောက်တိုဘာလမှစတင်၍ မြန်မာအမျိုးသားလေကြောင်းလိုင်း
(Myanmar National AirLines)
(MNA) မှ လေယာဉ်အသစ်ကြီးများဖြင့် Charter Flight များပြေးဆွဲပျံသန်းမည်ဖြစ်ကြောင်း
အထူးသတင်းကောင်းပါးအပ်ပါသည်။


အသေးစိတ်ဆက်သွယ်စုံစမ်းလိုပါက

Ph : 01 -245546, 01 -296502, 09 77 88 222 34, 09 77 88 222 43,
09 79 33 55 425, 09 458115522, 09 458115511



CROWN EDUCATION
Award Winning Company

## Game Design လက်တွေ့ဖန်တီးပြုလုပ်ပုံများနှင့် Gaming, Animation Business Industry အကြောင်းဆွေးနွေးပွဲ



- ပြည်တွင်းပြည်ပ Gaming & Animation Business Industry အလားအလာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ
- အနုပညာနှင့်နည်းပညာပေါင်းစပ်၍ 3D Game အား(၁)နာရီအတွင်း ရေးဆွဲပုံအား လက်တွေ့ရှင်းလင်းပြသမည့် အစီအစဉ်
- ဂိမ်းနှင့်ကာတွန်းဖန်တီးရေးဆွဲရန်လိုအပ်သောကျွမ်းကျင်မှုများ
- ပြီးပြည့်စုံသော ဂိမ်းနှင့်ကာတွန်း ဖန်တီးရန် အရုပ်၊အသံ၊ကာလာ၊ရွေ့လျားမှုစသော ညီညွတ်မျှတမှုအရည်အသွေးများ
- အသက်အရွယ်နှင့်စိတ်ခံစားမှုကို ပိုင်းခြား၍ ဂိမ်းနှင့်ကာတွန်း ဇာတ်ကောင်များ ဖန်တီးရွေးချယ်ခြင်း

MOGES
Institute of Excellence

Speaker Profile :
U NANDA YE AUNG
Head of Department, Game Design

20% OFF + FREE

3 Sep 2016
10:00 am - 12:00 noon
CROWN Edu: Center

Call Us : 01 527 838, 09 450 200 040, 09 732 732 77



ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ စစ်တွေ၊ မောင်းတော၊ တောင်ကြီး၊ လားရှိုး၊ ဟားခါး ဒေသများတွင်တာဝန်ထမ်းဆောင်ရန် လုံခြုံရေးဝန်ထမ်းအမြန်အလိုရှိသည်။

| | | |
|---|---|---|
| ကြီးကြပ်ရေးမှူး (ကျား) | (၂၀၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ် |
| လုံခြုံရေးဝန်ထမ်း (ကျား) | (၁၅၀,၀၀၀) ကျပ် + (၃၀,၀၀၀) ကျပ် |

*အသက် ၂၀ နှစ် နှင့် ၄၅ နှစ်ကြား ၊ အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်

Phaung Phaung Services Ph : 09 - 7320 7848, 09 - 508 797 1, 09 - 45 508 7971, Email : phaungphaung.vacancy@gmail.com



"သင်တန်းဟူသည် ထိပ်တန်းတစ်နေရာသို့ တက်ရာတွင် မရှိမဖြစ်လှေကားတစ်ခုဖြစ်သည်။"

ALL Trainings Are Essenential For Your Success
Vehicle Driving & Maintenance Training

၂၀၁၆ ခု၊ အပါတ်စဉ်(၄၂)၊ စက်တင်ဘာလ (၃)ရက်နေ့ဖွင့်မြီ

# ရောင်နီဦး
## AURORA

ယာဉ်မောင်း စက်ပြင်သင်တန်းကျောင်း

အမှတ် ၁၄၊ ဇမ္ဗူမာလမ်း၊ (၅)ရပ်ကွက်၊ (ရုပ်ရှင်ရုံနောက်ကျော)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Ph-09-73235126, 09-43163080, 09-43170116

သင်တန်းခွဲ -အမှတ် ၅၂၈ အနော်ရထာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

Ph-09-43187831, 09-420317778



နှင့်သင့်ရှင့်မြဲမြဲ ... ဖန်တီးထားသည်

RAINBOW®
DETERGENT CREAM
プレミアム虹洗剤

ရိန်ဘိုးဆပ်ပြာရေခဲ(မ်) တစ်ပုံး(သို့)တစ်ဘူး ဝယ်ယူသူတိုင်းဓရစ အား သင့်ပြည်သူများအတွက်
(၁၈ကျပ်) လျှော့ခြင်းဖြင့်ကူညီလိုက်ပြီးဖြစ်ပါသည်။



MCE MYANMAR CONSUMER ENTERPRISE LTD. Tel : 01 450680, 09 86 24832

